ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု
ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်
ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ တေဇနိယ
မဟာထေရ်မြတ် ၏

# အံ့ဖွယ်ကိုးရက် ထေရ်ကုံလုံ



၉၁

- ၁၂၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄-ရက်၊ စနေနေ့၊ ညနေ (၆)နာရီအချိန် ဖွားမြင်တော်မူသည်

တာဝန်ခံစီစဉ်ပူဇော်သူ -
ဦးအောင်မြင့်ထွန်း (B.Ag)
ဦးမြင့်အောင် (B.E.Mech)
ဖုန်း - ၀၉-၈၅-၅၀၈၁၉

ဓမ္မဒါန
(ဒုတိယတွဲ)

တည်းဖြတ်သူ -
တကောင်းဆရာတော်
နန်းတော်ရှေ့ဘဒ္ဒန္တပဓာ
ဖုန်း - ၀၉-၂၁၇၃၄၀၆



အောင်သိဒ္ဓိမင်္ဂလာ ဆုတောင်းပြည့်
ရွှေဘုန်းပွင့်စေတီတော်မြတ်
ငွေဘုန်းပွင့်စေတီတော်မြတ်
ပြည်တော်အေးစေတီတော်မြတ်ကြီး
ကုံလုံ ဆရာတော်ကြီး ၏

သာသနာ့ဗိမာန်ဂတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ဆွေမေသနစာကြည့်တိုက်သို့
ဦးမောင်မောင်ထွန်း... မှ လှူဒါန်းပါသည်။




# သာသနာပြု ပုထိုးတော်တင်းစေတီပုံများ

# အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ (ဒုတိယတွဲ)

## ရာပြည့်အလွှမ်း ကန်တော့ပန်း

ကုံလုံမည်ရှိ၊ ထေရ်ကဝိ၏၊
ရာပြည့်အလွမ်း၊ စာမှာတမ်းကား၊
ရဟန်းရှင်လူ၊ များပြည်သူတို့၊
ကြည်ဖြူရွှင်လန်း၊ ကန်တော့ပန်းမို့၊
အလွမ်းပြေကြ ပါစေသောဝ်။ ။

ကုံလုံဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီး ငါးနှစ်အကြာတွင် ရာပြည့်အထိမ်းအမှတ် ပူဇော်ထုတ်ဝေသည်။

| | | |
|---|---|---|
| သာသနာ | - | ၂၅၅၂ ခုနှစ်၊ |
| ကောဇာ | - | ၁၃၇၀ ပြည့်နှစ်၊ |
| | | ပြာသိုလပြည့်နေ့၊ |
| ခရစ် | - | ၁၀ - ၁ - ၂၀၀၉ ခုနှစ်၊ စနေနေ့။ |

## ကုံလုံတရား စိတ်သန့်ယုံ နိဗ္ဗာန်ရွှေဘုံ သွားကြစို့

သီလရန့်၊ ညှင်းညှင်းသန့်လျှက်၊
သင်းပျံ့မွှေးထုံ၊ ထေရ်ကုံလုံ၏၊
စုံလင်ဟောကြား၊ မြတ်တရားကို၊
မှတ်သားနာယူ၊ ဖတ်ကြားသူတို့၊
နိဗ္ဗူအမတ ရစေသော်။

(၂)  ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

# ပုံနှိပ်မှတ်တမ်း


ကျေးရူးရှင် ကုံလုံဆရာတော်ဘုရားကြီး၏ ကြိုတင် ခွင့်ပြုခဲ့ ချက်အရ ဒါယကာ. ဒါယိကာမများအတွက်သာ ဓမ္မဒါန ကန့်သတ်ထုတ်ဝေသည်။

| | | |
|---|---|---|
| အကြိမ်၊ အရေအတွက် | - | ပထမအကြိမ်၊ ၁၀၀၀ |
| ခုနှစ်၊ လ | - | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |
| မြန်မာမှုဗိသုကာပညာရှင် | - | ဆရာကြီးဦးဝင်းမောင်၊ တမ္ဗဝတီ။ |
| အတွင်းစာသားဖလင် | - | ကိုတင်လှ၊ မန္တလေး။ |
| အတွင်းအပြင်အဆင် | - | ကိုရန်လင်းနိုင်၊ F.M.I Co. Ltd၊ ရန်ကုန်။ |
| ဒီဂျစ်တယ်ဂရပ်ဖစ်ဒီဇိုင်း | - | စည်သူကွန်ပျူတာ<br>၃၆ - လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေး။ |
| ကွန်ပျူတာစာစီ နှင့် မိတ္တူ | - | စည်သူကွန်ပျူတာ<br>၃၆ - လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေး။ |
| စာအုပ်ချုပ် | - | ဦးညီညီ၊ ငြိမ်းချမ်းရေးမိသားစု၊<br>၈၂ × ၃၄ - လမ်း၊ မန္တလေး။ |
| စိစစ်ပုံနှိပ်ထုတ်ဝေသူ | - | ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)<br>(၁) အမှတ်(၁၀၀) အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း (၁၁၂၀၁) ရန်ကုန်မြို့ ဖုန်း ၀၉ - ၈၅၅၀၈၁၉။<br>(၂) အမှတ်(၅/၃)၊ မြနန္ဒာလမ်း၊ ၂၆ × ၂၇၊ ၆၂ × ၆၃လမ်းကြား၊ အောင်တော်မူ၊ မန္တလေးမြို့။ |

**ရာပြည့်အထိမ်းအမှတ် (ဒုတိယတွဲ) ဓမ္မဒါနဖြစ်ပေသည်**

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူဟူသမျှတွင် ဓမ္မဒါန အလှူသည် အမြတ်ဆုံး . အသာဆုံး ဖြစ်၏

သို့

______________________________

______________________________

______________________________

နိဗ္ဗာန်စိတ်သန် အဓိဋ္ဌာန်ဖြင့် စိတ်ကြံ့ရည်မျှော်

ပူဇော်လှူဒါန်းကာ မေတ္တာ လက်ဆောင်မွန် ပေးပို့ပါသည်။

မှ

______________________________

______________________________

______________________________

တရားအလှူ များကြည်ဖြူ နိဗ္ဗူအမတ ရပါစေ။

ကုံလုံထေရ ကြည့်ရှုမ ကုံလုံကြွယ်ဝကြပါစေ။

ရာပြည့်အထိမ်းအမှတ် (ဒုတိယတွဲ) ဓမ္မဒါန ဖြန့်ဝေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်

သာသနာတော်နှစ် ၂၅၄၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက် (၂၀၀၁-ခုနှစ်၊ မတ်လ ၆ ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ကျင်းပသောပဥ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ၀န်ဆောင်အဖွဲ့၊ ပထမ အစည်းအဝေးပွဲကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အား ရွေးချယ်တော်မူချက်အရ. ရှမ်း. . ပြည်နယ်/တိုင်း. ပင်းတယ. မြို့နယ် . . . . တမဲ. . . . ရပ်ကွက်/ကျေးရွာ. . . . . ကုံလုံ. . . . . ကျောင်းတိုက်ခွဲ သီတင်းသုံးတော်မူသော သက်တော် ( ၉၄ )နှစ်၊ သိက္ခာတော် ( ၇၄ ) ဝါ ဆရာတော် ဘဒ္ဒန္တတေဇနိယ . . . . . . အား နိုင်ငံတော် ဩဝါဒါစရိယ လက်မှတ်ကို ဆက်ကပ်ပါသည်။

| ဘဒ္ဒန္တသောဘိတ | ဘဒ္ဒန္တကုမာရ |
|---|---|
| အဘိဓဇ မဟာရဋ္ဌဂုရု | အဘိဓဇ မဟာရဋ္ဌဂုရု |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက |
| ဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း -၁၃ ရက်။
၂၀၀၁-ခုနှစ်၊ မတ်လ ၆ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

(သာသနာ့ပြုအဆင့်ဘွဲ့)

ဝိသိဋ္ဌဗုဒ္ဓသာသနဝုမ္မိကရဂုဏ်၊ ဝိသိဋ္ဌဗုဒ္ဓသာသနဟိတဓရဂုဏ်၊
ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ ဝိသိဋ္ဌမဟာနာယကဂုဏ်၊
ဝိသိဋ္ဌသီလသမာဓိပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူသော
ရှမ်းပြည်နယ်၊ ပင်းတယမြို့၊ ဂန္ဓာရုံတောင်ကျောင်းတိုက်

## ကံ့လုံဆရာတော်ဘဒ္ဒန္တတေဇနိယ

အရှင်မြတ်အား သာသနာတော်နှစ် ၂၅၃၅၊ ကောဇာ
သက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်
(၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ ၂၁-ရက်) ကြာသပတေးနေ့တွင်

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် သက်သေခံလက်မှတ်




မီးရထားလက်မှတ် မိတ္တူ။



# ကုံလုံဆရာတော်ကြီး ၏ ဩဝါဒကထာ (၁)

လောဘပယ် - ဒေါသကွယ်၊

မောဟပြယ် - သစ္စာလွယ်၊

ခန္တီသည်သာ - မူလပဓာန။

အမိုက်ကင်း - အလင်းရောက်၊

အရှုပ်ကင်း - အရှင်းရောက်၊

အပူကင်း - အအေးရောက်၊

အေးအေးနေ - သမ္ဗုဒ္ဓေ။

တရားဆိုတာ - လုယူ လို့မရ,

တောင်းယူ လို့မရ၊

ကျက်ရုံ , နာရုံ, မှတ်သားရုံနဲ့လည်း မပြီးသေးဘူး။

မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှသာ

တရားစစ်ကို ရမှာပါ။

မေတ္တာသည်သာ အဓိက။

# ကံလုံဆရာတော်ကြီး ၏ ဩဝါဒကထာ (၂)

- ကုသိုလ်ကောင်းမှု၊ ကိုယ်တိုင်ပြု၊
  ကိုယ်ပြုကိုယ်စံသည်။
- အကုသိုလ်မှု၊ ကိုယ်တိုင်ပြု၊
  ကိုယ်ပြုကိုယ်ခံသည်။
- အခြားတစ်ယောက်က၊ ကူညီမျှ၊ ခံရမရှိပြီ။
- မကောင်းမှုဆိုတာ၊ ဆိတ်ကွယ်ရာ၊
  ဘယ်မှာမရှိပြီ။
- လူမမြင်သာ၊ နတ်ပြဗ္ဗာ၊
  သေချာမြင်သိသည်။
- ကံတရားမှာ၊ များသတ္တာ၊
  မျက်နှာမလိုက်ပြီ။
- ကမ္မသတ္တိ၊ ဆန်းကြယ်ဘိ၍၊ မုနိ အရှင်၊
  ကုန်အစင်၊ သိမြင်နိုင်ပါသည်။
- ကွယ်လွန်သောအခါ၊ ကိုယ်တည်းသာ၊
  ခေါ်ရာလိုက်ရသည်။
- မကောင်းလျှင်ခံ၊ ကောင်းလျှင်စံ၊
  ထုံးစံမွေတာ မှတ်ရမည်။

ကမ္မဝိပါကော = ကံအကျိုးပေးသည်မကြံစည်နိုင်လောက်အောင်
အစိန္တိယော ဆန်းကြယ်၏။



သက်တော် (၉၆)နှစ် ၊ သိက္ခာတော် (၇၆)ဝါ
သယန ဒသကအစွယ်၊ ကုံလုံဆရာတော်ကြီး

# ကံ့လုံ့ဆရာတော်ကြီး ၏ ဩဝါဒကထာ (၃)

❁ လော. ဒေါ. မော. ပြယ်၊ သစ္စာလွယ်၊
သိဖွယ် မူလ – ခန္တီသာ ပဓာန။

❁ ကိလေတစ်သင်း၊ အမိုက်ကင်း၊
အလင်း ရောက်မည်ပ။

❁ ကိလေတစ်သင်း၊ အရှုပ်ကင်း၊
အရှင်း ရောက်မည်ပ။

❁ ကိလေတစ်သင်း၊ အနှောက်ကင်း၊
စိတ်တွင်း ကြည်မည်ပ။

❁ ကိလေတစ်သင်း၊ အပူကင်း၊
အေးခြင်း အေးလေစွ။

❁ မိုက်. ရှုပ်. နှောက်သူ၊ ဆယ်မျိုးပူ၊
အပူငြိမ်းမှ တရားရ။

❁ သီဝ. အမတံ၊ နန်းနိဗ္ဗာန်၊ ခေမံ ရောက်ပြီဗျ။

# ကုံလုံဆရာတော်ကြီး ၏ ဩဝါဒကထာ (၄)

- လု ယူမရ၊ မြတ်ဓမ္မ၊ ကျင့်ကြ ကိုယ်တိုင်သာ။
- တောင်း ယူမရ၊ မြတ်ဓမ္မ၊ ကျင့်ကြ ကိုယ်တိုင်သာ။
- ကျက်ရုံ့ နာရုံ၊ မှတ်သားရုံ၊ သိရုံ မပြီးပါ။
- ရုပ်နာမ် နှစ်သင်း၊ ဖြစ်ပျက်ခြင်း၊

  ထင်လင်းသေချာ ရှုပွားပါ။
- ခန္ဓာကိုယ်က တရားပြ၊ ရအောင် ယူကြပျာ။
- ခရှုခငြိမ်း၊ တရားကိန်း၊ ဇာတ်သိမ်း နိဗ္ဗူတာ။
- ခန္ဓာ ရထား၊ ဆီကုန်ငြား၊ အသွား ရပ်ပြီပျာ။
- ရှုကြပွားကြ၊ စောင့်ထိန်းကြ၊ လှူကြ မြန်မြန်ပျာ။
- ဘာဝနာ, သီလ၊ လှူဒါန၊ ဗုဒ္ဓ လမ်းစဉ်သာ။

## ကုံလုံဆရာတော်ဘုရားကြီး ၏
## နောက်ဆုံးဩဝါဒ

ငါ့မှာ , ဘယ်နေ့ , ဘယ်ရက်
နာရီ , မိနစ် , စက္ကန့်ပိုင်း လိုက်မသိနိုင်၊
ခန္ဓာကိုယ် ပေါ့ပါးပြီး
အလင်းဓာတ်တွေရှိ ရပါတယ်။
နိဗ္ဗာန်ကို
အာရုံပြု နေပါတယ်။
နောက်ပိုင်း လက်ရှိ သာသနာကို
ဝိုင်းဝန်း ကြည့်ရှု စောင့်ရှောက်ကြဖို့နှင့်
တစ်ညီ တစ်ညွတ်တည်း
စည်းစည်းလုံးလုံး နေထိုင်သွားကြ . . .။

မှတ်ချက်။ ။၉.၂.၂၀၀၄ ၊ တနင်္လာနေ့တွင် ရှာပနကော်မတီမှ
ဖြန့်ဝေသော လက်ကမ်းစာစောင်မှ ကူးယူဖော်ပြပါသည်။

# အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ (ဒုတိယတွဲ)

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ❁ | | **ကုံလုံကျောင်းတိုက် နာယကဆရာတော်၏ အမှာစာ** | |
| | | (ဘဒ္ဒန္တ ကောဝိဒ) | ၁၉ |
| ❁ | | **ရာပြည့်ချိန်ခါ ကုံလုံဆရာ (တော်)ကြွရောက်လိုလာ** | |
| | | (စုစည်းစီစဉ် ပူဇော်သူ) | ၂၂ |
| ၁။ | (က) | အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ (တကောင်းဆရာတော်) | ၂၆ |
| | (ခ) | ထေရ်မြတ်ကုံလုံ နဝဂုဏ် (တကောင်းဆရာတော်) | ၂၈ |
| ၂။ | (က) | ဒုက္ခမီးပုံကြီး အပြီးတိုင် ငြိမ်းပါစေ(မင်္ဂလာဗိမာန်ဆရာတော်) | ၂၉ |
| | (ခ) | ရာပြည့်သက်တမ်း အလွမ်းဖြေရာ မြတ်ပူဇာ (တကောင်းဆရာတော်) | ၃၃ |
| ၃။ | | သူ့စေတနာ အဖြေရှာ၊ မနေသာ၍ ဖွင့်ဟရသော် - (တကောင်းဆရာတော်) | ၃၅ |
| ❁ | | **ထေရုပ္ပတ္တိအကျဉ်း နှင့် နေ့စဉ် ရွတ်ပွားသည့်ဂါထာတော်** | |
| ၁။ | | ဒသက ဆယ်ပါး ဘာဝနာပွား | ၃၇ |
| (၁) | | ဖွားမြင်တော်မူခြင်း - မန္ဒ ဒသကအရွယ် | ၃၇ |
| | (က) | မူလမဟာတိုင်၊ မူလရာသီဇာတာ၊ နဝင်းဇာတာ၊ အထွန်းတိုင် | ၃၇ |
| (၂) | | ရှင်အဖြစ်သို့ ရောက်ခြင်း - ခိဍ္ဍာ ဒသကအရွယ် | ၃၈ |
| (၃) | | ရဟန်းအဖြစ်သို့ရောက်ခြင်း - ဝဏ္ဏ ဒသကအရွယ် | ၃၈ |
| ၂။ | | ကုံလုံဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယားနှင့် တစ်ဘဝခန္ဓာ သာသနာမှတ်တမ်း အကျဉ်း | ၄၀ |
| ၃။ | | ဇလွန်ပြည်တော်ပြန် ဂါထာတော် (ဝါ) အနန္တသိဒ္ဓိ ဂါထာတော် ပါဠိ | ၄၄ |
| ❁ | | **သာသနာပြုဆောင်ရွက်ချက်များ** | |
| | ၁။ | ပြည်တော်အေး ဆုတောင်းပြည့်စေတီတော် ၏ | |

(၁၄) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

(က) မင်္ဂလာအခါရက်မြတ်များ ၄၅
(ခ) မော်ကွန်းမှတ်တမ်း ၄၆
၂။ ပြည်တော်ငြိမ်းချမ်းအေး ဆုတောင်းပြည့်စေတီတော် ၏
(က) မင်္ဂလာအခါရက်မြတ်များ ၄၇
(ခ) ထီးတော် နှင့် စိန်ဖူးတော် တင်လှူပွဲ သတင်းဖော်ပြချက်များ
(၂-၅-၂၀၀၃ မြန်မာ့အလင်းနှင့် ၄-၅-၂၀၀၃ ကြေးမုံ) ၄၈
၃။ (က) စမကြီး လေးလုံး (စမ ဓာတ်ရှင်) စေတီတော်
အသစ်တည်ထားကိုးကွယ်ခြင်း ၅၀
(ခ) စမကြီးလေးလုံး ဗုဒ္ဓဝန္ဒနာ ၅၀
၄။ စေတီအမည် ၊ အမျိုးအစား ၊ ဉာဏ်တော်အမြင့် ၅၁
၅။ ရွှေဘော်နင်း စေတီတိုက်ရှိ စေတီအမည် ၊ အမျိုးအစား ၊
၅၃
၆။ ငွေဘော်နင်း စေတီတိုက်ရှိ စေတီအမည် ၊ အမျိုးအစား ၊
၅၅
၇။ စေတီတိုက်များ ရှိ စေတီအမည် ၊ အမျိုးအစား ၊ သာသနာနှစ် ၅၆
၈။ (က) ရွှေဘုန်းပွင့် စေတီတိုက်ရှိ စေတီအမည် ၊ အမျိုးအစား ၊ ၅၇
(ခ) အလံမလှဲ ပြုပြင်ခဲ့သော ရွှေဘုန်းပွင့် စေတီတော် နှင့်
ဖြစ်ရပ်ဆန်းများ ၅၈
၉။ ငွေဘုန်းပွင့် စေတီတိုက်ရှိ စေတီအမည် ၊ အမျိုးအစား ၊ ၅၉
၁၀။ ရှမ်းပြည် ပုပ္ပား စေတီတော်များ ပြုပြင် မွမ်းမံခြင်း ၅၉
၁၁။ ကံထူးအောင် ရွှေစက်တော် ဆုတောင်းပြည့် စေတီတော် ၆၀
၁၂။ ကျောက်ဆင်ကြီး ဘုရား လွန်ထူးခြား ၆၀
၁၃။ မဟာဘုန်းကံထူး အောင်ချမ်းသာ ဆုတောင်းပြည့် ၆၀
၁၄။ မဟာသိရီမင်္ဂလာ မြတ်စွာဘုရား ရုပ်ပွားတော် ၆၁
၁၅။ သိရီမင်္ဂလာသိဒ္ဓိ အောင်မြေစေတီတော် မင်္ဂလာများ ၆၁
၁၆။ ဖောင်ဆိုင်း စေတီတော် ပြုပြင်မွမ်းမံခြင်း ၆၁
၁၇။ အောင်မင်္ဂလာလိုဏ်ဂူ ရွှေဖားလေးအလှူ ၆၂

၁၈။ လေးကျွန်းစကြာ ရတနာ ရွှေဖောင်တော်ဆုံ မာတ်အောင်မြင် ဆုတောင်းပြည့်စေတီတော် ပြုပြင်မွမ်းမံခြင်း ၆၃

၅။ ထူးခြားဆန်းကြယ်ရာ မဟာ သိရိစကြာရတနာ

၁။ (၁) သိရိစကြာရတနာဟူသည် - ၆၅
(၂) အုတ်မြစ်စီမင်္ဂလာ အခမ်းအနား ၆၅
(၃) သူမြတ်တို့ နေရာသို့ ဘုရားရှင် ကြွရောက်ချီးမြှောက် ၆၆
(၄) စိတ်ချမ်းသာလေ၊ ကိုယ်ကျန်းမာလေ၊ သာသနာပြုနိုင်လေ ၆၆
(၅) ဆရာ - ဒကာ လိုက်ဖက်ညီညာ သိတတ်စွာ၏ ၆၇
(၆) ပန်းတစ်ဆယ့်နှစ်မျိုးပါ သိရိစကြာရတနာ ၆၇
(၇) သုခုမ အနုပညာ ဖန်တီးရှင်၏ သဘောထား ဖွင့်ဟပြောကြား ၆၇
(၈) စကြာမင်းတရား၏ ရတနာခုနစ်ပါး နှင့် အံ့ဖွယ်လေးပါး ၆၈
(၉) အဆောင်ငါးဆောင် ပါဝင်ဖွဲ့စည်း ကျောင်းတော်ကြီး ၆၉
(၁၀) လေးကျွန်း တစ်မြင်းမိုရ် ထိုထိုများစွာ ဖန်တီးရှင်လက်ရာ ၆၉
(၁၁) စေတီပုံ မျက်နှာကြက် နှင့် ပတ္တမြားပလ္လင် ၇၁
(၁၂) လက်မှုပညာ ဗိသုကာ အစုံပါတာ သိရိစကြာရတနာ ၇၂
(၁၃) တာဝတိံသာက နန္ဒဝန် ဥယျာဉ်ပမာ ၇၄
(၁၄) ကုံလုံဆရာတော် နှင့် ဇီးကွက်ပညာရှိ ၇၅
(၁၅) အလယ်ဝဟိုမှ ဦးကြီး နှင့် ပြည်တော်ပြန်ခန်း စောင်းတန်းသုံးသွယ် ၇၇
(၁၆) မောင်မယ် နဂါး ဘုရားကိုကြို ၇၈
(၁၇) ဓမ္မစက္က ဆင်.မြင်းပျံ ခုန်ပျံ တစ်လှည့်စီ ၇၈
(၁၈) အံ့ဖွယ်ထူးခြား မဟာ ဗုဒ္ဓဝင် ပန်းပု (၂၆) ကား ၇၉
(၁၉) ကျောင်းလွှတ်ပူဇော်ပွဲ ခြိမ့်ခြိမ့်သဲ ၈၃

၆။ ထွက်တော်မူ ကျောင်းကန်ဘွာ စံကျောင်းတော်မဟာ

၁။ ရှင်သေမင်း နှင့် စစ်ခင်းပြီ ၈၅
၂။ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူကြောင်း အကြောင်းကြား လျှာပါဘုရား ၈၇
၃။ (က) ရုပ်ကလာပ်တော် ပင့်ဆောင်ခြင်း ၈၇

| | | | |
|---|---|---|---|
| | (ခ) | ပုဇော်စံထားခြင်း | ၈၈ |
| | (ဂ) | ဝိုဝိမာန် နေရာ ရွေးချယ်ခြင်း | ၈၈ |
| | (ဃ) | ရှမဝ မှန်ခေါင်းသွင်းခြင်း | ၈၈ |
| | (င) | စက်ာပူ မှန်ခေါင်းသို့ပြောင်းခြင်း | ၈၈ |
| ၄။ | | ၃-၂-၂၀၀၄ ကြေးမုံ နှင့် ၄-၂-၂၀၀၄ မြန်မာ့အလင်း သတင်းစာ သတင်းဖော်ပြချက် | ၈၈ |
| ၅။ | (က) | ရုပ်ကလာပ်တော် ဖူးမြော်ကန်တော့ ခံယူခြင်း | ၉၂ |
| | (ခ) | အဖွဲ့များဖွဲ့စည်းခြင်း | ၉၂ |
| ၆။ | | ကိုလုံဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်ပင် ထီးဖြူတော်ဖွင့် အခမ်းအနား | ၉၃ |
| ၇။ | | ကိုလုံဆရာတော်ဘုရားကြီး၏ အန္တိမဈာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနား | ၉၄ |
| ၈။ | | ကိုလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ် အန္တိမဈာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားကျင်းပ (၁၀-၂-၂၀၀၄ ကြေးမုံ နှင့် မြန်မာ့အလင်း သတင်းစာ သတင်း ဖော်ပြချက်) | ၉၆ |
| ၉။ | | ဆန္ဒတော်နှင့် အညီ တည်ထားပြီ | ၁၀၁ |
| | (က) | လွမ်းစေတီ စံကျောင်းတော် ဗိသုကာမှတ်တမ်း | ၁၀၂ |
| | ❁ | ဗိသုကာပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားသော ခံယူချက်များမှာ - (မြန်မာမှု ဗိသုကာ ပညာရှင်ဆရာကြီး ဦးဝင်းမောင်၊ တမ္ပဝတီ) | ၁၀၃ |
| | ❁ | ကျောင်းအပ်ပွဲ၊ ရုပ်တုတော်ဖွင့်ပွဲ နှင့် ရေစက်ချအလှူတော်မင်္ဂလာ | ၁၀၆ |
| | (ခ) | လွမ်းစေတီမှာ ပန်းတွေစီတဲ့ တစ်ရာပြည့်ချိန် စာပန်းအိမ် (နန်းတော်ရှေ့ - အရှင်ပဝရ) | ၁၀၆ |
| | (ဂ) | စဥ့်စံကျောင်းဆောင် ဦးဝင်းမောင်နှင့် ကြုံတင်စီစဉ်ကိုလုံအရှင် (နန်းတော်ရှေ့ - အရှင်ပဝရ) | ၁၀၇ |
| ၁၀။ | | မြတ်စွာဘုရားသာသနာတော်ကြီး မျိုးဆက် မပြတ်ရအောင် | ၁၀၈ |
| ၁၁။ | (က) | သတိပေးနှိုးဆော်ချက် | ၁၀၉ |
| | (ခ) | ဆင်ခြင်တုံတရားဖြင့် ကိုးကွယ်ဆည်းကပ်ကြရမည် | ၁၀၉ |
| ၁၂။ | (က) | ကိုလုံကျောင်း အကွက်ချ မြေပုံကြမ်း | ၁၁၀ |
| | (ခ) | ကိုလုံကျောင်း တည်နေရာ ပြမြေပုံ | ၁၁၂ |

# ဒုတိယတွဲ ပြီးပါပြီ။


- နလုံးသည်းပွတ်ထဲမှ ကျေးဇူးတင်လွှာ ကမ္ဗည်းစာ ၁၁၃
- မိုငြမ်းကိုးကားသော စာအုပ်စာတမ်းများ ၁၁၅
- ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ နှင့် ၁၁၆
- ဆက်လက်ထုတ်ဝေမည့် စာအုပ်များ ၁၁၈
- ထုတ်ဝေပြီး ဓမ္မတေးသီချင်းကက်ဆက်ခွေနှင့် ဗီဒီယိုတိပ်ခွေ ၁၁၈


ထွက်ပြီး အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ (ပထမတွဲ) တွင် -

၁။ ကံ့လုံဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း၊

၂။ ဩဝါဒကထာ ဆုံးမစာ၊

၃။ မဟာသီဝ ရဟန္တာမထေရ်မြတ်ကြီးနှင့် တူတော်မူသော ကံ့လုံဆရာတော်ဘုရားကြီး(မင်္ဂလာဗိမာန်ဆရာတော်)၊

၄။ ကံ့လုံဆရာတော်ကြီး နေ့စဉ် ရွတ်ပွားပူဇော်သည့် အန္တရာယ်တွေကင်း၊ ရန်တွေရှင်း ဂါထာတော်၊

စသည့် အကြောင်းအရာများ နှင့် မှတ်တမ်းဓာတ်ပုံများ ပါရှိသည်။

## သွန်းလောင်းညောင်ရေကံ့လုံထေရ်

ကံ့လုံဆရာတော်ဘုရားကြီးကိုယ်တိုင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ်ကျင်းပ ပြုလုပ်ခဲ့သည်။ ဆရာတော် ဗုဒ္ဓဂယာသို့ ကြွရောက်ခဲ့စဉ်က လက်ဆောင် ပဏ္ဏာတော်အဖြစ် ရရှိပင့်ဆောင်ခဲ့သော ဗောဓိမျိုးစေ့များမှ ပေါက်ပွားလာသည့် ဗောဓိပင် ပွားများကို ညောင်ရေသွန်းလောင်းခြင်းဖြစ်သည်။ ဤစာရေးသူက မြတ်စွာဘုရား၏ သတ္တဌာန သတ္တာဟ သတ္တမ လင်းလွန်း မဟာဗောဓိ သုံးပင်ကို ကံ့လုံကျောင်းသာသနာ ထိန်လင်း ထွန်းတောက်ရန် ရည်ရွယ်၍ ခရစ် ၂၇-၁၀-၂၀၀၈ တနင်္လာနေ့တွင် လှူဒါန်းခဲ့၏။



(ပျံလွန်တော်မမူမီ သံဃာတော်များ စုံညီမှတ်တမ်း နောက်ဆုံးဓာတ်ပုံဖြစ်သည်။)

၁၃၆၅ခု၊ သီတင်းကျွတ်လပြည့်နေ့၊ ၁၀ - ၁၀ - ၂၀၀၃ ခုနှစ်၊ သောကြာနေ့ ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တကောဝိဒနှင့် ကုံလုံကျောင်းတိုက်သံဃာတော်များ အမှတ်တရ၊ဦးဂန္ဓမာ၊ ဦးသုမင်္ဂလ၊ ဦးသာသန၊ ဦးယောသိတ၊ ဦးပညာသိရီ၊ ဦးကောဝိဒ၊ ဦးကုမာရ၊ ပြင်သာ၊ အောင်မင်္ဂလာဂူ၊ ငွေတောင်

# ကံ့လုံကျောင်းတိုက် နာယကဆရာတော်၏ အမှာစာ



ဘုန်းကြီး၏ မေတ္တာရပ်ခံချက်အရ - သာသနာပြုဒကာလေး အောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့) အလျင်အမြန် ရေးသားထုတ်ဝေလိုက်သော ကျေးဇူး တော်ရှင် ကံ့လုံဆရာတော်ဘုရားကြီး၏ "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ" (ပထမတွဲ) စာအုပ်ကို ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အမီ ရရှိသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူ မိပါသည်။ အထူးသာဓုခေါ်ဆိုပါ၏။

ဒကာအောင်မြင့်ထွန်းသည် ဘုန်းကြီးမေတ္တာရပ်ခံ တိုက်တွန်း တောင်းပန်သည့် အတိုင်း လူတိုင်း ဝယ်ယူဖတ်ရှု နိုင်ရေးအတွက် လိုရင်း တိုကျဉ်း ဈေးနှုန်း သျှိုသာစွာဖြင့် ဖြန့်ဝေနိုင်အောင် အတွဲစဉ်များ ခွဲ၍ စီစဉ်ရေးသားထုတ်ဝေပေးပါသည်။ ဤစာအုပ်အရွယ် ဆိုက်အတိုင်း ဒုတိယတွဲ၊ တတိယတွဲ စသည်ဖြင့် ဆက်ကာ ဆက်ကာ ရေးသားပြုစု ထုတ်ဝေပေးလျင် ကောင်းလေစွဟု တောင့်တမိပါသည်။

ကံ့လုံဆရာတော်ဘုရားကြီး၏အကြောင်းအရာကိုပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဠိမတတ်သော လူပုဂ္ဂိုလ်များ ဖတ်ရှုနိုင်အောင် ရိုးရိုး ရှင်းရှင်း ရေးသား၍ အတွဲများကို အတွဲစဉ်များအလိုက် ဆက်လက်ရေးသား ပြုစုပေးပါရန် မေတ္တာရပ်ခံ ပန်ကြားတောင်းဆိုပါသည်။

ကံ့လုံဆရာတော်ဘုရားကြီး၏ သာသနာပြုဆောင်ရွက်ချက်များ၊ သိရီစကြာ ရဘာနာ ကျောင်းတော်ကြီး၏ မြန်မာမှု ဗိသုကာအမြင်၊ ရှာပန မှတ်တမ်းမှတ်ရာများ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်ထားရာ အံ့ဖွယ် မဟာစဥ္စံကျောင်းတော်ကြီး၏ ဗိသုကာပိုင်းဆိုင်ရာ ခံယူချက်များပါ မကျန်ရလေအောင် ရေးသားပြုစု ပေးနိုင်ပါက ပို၍ကောင်းလိမ့်မည်ဟု အကြံပြုလိုပါသည်။

(၂၀) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

ဦးဇအောင်မြင့်ထွန်းသည် ကုံလုံဆရာတော်ဘုရားကြီး၏ ကျေးဇူး **သိတတ်** သော တပည့်ရင်းတစ်ယောက်ဖြစ်၍၊ တပည့်ဒကာ. ဒကာမတိုင်းမပြုလုပ် **. မဖန်တီး** နိုင်သော စာပေသုခမအနုပညာဖြင့် ကျေးဇူးဆပ်နိုင်လိမ့်မည်ဟု ဘုန်းကြီးလေးလေး နက်နက် ယုံကြည်ပါသည်။ ယုံကြည်သည့်အတိုင်းလည်း အမှန်ပင် ဖြစ်ပါလိမ့်မည်။

ဒကာကြီး ကျန်းမာ - ချမ်းသာပါစေ။

| | | | |
|---|---|---|---|
| | | | မေတ္တာဖြင့် - |
| သာသနာတော်နှစ် | - | ၂၅၅၂ - ခုနှစ်၊ | ဘဒ္ဒန္တကောဝိဒ |
| ကောဇာ | - | ၁၃၇၀ - ပြည့်နှစ်၊ တန်ဆောင်မုန်း | နာယကဆရာတော်၊ ကုံလုံကျောင်းတိုက်၊ |
| | | လပြည့်ကျော်(၁၀)ရက်၊ | ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်၊ |
| ခရစ်နှစ် | - | ၂၂-၁၁-၂၀၀၈ ခုနှစ်၊ | ရှမ်းပြည်နယ်တောင်ပိုင်း၊ |
| | | စနေနေ့။ | ဖုန်း ၀၈၁-၅၀၄၁၁။ |



၁၅-၇-၂၀၀၀၊ စနေနေ့၊ နေ့လည် ၃း၀၀ နာရီတွင် စာရေးသူအား လက်လက္ခဏာတော်နှင့် ခြေလက္ခဏာတော်များ ချီးမြှင့်နေစဉ်



၁၃၆၅ခု၊ သီတင်းကျွတ်လပြည့်နေ့၊ ၁၀ - ၁၀ - ၂၀၀၃ ခုနှစ်၊ သောကြာနေ့ ကုံလုံဆရာတော်ဘုရားကြီးထံ ဤစာရေးသူက စာအုပ်များ ထုတ်ဝေ ဖြန့်ချိ ခွင့်ပြုပါရန် လျှောက်ထားပြီး ခွင့်ပြုချက် ရယူနေစဉ် (ခွင့်ပြုပေးခဲ့ပါသည်)

ကြည်တိုက် ၂၇၀၄၉

# ရာပြည့်ချိန်ခါ ကုံလုံဆရာ(တော်) ကြွရောက်လို့လာ

စာရေးသူသည် ကုံလုံကျောင်းတိုက်သို့ သွားရောက်ရန် စိစဉ်နေဆဲ အချိန်နှင့် ၂၀-၉-၂၀၀၈၊ စနေနေ့ရက်စွဲပါ ကုံလုံကျောင်းတိုက် နာယကဆရာတော်ထံမှ ပေးစာကို တိုက်တိုက်ဆိုင်ဆိုင် ကောင်းစွာ ရရှိခဲ့သည်။

ထို့ကြောင့်၊ စာရေးသူသည် ချက်ချင်းပင် စီစဉ်ကာ၊ ၂၄-၉-၀၈၊ တနင်္ဂနွေနေ့ မှ ၂၈-၉-၀၈၊ကြာသပတေးနေ့ ထိ ကုံလုံကျောင်းတိုက်သို့ ကုံလုံ ဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝ သာသနာ၊ သက်တော်ရှည် ကုံလုံ ဆရာတော်နှင့် ကုံလုံဆရာ တော်ကြီး ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း စာအုပ်များ ထပ်မံပို့ဆောင် လှူဒါန်းရင်း ရောက်ရှိခဲ့ပါသည်။ အဆိုပါ စာအုပ်များသည် ကုံလုံဆရာတော် ဘုရားကြီး သက်တော်ထင်ရှား ရှိဆဲကပင် ဤစာရေးသူ ကိုယ်တိုင် ရေးသားပြုစု ထုတ်ဝေခဲ့သော စာအုပ်များဖြစ်သည်။

ယခု၊ ရေးသားပြုစု ထုတ်ဝေသည့် "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ" စာအုပ်အမည် ကို အဂ္ဂမဟာပဏ္ဍိတ၊ မင်္ဂလာဗိမာန်ဆရာတော်ကြီးက အမည်ရွေးချယ်ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်သည်။ ဤစာအုပ်သည် ကုံလုံကျောင်း နာယက ဆရာတော်၏ အလိုဆန္ဒလည်း ပြည့်ဝ သွားစေ၊ ကုံလုံဆရာတော်ကြီး၏ သီလရနံ့လည်း ကမ္ဘာအနှံ့ သင်းပျံ့မွှေးပါစေ၊ ဆရာတော် ကြီးကိုလည်း ကျေးဇူးဆပ်ပြီးသား ဖြစ်ပါစေ ဟူသော စေတနာအရင်းခံ သဒ္ဒါတရားပေါ်မှ စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်းဖြစ်၏။

ကုံလုံဆရာတော်ကြီးသည် ၃၀-၁-၂၀၀၄၊ သောကြာနေ့တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူပြီးနောက်၊ ဦးစွာပထမ ထုတ်ဝေသည့် စာအုပ်လည်း ဖြစ်သည်။ ဤစာရေးချိန်တွင် ဆရာတော်ဘုရားကြီး၏ တစ်ဘဝခန္ဓာ ချုပ်ငြိမ်းခဲ့သည်မှာ ငါးနှစ်ခန့် ရှိခဲ့ပြီ။ ဆရာတော်ကြီးသာ ယခုထက်တိုင် အသက်ထင်ရှား ဆက်လက်ရှိနေခဲ့မည်ဆိုလျှင် သက်တော်တစ်ရာပြည့်(တစ်ရာစုပြည့်) ပူဇော်ပွဲကြီးကိုခြိမ့်ခြိမ့်သဲ ကျင်းပကြ ပေးလိမ့်မည်။ ယခုမူ ဤ နှစ်တစ်ရာပြည့်အထိမ်းအမှတ် "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ" စာအုပ်ငယ်လေးဖြင့်သာအလွမ်းဖြေကြရတော့သည်။

နာယကဆရာတော်၏ဩဝါဒအရ ဤစာအုပ်ကို တန်ဖိုး နည်းနည်း၊ တိုကျဉ်း စုံစွာ အကုန်ပါစေလိုသည်၊ ဤနှစ် (၁၃၇၀ ပြည့်နှစ်) တောင်ကြီး တန်ဆောင် တိုင်ပွဲတော် (တန်ဆောင်မုန်းလပြည့် ၁၅ရက်၊ ဗုဒ္ဓဟူးနေ့ )ကိုလည်း မီစေလို၏။

အကြောင်းမှာ - ရှမ်းပြည်နယ်၏ ဓလေ့ထုံးစံအရ တန်ဆောင်မုန်းလပြည့် နေ့ရောက်မှသာ သံဃာတော်များ ဝါတွင်းကာလ (ဝါဆိုသီတင်းသုံးရာကာလ)မှ လွတ်မြောက်ပြီး ဝါကျွတ်ပြီဟု ဆိုကြပါသည်။ ဝါကျွတ်ခါနီးတွင် ဒေသတွင်း ဂေါစရဂါမ်ရှိ ဒကာ. ဒကာမများက ဘုရား.ကျောင်းကန် အားလုံးတို့သို့ သွားရောက် ကာ ဆရာတော်များထံ နည်းသည် - များသည် ပဓာနမထား ၊ မိမိတို့ ဒေသခြံထွက် လှူဖွယ်ပစ္စည်း ဝတ္ထုများဖြင့် တက်နိုင်သလောက် ဂါရဝပြုပူဇော်ကန်တော့လေ့ ရှိကြ သည်။ ကျောင်းတိုက်များမှလည်း ဒကာ.ဒကာမများ စားရေး.နေရေး . သွားလာရေး အတွက် အရေးယူ ဂရုထား ၊ ပြုစုညှော့ခံ ကျေးဇူးတုံ့ ပြန်စွန့်ကြလေ့ရှိကြသည်။ အလွန် နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် ယဉ်ကျေးမှု အစဉ်အလာ တစ်ခုဖြစ် သည်။ ဤစာရေးသူကလည်း ထိုအနယ်နယ်အရပ်ရပ်က ရောက်ရှိလာကြမည့် ဘုရားဖူးပရိသတ်များကို မေတ္တာထား ရည်ရွယ်၍ ထို ယဉ်ကျေးမှု ပွဲတော်အမီ အလျင်အမြန် ကြိုးစားပေးလိုက်ရပါသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေ။

ကုံလုံဆရာတော်ကြီး သက်တော်ထင်ရှား ရှိခဲ့စဉ်က - သိရီစကြာရတနာ ကျောင်းတော်ကြီးတွင် မြန်မာပြည်အနှံ့မှ ဆရာတော်အား လာရောက်ဖူးမြော်ကြ သောပရိသတ်များမှာ နေ့ရောညပါ လွန်စွာစည်ကားလှပေသည်။ ဥယျာဉ်တော်ကြီး မှာလည်း တာဝတိံသာက နန္ဒဝန်ဥယျာဉ်ပမာ လှပဆန်းကြယ် အံ့ဩဖွယ် ဖြစ်သည်။ ကုံလုံဆရာတော်ကြီးသည် ပရိသတ်များရှေ့တွင် သိရီစကြာ ရတနာကျောင်း တော်ကြီး၊ စကြာရေကန်တော်ကြီး ၊ ပညာရှိ ဇီးကွက်သိုက်နှင့် ဥယျာဉ်တော်ကြီး တို့ကြောင့် အလွန်ပင် ပန်းရဖူးမြင်မဝ တင့်တယ်လှပေသည်။

❀ သစ်ပင်မြစ်ချောင်း၊ နို့ကောင်းနွားမ၊ ဤကာယကား၊
သူများအကျိုး၊ သယ်ပိုးအံ့ဌာ၊ သီးခါတန်သီး၊
စီးမြဲစီးလျက်၊ ဒီးဒီးယိုကျ၊ ကျိုးဆောင်ရ၏၊    (နီတိ)

ယခုအခါ၊ ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရာ - စဥ္စကျောင်း

တော်ကြီး တွင်သာ ပရိသတ်များ ဝင်လာမစဲ တသဲသဲ စည်ကားနေပေသည်။ အလွန်ဝေးလံခေါင်သီ တောကြီးမျက်မည်း ထဲရှိ ဆရာတော်ကြီးသီတင်းသုံးရာ စဉ့်ကျောင်းတော်ကြီးမှာ နတ်ဘုံနတ်နန်းတမျှ လျှပ်စစ်မီးအလင်းရောင်များဖြင့် တပြောင်ပြောင်တရောင်ရောင် ထိန်ထိန်ညီးလျက် ရှိနေပါသည်။ ဥယျာဉ်တော်ကြီး ကြောင့်လည်း မပြန်ချင် လောက်အောင် နေချင့်စဖွယ် သာယာလှပ ဆန်းကြယ်နေ ပေသည်။ ရေ - ကျိုးကြောင့်လည်း ပို၍ အလှမှာ အယဉ်ဆင့် ဖြစ်နေပေသည်။

အချိန်ရာသီစက်ဝန်းကား မည်သူ့ကိုမျှ မျက်နှာကြီး - ငယ်မလိုက်၊ ဂုဏ်ကိုပဓာန မထား။ သူ့အလုပ်သူလုပ်၍ မနားတမ်းပြောင်းလည်းနေချေ၏။ အချိန်သံပတ်နောက် အမီလျှောက်နေသည့် ခေတ်သည်ရောက်ရာခရီးပေါ် မူတည်၍ အဆင်ပြောင်း၊ အသွင်ပြောင်း၊ အသံပြောင်း သွားခဲ့ကြရပေ၏။ လောက၌ မည်သည့်အရာမျှ ထာဝရ တည့်တံ့မှုမရှိ။ လောကသားအားလုံးတို့သည် အစဉ်အမြဲ ဖြစ် - ပျက်မှုအာဏာစက် အောက်တွင် နေကြ ရသည်မှာ လောကဓမ္မတာပင်ဖြစ်သည်။ သတိသံဝေဂ ယူကြရမည်။ သတိသံဝေဂ အမှန်တကယ် ဖြစ်သင့်လှကြပေသည်။

❁ လူ့သက် လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊
ပျံ့သောကြယ်မျှ၊ ကြာနွယ်ရေခြောက်၊ သေမီးတောက်သို့၊
ချုပ်ပျောက်ခန္ဓာ၊ ကွယ်ရရှာသည်၊ မှန်စွာ အနိစ္စပါတကား။

(ဥမ္မာဒန္တီပျို့)

အို - သာသနာ့ဒါယကာ. ဒါယိကာမ အပေါင်းတို့ - - -

ယခု၊ အံ့ဖွယ်ကိုးဂုဏ်ထေရ်ကုံလုံ စာအုပ်ဖြင့် ကုံလုံဆရာတော်ဘုရားကြီး ပြန်ကြွတော်မူလာပါပြီ။

❁ ထကြလော့ ၊ နိုးကြလော့၊ သတိရှိကြလော့၊
ကုံလုံသာသနာကို စောင့်ရှောက်ကြကုန်လော့၊
မေ့မေ့လျော့လျော့ မရှိကြစေကုန်နှင့်၊

❁ အရှည်မကြာ ၊ ကိုယ်ခန္ဓာကား၊ တစ်ရာအနစ်၊ ကိုယ်၌ဖြစ်သား၊
ပြန်စစ် နှိုင်းလျော်၊ ကျေးဇူးသော်မူ၊ ကျူးကျော်ကုန်ခမ်း၊
ကမ္ဘာကျွမ်းလည်း၊ ဥဒါန်းမကျေ၊ လူ့ပြည်နတ်ရပ်၊ ပွဲတင်ထပ်လိမ့် -

ဟူသော ဝိဇ္ဇုရပျို့လာအရ ကုံလုံဆရာတော် ဘုရားကြီး၏ ဩဝါဒ သာသနာသည် ကား ကမ္ဘာတည်သရွေ့ ကာလကြာမြင့်စွာ စောင့်ရှောက်နိုင်ကြ ပါစေကြောင်း၊ တည်ရှိနိုင်ကြပါစေကြောင်း၊ ဆုတောင်းမေတ္တာပို့သ နိဂုံးကမ္ပတ် အဆုံးသတ်လိုက် ရပေတော့သတည်း။

တာဝန်ခံစုဆောင်းစီစဉ်ပူဇော်သူ -
ဦးအောင်မြင့်ထွန်း (B.Ag)၊
အုပ်ချုပ်မှုဒါရိုက်တာ၊ Green Group Co-op Ltd.၊
ရန်ကုန်မြို့ မြန်မာပြည်၊ ဖုန်း ၀၉ - ၈၅ - ၅၀၈၁၉။

သာသနာ - ၂၅၅၂ ခုနှစ်၊
ကောဇာ - ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက်၊
ခရစ် - ၂၄ - ၁၀ - ၂၀၀၈ ခုနှစ်၊ သောကြာနေ့၊ နံနက် (၈း၃၀) နာရီ။



# ၁။ (က) အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ

(၁) ကံ့လုံဆရာတော်သည် ပင်းတယမြို့၊ ကန်ထောင့်ကျောင်းဆရာတော် ဦးအာဒိစ္စ၏ အဆုံးအမကို နာယူကာ ကျောင်းရှိ ဦးဝိမလအား ကျောင်းနှင့် တကွ ဂရုဘဏ် ၊ လဟုဘဏ် ပစ္စည်းများနှင့် မိမိပိုင် ပစ္စည်းများကို တစ်ခုမကျန် အာလယပြတ် စွန့်လွှတ် လှူဒါန်းခြင်း၊

(၂) ဂဠုန်တောင်၌ တရားအားထုတ်နေစဉ် လူဆိုး၊ ဓားပြများက ပစ္စည်းယူရုံတင် အားမရဘဲ ဆရာတော်အား ကြိုးဖြင့်တုပ်ကာ နှိပ်စက် ညှဉ်းပန်း လာသည် ကိုပင် သည်းခံနိုင်ခြင်း၊

(၃) ကံ့လုံဆရာတော်သည် လူဆိုးဓားပြများက ပစ္စည်းကိုသာ လုယူလို့ရမည်။ ငါကျင့်ကြံအားထုတ်တဲ့ စရဏ တရားကိုတော့ လုယူလို့ရမည် မဟုတ်ပါ။ ပတ်ဝန်းကျင်ကို ကြိုးဖြေပေးပါလို့ တကြော်ကြော် အော်ခေါ်နေသော်လည်း အကူအညီ ရမည် မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ အရဟံ ဂုဏ်တော်သည်သာ ရန်အောင်ကြောင်း ဖြစ်သည်။ ဝိပဿနာ ဘာဝနာသည်သာ အားကိုးစရာ အစစ် ဖြစ်သည်ဟု ယူဆမိပြီး ဂုဏ်တော်ပွားသည်၊ ဂုဏ်တော်ပွား၍ စိတ်ကြည်လင်လာသောအခါ မိမိခန္ဓာကိုယ် ကို ဝိပဿနာ ရှုမှတ် ပွားများ သဖြင့် တုပ်ထားသော ကြိုးများ အလိုလို ပြေသွားခြင်း၊



(၄) ကံ့လုံဆရာတော်သည် ဘေးမဲ့ အသားလွတ် နှင့် သစ်သီးဝလံများကိုသာ ဘုဉ်းပေးတော်မူ သောကြောင့် သစ်သီးဝလံများမှ ဒက္ခိဏာသာခါ ဘုရားနှင့်တူသော ထူးဆန်း သည့် ဘူးဘုရား၊ ပြောင်းဖူးကိုး ဆူစေတီတော်များ ရောက်ရှိ လာခြင်း၊

(၅) ဆရာတော်၏ ခန္ဓာကိုယ်မှ သင်းပျံ့မွှေးကြိုင် သော ထူးခြားသည့် အမွှေးရနံ့များထွက်လျက် ရှိခြင်း၊



(၆) ဆရာတော်၏ညာဘက် လက်မတော်တွင် နဂါးရုံ ဘုရားပုံနှင့် ဘယ်ဘက် လက်မတော်တွင်ကျိုက် ထီးရိုးပုံ ပေါ်နေခြင်း၊

(၇) ကုံလုံဆရာတော်ကြီး၏ လက်ဖဝါးတော်တွင် တစ်ဖက်၌ ရှင်ဥပဂုတ္တ ပုံတော်နှင့် အခြားတစ် ဖက်၌ရှင်သီဝလိပုံတော် ပေါ်နေခြင်း၊

ဘယ်ဘက်(လက်)
လက္ခဏာတော်မြတ်



ညာဘက်(လက်)
လက္ခဏာတော်မြတ်



(၈) ဆရာတော်၏ ညာဘက် ခြေဖဝါးတော်တွင် ကြာဖူးပုံနှင့် ဘယ်ဘက် ခြေဖဝါးတော်တွင် ကြာခွက်ပုံပေါ်ခြင်း၊



ဘယ်ဘက်(ခြေ)
လက္ခဏာတော်မြတ်



ညာဘက်(ခြေ)
လက္ခဏာတော်မြတ်



ခြေတွင်ပါသော ဗျည်းအက္ခရာများကို
ရေးပြထားသော
ကုံလုံဆရာတော်ကြီး၏လက်ရေးမှု

(၉) ဆရာတော်ကြီးသည် သက်ရှိထင်ရှားရှိစဉ် ကျပ်သိန်းပေါင်း နှစ်ထောင့်ငါးရာ ကျော် တန်သည့် မြန်မာမှု ပန်းတစ်ဆယ့်နှစ်မျိုးပါ ထူးခြား ဆန်းကြယ်သော သိရီစကြာရတနာ ကျောင်းတော်ကြီး၌ သီတင်းသုံး နေထိုင်ခဲ့ရသည်။ ဘဝ နတ်ကျောင်း ပြောင်းရွှေ့တော်မူသောအခါ၌လည်း ဆရာတော်ကြီး၏ရုပ်က လာပ်တော်သည် ကမ္ဘာပေါ်မှာ တစ်ခုတည်းသာရှိသည့် ကျပ်သိန်းပေါင်း ရှစ် ထောင့် ငါးရာကျော် တန်သော စဥ္စကျောင်းတော်ကြီး အတွင်း၌ သီတင်းသုံး စံနေတော် မူရခြင်း ၊ ဤကိုးပါးသည် ဆရာတော်ဘုရားကြီး၏ ထူးခြား ဆန်းကြယ် အံ့ဩဖွယ် ကောင်းသော ဂုဏ်ထူးတော်များပင် ဖြစ်ပေတော့ သတည်း။ တကောင်းဆရာတော် - နန်းတော်ရှေ့ဘဒ္ဒန္တ ပဝရ

# ၁။ (ခ) ထေရ်မြတ်ကုံလုံ နဝဂုဏ်

(၁) ကုံလုံ အာစရိ၊ ထေရ်ကဝိကား၊ ရှိရှိသမျှ ၊ပစ္စယကို၊ တစ်စမကျန်၊ စွန့်လွှတ်ပြန်၏၊ စိတ်သန်ပျော်ရွှင်၊ တောရပ်ဝင်၊ ဉာဏ်မြင် ရှင်းလှပါဘုရား။

(၂) ပစ္စည်းလည်းယူ၊ ညှဉ်းပန်းသူကို၊ ကြည်ဖြူမေတ္တာ၊သည်းခံပါ၊ မဟာအောင်ပွဲ ပါဘုရား။

(၃) ကုံလုံထေရ်အား၊ ကြီးတုပ်ထားလည်း၊ ဘုရားရှင်ဂုဏ်၊စိတ်အာရုံဝယ်၊ ပွားထုံ ဆင်ခြင်၊ စိတ်ကြည်လင်သော်၊ ဉာဏ်မြင် ဝိပဿနာ၊ ရှုပွားခါ၊ မကြာကြိုးများ ပြေသွားပါဘုရား။

(၄) ထူးထွေဆန်းပြား၊ ဘုရားဘုရားနှင့်၊ စိတ်ထားကြည်နူး၊မျှော်ရည်ဖူးဖို့၊ ပြောင်းဖူး ကိုးဆူ၊ စေတီမူ၊နတ်လူ နိဗ္ဗာန် ကူးဖို့ပါဘုရား။

(၅) သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကိုယ်ခန္ဓာသည်၊ ဝင်းဝါစိုပြေ၊မွှေးကြိုင်ပေ၊ ကိန်းနေ သီလ အစွမ်းပါဘုရား။

(၆) ကုံလုံထေရ၊ ညာလက်မှတွင်၊ လှပထင်ရှား၊ နဂါးရုံဘုရားနှင့် ၊ ထူးခြားမြင်ရ၊ ဘယ်လက်မှတွင်၊ ဗုဒ္ဓတန်ခိုး၊ ကျိုက်ထီးရိုးတည့်၊ ရှိခိုးဖွယ်ပင်၊ စုံအလင်၊ ဖူးမြင် မဝပါဘုရား။

(၇) ကုံလုံထေရ၊ သမဏာ၏၊ လက်ဖဝါးတော်မှ ၊ လက္ခဏာကား၊ဥပဂုတ္တ၊ ရဟန္တာ တစ်ပါး၊ ပေါ်ထင်ရှား၏၊ အခြားတစ်ဖက်၊ဖဝါးလက်တွင်၊ နှစ်သက်ဖွယ်ရှိ၊ရှင်သီဝလိကို၊အဘိဝန္ဒနာ၊ ဖူးနိုင်ပါ၏၊ လွန်စွာထူးသည့်၊ ပါရမီပါဘုရား။

(၈) ကုံလုံဆရာ၊ ထေရ်မဟာ၏၊ ညာခြေအထူး ၊ ကြာအဖူးနှင့်၊ တင့်ထူးတေဇာ၊ ဘယ်ခြေမှာ၊ ကြာခွက်ပုံတော်၊ ပေါ်ခြင်းပါ ဘုရား။

(၉) ကုံလုံကဝိ၊ အာစရိကား၊ သက်ရှိထင်ရှား၊ဖူးသူများ၏၊ ထူးခြားလှဘိ၊ သိရိစကြာ၊ရတနာကျောင်းတော်၊ ကျိန်းစက်ပျော်၍၊ ပျံတော်မူလတ်၊ ရုပ်ကလာပ်သည် ၊ ထူးမြတ်သာခေါင်၊ စဥ့်ကျောင်းဆောင်ဟု၊ ရွှေရောင်စံကျောင်း၊ ရွှေအခေါင်း၌၊ လျောင်းစက်စံနေ၊ဖူးနိုင်ပေသည်၊ ထူးထွေတည့် အံ့ဖွယ်ပါဘုရား။

❊ ဘုရားရှင်ဂုဏ်၊ ဒီအာရုံနှင့် ၊ ပွားထုံဘာဝနာ၊ ကောင်းမြတ်သာသည့်၊တေဇာဘုန်းဂုဏ်၊ ထေရ်ကုံလုံကို ၊ ကြည်ယုံမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား၊ ကောင်းကျိုးကျက်သရေ၊ဖြိုးလက်ဝေ၍၊ ဒီရေအလား၊ ပမာထား၊ စီးပွားဥစ္စာတိုးစေသော်၊ နှစ်ထွေကိုယ်စိတ် ကြည်စေသော်။ အရှင်ပဝရ

## ၂။ (က) ဒုက္ခမီးပုံကြီး အငြိမ်းတိုင် ငြိမ်းပါစေ

သရီရသ ဂုဏာနဥ္စ၊ ဒူရ မစ္စန္တ မန္တရံ၊
သရီရံ ခဏ ဝိဒ္ဓံသီ၊ ဂုဏာ ကပ္ပန္တ ဌာယိနော၊ (မဟာဘာရတနီတိ)

| | | |
|---|---|---|
| သရီရဿ | = | ဓာတ်မဟာဘုတ် စပ်ခါချုပ်သည် နာမ် - ရုပ်ခေါ်ဆို ဤခန္ဓာကိုယ်၏လည်းကောင်း။ |
| ဂုဏာနဥ္စ | = | သီလ. သမာဓိ. ပညာ သာသနာဝယ် ကောင်းစွာကုံလုံမြတ်သောဂုဏ်တို့၏လည်းကောင်း။ |
| မစ္စန္တံ | = | စင်စစ်။ |
| အန္တရံ | = | ခြားနားချက်သည်၊ |
| ဒူရံ | = | မိုး နှင့် မြေကြီးပမာမိုး၍၊အကွာကြီးကွာလှပါပေ၏၊ |
| သရီရံ | = | ဓာတ်မဟာဘုတ် စပ်ခါချုပ်သည် နာမ် - ရုပ်ခေါ်ဆို ဤခန္ဓာကိုယ်သည်။ |

**ခဏ ဝိဒ္ဒံသီ** = ခဏမစဲ တဖွဲဖွဲလျှင် အမြဲမသေ့ ဖြစ် – ပျက် တတ်ချေ၏။

**ဂုဏာ** = သီလ, သမာဓိ, ပညာ သာသနာ၀ယ် ကောင်းစွာ ကုံလုံ မြတ်သော ဂုဏ်တို့သည်ကား။

**ကပ္ပန္တ ဌာယိနော** = ကမ္ဘာတည်အောင် ကြာရှည်မြဲခိုင် တည်ရှိနိုင်ပါပေသတည်း။

ဘုရားကစ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည် ရုပ်နာမ်နှစ်ခုပေါင်းစုထားသော ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ရုပ်နှင့် နာမ် နှစ်ခု ပေါင်းစု၍ ခေါ်ဆိုအပ်သော ဤခန္ဓာကိုယ်သည်ကား ခန္ဓာမစဲ တဖွဲဖွဲလျှင် အမြဲမသေ့ ဖြစ် – ပျက် တတ်ကြပေ၏။ ထိုရုပ်နှင့် နာမ်ကို မှီ၍ ဖြစ်ပေါ်လာသော သီလ . သမာဓိ . ပညာ ကောင်းစွာ ကုံလုံ မြတ်သော ဂုဏ်တို့သည်ကား ကမ္ဘာတည်အောင် ကြာရှည်မြဲခိုင် တည်ရှိနိုင်ကြပါပေ၏။

ဤသို့ မဟာဘာရတနီတိ ကျမ်းလာအတိုင်း ဗုဒ္ဓဂေါတမ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားသည်မှာ နှစ်ပေါင်း ၂၅၅၂ ခုနှစ် ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း ဗုဒ္ဓဂုဏ်တော်တို့သည်ကား ကမ္ဘာတစ်လွှား၌ ပြန့်ပွားတည်ရှိနေကြကုန်၏။ သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့တိုင် ထွန်းကားနေဆဲ ဖြစ်၏။

ဗုဒ္ဓသက်တော်ထင်ရှား ရှိခဲ့စဉ်က ထင်ရှားကျော်ကြားခဲ့ကြသော - ရှင်သာရိပုတ္တရာ ၊ ရှင်မောဂ္ဂလာန် ၊ ရှင်မဟာကဿပ ၊ ရှင်အာနန္ဒာ အစရှိသော မထေရ်မြတ်တို့၏ ဂုဏ်တော်တို့သည်လည်း ယနေ့တိုင်အောင်ပင် ထင်ရှားကျော်ကြား နေကြဆဲပင် ဖြစ်သည်။ ထို့အတူ ၊ ဟျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် ဖြစ်တော်မူသော ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တတေဇနိယသည် ရုပ်နာမ်တို့၏ ဖြစ် – ပျက်မြဲ ဓမ္မတာကို မလွန်ဆန်နိုင်သဖြင့် “ သဗ္ဗေသတ္တာ မရဏ ပရိယောသာနာ” = ဆိုသည့်အတိုင်း မရဏစက်ကွင်းသို့ သက်ဆင်းလိုက်ပါတော်မူခဲ့ရသည်မှာ ယခုဤစာရေးချိန်တွင် ငါးနှစ်ကြာမြင့်ခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း၊ တရားချစ်ခင် သူတော်စင်တို့၏ နှလုံးသား၀ယ် ကုံလုံဆရာတော် ဘုရားကြီး၏ ဂုဏ်တော်အပေါင်းတို့သည် ထင်ရှားပြန့်ပွားလျက် ၊ မေ့ပျောက်

မရနိုင်ဘဲ ထပ်တလဲလဲ ဂုဏ်တော်များကိုသာ အာရုံပြုလျက် နေကြ ပေသည်။

**ရှုပ်ဖိရတိ နမဂေါတ္တံ နဖိရတိ =** ဟု သံယုတ်ပါဠိတော်လာ သည့်အတိုင်း ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီး တစ်ဘဝ : တစ်သံသရာ ခန္ဓာဝန်ကို ရုပ်သိမ်း၍ ချုပ်ငြိမ်းသွားတော်မူပြီးဖြစ်သော်လည်း ၊ ဆရာတော်ဘုရားကြီး၏ သီလ. သမာဓိ. ပညာ သာသနာဂုဏ် ကုံလုံပြည့်ဝတော်မူသော ဂုဏ်တော် အပေါင်း တို့သည်ကား မြန်မာပြည်တွင်းသာမက ကမ္ဘာအနှံ့တိုင်အောင် အံ့ချီးမကုန် မြတ်သောဂုဏ်တို့သည် ပြန့်ပွား ထွန်းကား ကျော်ကြားလျက် ရှိနေပေသေးသည်။

ယခုရေးသားထားသော "အံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ" အမည်ရှိ ဤစာအုပ် သည် ဆရာတော်ကြီး၏ ဂုဏ်တော်များအနက် ရစ်သောင်းလေးထောင် အနက် ဆောင်၍ များမြောင်လှစွာသော သမုဒ္ဒရာ ရေပြင်ထက်မှ တစ်စက်တစ်ပေါက် ရေကဲ့သို့မျှသာ ထုတ်နုတ်ပြသလိုက်ခြင်း ဖြစ်ပေသည်။ ရေတစ်အိုး မိုးတစ်ပေါက် ဆိုသကဲ့သို့ စာအုပ်ငယ်လေးသည် မိုးစက်တစ်ပေါက် ပမာ သေးငယ်လှသည်ဟု ဆိုရပါသော်လည်း၊ စာအုပ်ကို ဂယနကာ စေ့စပ်သေချာ လေ့လာဖတ်ရှု နလုံးသွင်း ကျင့်ကြံသူ အပေါင်းတို့အား ၊ ယနေ့ ကမ္ဘာလောကကြီးတွင် မျက်မြင်ဒိဋ္ဌ ကြုံတွေ့ နေကြရသော - ( သောကပူလောင် နေကြရသူအပေါင်းတို့၏ လောဘမီး . ဒေါသမီး. မောဟမီး. ဇာတိမီး . ဇရာမီး . မရဏမီး . သောကမီး . ပရိဒေဝမီး. ဒုက္ခမီး . ဒေါမနဿမီး .ဉပါယာသမီး ဟုဆိုအပ်သော) တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့မှ အမှန် တကယ်ပင် အေးငြိမ်း ချမ်းသာမှုကို ပေးစွမ်းနိုင်လိမ့်မည် ဟု ယုံကြည်မိ ပေသည်။

တစ်နည်း ဆိုရသော် - ချစ်သားအာနန္ဒာ၊ အကြင်လူတို့သည် သံဝေဂ ရစေနိုင် သော သံဝေဇနိယ လေးဌာနနှင့် ဘုရားအဆူဆူတို့ မစွန့်အပ်သည့် အဝိဇဟိတ လေးဌာန တို့သို့ ဘုရားဖူးခရီးလှည့်လည်မှုကို ပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကြ ကုန်အံ့။ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေလွန်ပြီးနောက် နတ်ရွာ သုဂတိသို့သာ ရောက်ကြကုန်လတ့် - ဟု မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌လာ၏။

သို့ဖြစ်၍ သံဝေဂရစေနိုင်သော ကျေးဇူးတော်ရှင်ကုံလုံဆရာတော်ဘုရားကြီး -

(က) ဖွားမြင်တော်မူခဲ့ရာ - ရွှေချက်သိုစေတီတော်၊ တမဲရွာ၊ ထယ်သွန်း ကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်၊

(၃၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

(ခ) အမိုးပြုတရားအားထုတ် ကျင့်ကြံတော်မူခဲ့ရာ - ကံ့ကော်ပင်ကြီး၊

(ဂ) အရိုးကြေကြေ အရေခမ်းခမ်း တရားအားထုတ်ကျင့်ကြံတော်မူခဲ့ရာ - အောင်မင်္ဂလာ လိုဏ်ဂူတော်ကြီး၊

(ဃ) ဝေနေယျ သတ္တဝါအပေါင်းတို့ကို တရား မမ္မစက်ဖြန့်ဝေရာ ဂဋ္ဌုန်တောင်၊ ကုံလုံကျောင်းတိုက်၊

(င) သက်တော်ထင်ရှားရှိဆဲက သီတင်းသုံးတော်မူခဲ့ရာ မြန်မာမှု ဗိသုကာ ပန်းတစ်ဆယ့် နှစ်မျိုးပါ အံ့ဖွယ် သိရီစကြာ ရတနာကျောင်းတော်ကြီးနှင့်

(စ) တစ်ဘဝခန္ဓာ ရုပ်ကလာပ်တော်စံတော်မူရာ ကမ္ဘာတစ်ခွင် ထင်ရှား ကျော်ကြားလှသည့် စဥ့်ကျောင်းတော်ကြီး တို့သို့ သွားရောက်လှည့် လှည် ဖူးမြော်ကြည်ညို နိုင်ကြပါသည်။

ဤသို့၊ စိတ်စေတနာ သဒ္ဓါတရားထက်သန်စွာ ကြည်ညိုကြသူ အပေါင်းတို့ သည် - ကုံလုံဆရာတော်ကြီး၏ ပုံတော်မှသည် ဂုဏ်တော် ဆီသို့ သံဝေဂယူ အနက် ထင်ပွားများ အာရုံပြု၍ သံသရာ မီးတောက်မီးပုံကြီးမှ အပြီးတိုင် ငြိမ်းအေး ချမ်းသာ မှုကို အမှန်တကယ်ရရှိ ခံစား စံစား နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုရင်း နိဂုံးချုပ်လိုက်ပါသတည်း။



ဘဒ္ဒန္တပညာသိရီ ဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊
တိပိဋက ပါဠိ - မြန်မာ အဘိဓာန် ကျမ်းပြုအဖွဲ့ဝင်၊
မင်္ဂလာဗိမာန်ကျောင်း၊
မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊
မန္တလေးမြို့ ဖုန်း ၀၂ - ၃၀၀၄၉။

၂၅၅၂ ခုနှစ်၊
၁၃၇၀ ပြည့်နှစ်၊
တော်သလင်းလဆန်း(၁၃)ရက်၊
၁၂ - ၉ - ၂၀၀၈ ခုနှစ်၊
သောကြာနေ့၊ နေ့လည်(၂)နာရီ။

# (ခ) ရာပြည့်သက်တမ်း အလွှမ်းဖြေရာ မြတ်ပူဇာ

## ခန္ဓာ နှင့် ဂုဏ် ခြားနားပုံ

- ခန္ဓာနှင့်ဂုဏ်၊ နှစ်ခုစုံ၊ ဖြစ်ပုံခြားနားသည်။
- ဤခန္ဓာညစ်၊ ကိုယ်အဖြစ်၊ အပြစ်လွန်များသည်။
- ခန္ဓာကိုယ်မှာ၊ ခဏသာ၊ မကြာပျက်တတ်သည်။
- သိကြားပြဟ္မာ၊ မင်းစကြာ၊ အကာအတိဖြစ်ပါသည်။
- ဖြစ်လာသမျှ၊ ပျက်စီးရ၊ မုချမှန်ပေသည်။
- ကျင့်မြတ်အထူး၊ ဂုဏ်ကျေးဇူး၊ ချီးကျူးမကုန်ပြီ။
- ကမ္ဘာဆုံးတိုင်၊ မပျက်နိုင်၊ ခန့်ခိုင်ဂုဏ်ထူးမည်။
- ဂုဏ်ကျေးဇူးသာ၊ ဤကမ္ဘာ၊ ရှည်ကြာတည်တံ့သည်။

(ဟိတောပဒေသ၊ မိတ္တလာဘ၊ ဂါထာ ၄၉)

## ပြိုင်စံကင်းရှား   လွန်ထူးခြား

- ကံ့လုံထေရ်မော်၊ ဆရာတော်၊ ဖူးမြော်မစဲပြီ။
- ကိုးဆယ့်ခြောက်ဖြာ၊ သက်တော်မှာ၊ ခန္ဓာ (နာမ်ရုပ်) ပြိုကွဲသည်။
- ရူပက္ခန္ဓာ၊ ရှုစရာ၊ လူ့ရွာ ကျန်သေးသည်။
- စဥ့်ကျောင်းဆောင်တော်၊ အံ့ဖွယ်ကျော်၊ ဖူးမြော်နိုင်ပါသည်။
- သံဝေဂတင်၊ ဉာဏ်ဆင်ခြင်၊ ရှုမြင်ပွားသင့်သည်။
- စက်ဆုပ်စရာ၊ ရုပ်ခန္ဓာ၊ ရှုပါအို - - ယောဂီ။
- ရုပ်တစ်ခုသာ၊ မရှုရာ၊ နာမ်ပါ ဖြစ် - ပျက် ရှုရမည်။
- ကံ့လုံထေရ်မြတ် ၊ ရုပ်ကလာပ် ၊ နီးကပ် ဖူးနိုင်သည်။
- ကြောက်ဖွယ် ဘုန်းတန်း၊ အံ့မခန်း ၊ ထူးဆန်းလှပေသည်။
- ဘုန်းတန်ခိုးကား၊ ပြိုင်စံရှား၊ ထူးခြား စုံလင်သည်။

(၃၄) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## ပူဇော်ဦးနိမ် ရာပြည့်ချိန်

☼ တန်ဖိုးနည်းစွာ၊ ရုပ်ခန္ဓာ၊ မကြာပျက်နိုင်သည်။

☼ ပင်းတယကုံလုံ၊ ထေရ်မြတ်ဂုဏ်၊ မွေးထုံသင်းပျံ့သည်။

☼ နာမည်မသေ၊ ခန္ဓာသေ၊ ဂုဏ်တွေကျန်ရှိသည်။

☼ ခန္ဓာနှင့် ဂုဏ်၊ နှစ်ခုစုံ ၊ ကုံလုံထူးဆန်းသည်။

☼ ပူဇော်ထိုက်ရာ၊ မင်္ဂလာ၊ ပူဇာသင့်တော့သည်။

## ကုံလုံဆရာတော်ဘုရားကြီး ပြန်ကြွလာပါပြီ

☼ ရာပြည့်ချိန်ခါ၊ ရောက်လို့လာ၊ သူငါ ဖူးကြမည်။

☼ ကိုယ်ပွားခန္ဓာ၊ ရုပ်တုမှာ၊ ကောင်းစွာပူဇော်မည်။

☼ ဘုန်းတော်, ဂုဏ်တော်၊ ကျေးဇူးတော် ၊ တွေးမျှော်ဖူးကြမည်။

☼ ရာပြည့်သက်တမ်း၊ ဂုဏ်တော်မှန်း၊ အလွမ်းဖြေကြမည်။

☼ ကုံလုံဘုန်းတန်း၊ အံ့မခန်းကို၊
အလွမ်းတော်ဖြေ၊
လွမ်းစိတ်ပြေအောင်၊
ပန်း,ရေ, ဆီမီး ၊ ဆွမ်း , သစ်သီးကို၊
လှူပြီး၍သာ၊ ပူဇော်ရာသည်၊
လိုရာဆန္ဒ ပြည့်စေသော်။
ကုံလုံထေရ မေတ္တာတော်။
ကုံလုံကြွယ်ဝကြစေသော်။
ပိုကာလျှံကျ ရှိစေသော်။



သာသနာ - ၂၅၅၂ ခုနှစ်၊
ကောဇာ - ၁၃၇၀ ပြည့်နှစ်၊
သီတင်းကျွတ်လပြည့် (၁၅)ရက်၊
ခရစ် - ၁၄-၁၀-၂၀၀၈ ခုနှစ်၊
အင်္ဂါနေ့၊ ညနေ(၅)နာရီ။

နန်းတော်ရှေ့- ဘဒ္ဒန္တ ပဝရ
တကောင်းကျောင်းတိုက်၊
၆၂လမ်း၊ ၂၂ × ၂၃လမ်းကြား၊
မန္တလေးမြို့
ဖုန်း ၀၉-၂၀၇၃၄၀၆။

# ၃။ သူ့စေတနာ အပြေရှာ၊ မနေသာ၍ ဖွင့်ဟာရသော်-

ဒကာအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာဘွဲ့)၏ဝါသနာနှင့် စေတနာကိုကူညီဖြည့်စွက် ပါရမီဖြည့်ရသည်မှာ - မလွယ်ကူလှပါ။ တည်းဖြတ်ပြင်ဆင်ပေးရသူတကောင်း ဘုန်းကြီး တစ်ပါးသာမဟုတ်ပါ။ မင်္ဂလာဗိမာန်ဆရာတော်နှင့် ဦးအောင်မြင့်ထွန်း စာအုပ်ထုတ်ဝေတိုင်း ဓမ္မဒါန လှူဒါန်းကြသည့် အလှူရှင်များလည်းအပါအဝင် ဖြစ်ပါသည်။

မင်္ဂလာဗိမာန်ဆရာတော်သည် ဤစာအုပ်၏ ခေါင်းစဉ်နှင့် ရေးသားဖွင့်ဆိုရမည့် အချက်အလက်များကို အကြံဉာဏ်ပေးပါသည်။ ကံ့လုံဆရာတော် ဘုရားကြီး၏ ထူးခြားသော ဂုဏ်ရည်ကို ပေါ်လွင်အောင် ရစနာ ဂါထာများကိုလည်း ရေးသား၍ ဂုဏ်ပြု ပူဇော်ပေးပါသည်။ ဒကာအောင်မြင့်ထွန်း စာအုပ်ထုတ်ဝေသည့်အခါတိုင်း၊ နည်းပေးလမ်းညွှန် ပြသလျက် လိုအပ်ရာရာ အဖွင့်စာ. အဖွင့်ဂါထာများ ရေးသားချီးမြှင့်ကူညီသော ကျေးဇူးကြီးမားလှသည့် ဆရာတော်ကြီးတစ်ပါး ဖြစ်ပါပေသည်။

ဓမ္မဒါန အလှူရှင်များကလည်း ဦးအောင်မြင့်ထွန်း စာအုပ်ထုတ်ဝေသည့်အခါတိုင်း မိမိတို့ စွမ်းအားရှိသမျှ ဓမ္မဒါန အလှူတော်ငွေ ထည့်ဝင်လှူဒါန်းကြသည်။ ပါရမီကူညီ ဖြည့်စွမ်းပေးသည့် သဘောဖြစ်သည်။ သို့ဖြစ်၍ မမေ့မလျော့ အထူးကျေးဇူးတင်ထိုက်သူများ၊ သာဓု ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်များပင် ဖြစ်ကြရပေသည်။

ဘုန်းကြီးသည်၊ ဦးအောင်မြင့်ထွန်းနှင့် လက်တွဲ၍ စာအုပ်များထုတ်ဝေလာခဲ့သည် မှာ - ယခုဆိုလျှင် အုပ် နှစ်ဆယ်ကျော်ခန့် ရှိနေပေသည်။ ဤသို့ဖြင့် စာအုပ်တစ်အုပ်၏ တွေ့ ကြုံ ဖြစ် - ပျက် ခဲ့သမျှသော အခက်အခဲများအားလုံးကို အကုန်အစင် ဒိဋ္ဌ သိမြင် နေလျက်ရှိပါသည်။

စာပေရေးသားပြုစုခြင်းသည် ခက်ခဲနက်နဲသည် မှန်သော်လည်း ငွေကြေးပြည့်စုံဖို့ ရှာဖွေရတာလောက် ခေါင်းမရှုပ်ရပါ။ ဦးအောင်မြင့်ထွန်း ထုတ်ဝေသမျှ စာအုပ်များသည် အလှူရှင်များ ကူညီဖြည့်စွက်သော နဝကမ္မ ဝတ္ထုငွေက သင့်ရုံမျှသာဖြစ်၏။ သူ၏ကိုယ်ပိုင်ငွေကြေးများဖြင့် စာအုပ်ဖြစ်မြောက်အောင် စိုက်ထုတ်၍ ရိုက်နှိပ်ခြင်းကသာ များကြောင်း ထဲထဲဝင်ဝင် ဘုန်းကြီးသိရှိနေပါသည်။

ဤ အံ့ဖွယ်ကိုးဂုဏ် ထေရ်ကံ့လုံ စာအုပ်သည်ပင် တိုက်တွန်းတောင်းပန်သူ

နာယက ဆရာတော်ထံမှ မ. တည်ငွေ အချို့အဝက်မျှသာ ရရှိကြောင်းလည်း ဘုန်းကြီး သိရှိပြီး ဖြစ်ပါသည်။ အဝေးအမြင် (အမှန်တကယ် လုပ်ဆောင်နေကြသူ မဟုတ်သူများ၏ အမြင်)များမှာ ကံ့လုံကျောင်းတိုက်မှ စာအုပ်အတွက် ငွေကြေး လုံလောက်ရုံမျှ မကဘဲ၊ အလျှံအပယ် ရရှိနေလိမ့်မည်ဟု ယူဆနေကြပေလိမ့်မည်။ အမှန်မှာ ထိုသို့မဟုတ်ရပါ။ စာအုပ်တိုင်းနီးပါး ငွေကြေးအခက် အခဲ ကြားမှ သူ၏ စေတနာ , သူ၏ မေတ္တာဖြင့် ကြိုးစားမှု ကြောင့်သာ အလျင်အမြန် ထွက် ပေါ်ခဲ့ခြင်း ဖြစ်သည်။ အခြား စာအုပ်များလည်း ဆက်တိုက် ထွက်ပေါ်နေဆဲ သာဖြစ် ပေသည်။

ဦးအောင်မြင့်ထွန်းသည် ငွေကြေးရရှိမှုအပေါ် အဓိကမထား။ သူ့ဝါသနာအရ - ဗုဒ္ဓ ဘာသာ၊ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ ပြန့်ပွားရေးအတွက် နစ်နစ်ကာကာ ကြိုးပမ်း နေခြင်းသာ ဖြစ်ပေသည်။ စာတစ်လုံး ဘုရားတစ်ဆူဟု ကျမ်းဂန် လာရှိသည်နှင့်အညီ - ဘုရားအဆူပေါင်း များစွာကို တည်လျက် ဘာသာရေးစာပေ များ ရေးသားပြီး၊ ကံ့လုံဆရာ တော်ဘုရားကြီးနှင့်တကွ ဆရာတော်ကြီးများ၏ ကျေးဇူးတော် အနန္တကို စာပေဖြင့် ကျေးဇူးဆပ်နေရလျှင် ကျေနပ်နစ်သက်နေသူ တစ်ဦးသာ ဖြစ်သည်။ ဤလိုလူ ရှာမှ ရှားပေလိမ့်မည်။

ကံ့လုံဆရာတော် ဖြစ်လာမည့် လောင်းလျာဘဝ - သက်တော်. ရွယ်တော် ငယ်စဉ်ကပင် တောထွက်၍ သက်စွန့်ကြိုးပမ်း ပဋိပတ်အလုပ်ကို အားထုတ်ပြီး၊ ခုနစ် ဆယ်ကျော် ရှစ်ဆယ်နီးမှ ဘုန်းတန်ခိုး ထွန်းတောက်တော်မူသော ကျေးဇူးတော်ရှင် ကံ့လုံဆရာတော် ဘုရားကြီး၏ ဘဝဖြစ်စဉ် အကြောင်းအရာများကို လှည်းနေ လှေအောင်းမြင်းဇောင်းမကျန် ကျေးလက်နေ ပြည်သူများအပါအဝင်၊ ကျယ်ကျယ် ပြန့်ပြန့် သိရှိကြည်ညို. ဘာဝနာ ပွားများနိုင်ကြပါစေကြောင်း မေတ္တာရေလောင်း လျက်ဘုန်းကြီးနှင့် ဦးအောင်မြင့်ထွန်းတို့ က ရေးသားဖြန့်ဝေ စီစဉ် ထုတ်ဝေ ပေးလိုက်ရပါကြောင်း - - -။

- ကံ့လုံကျေးဇူး၊ ရှိခဲ့ဖူး၊ အထူးကျေအောင် ဆပ်ပါလေ။
- ထေရ်မြတ်ကံ့လုံ၊ ကျေးဇူးဂုဏ်၊ လွှမ်းခြုံ ဘေးပေါင်း ဝေးပါစေ။

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်(၁၄)ရက်၊ တကောင်းဆရာတော်
၂၈ - ၁၀ - ၂၀၀၈၊ အင်္ဂါနေ့၊ ည(၉း၃၀)နာရီ။

# ထေရုပ္ပတ္တိ အကျဉ်း

## ၁။ ဒသက ဆယ်ပါး - ဘာဝနာပွား

## (၁) ဖွားမြင်တော်မူခြင်း - မန္ဒဒသကအစွယ်

(က) မူလမဟာတိုင်၊ မူလရာသီဇာတာ၊ နဝင်းဇာတာ၊ အထွန်းတိုင်

| | |
|---|---|
| ကလိယုဂ်နှစ် | - ၅၀၂၁ - ခုနှစ်၊ |
| သာသနာနှစ် | - ၂၄၅၁ - ခုနှစ်၊ |
| မြန်မာသက္ကရာဇ် | - ၁၂၆၉ - ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက်၊ |
| ခရစ်နှစ် | - ၁၉၀၈ - ခုနှစ်၊ ဧပြီလ (၄) ရက်၊ စနေနေ့၊ ညနေ (၆း၀၀) နာရီအချိန်၊ တမဲကျေးရွာ၊ ထယ်သွန်းကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် မွေးဖွားသန့်စင်တော်မူသည်။ |
| အရှေ့လောင်ဂျီတွဒ် | - ၉၆ - ဒီဂရီ ၃၇ - မိနစ်၊ |
| မြောက်လတ္တီတွဒ် | - ၂၀ - ဒီဂရီ ၃၇ - မိနစ်၊ (±) ၃ - ဒီဂရီ ၃၂ - မိနစ်၊ |



မူလမဟာတိုင်



မူလရာသီဇာတာ



နဝင်းဇာတာ



အထွန်းတိုင်



ဒွိစက္ကု၊ စက်ဝိုင်းနှစ်လုံးဇာတာ ( ရာသီစက်၊ နဝင်းစက် )

## (၂) ရှင်အဖြစ်သို့ရောက်ခြင်း – ခိဍ္ဍ ဒသက အရွယ်

ဆရာတော်လောင်းလျာသည် အသက်တစ်ဆယ့်သုံးနှစ်အရွယ် ကောဇာ ၁၂၈၂ ခုနှစ်သို့ ရောက်သော် တောင်ကြားကြီးရွာမှ – ရှင်ဒါယကာ ဦးအောင်နှင့်၊ ဒါယိကာမ ဒေါ်ပိုတို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူကာ၊ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး၊ ဘွဲ့အမည်မှာ – ရှင်တေဇနိယ ဖြစ်သည်။ ဘုရားနီကျောင်းဆရာတော်၏ စီစဉ်ပေးချက်အရ မန္တလေးမြို့ အသောကာရာမ ကျောင်းတိုက်၊ ကံသာကျောင်းတွင် ရှင်သာမဏေ လေးဝါရသည့်အထိ ပညာသင်ကြားခဲ့သည်၊

## (၃) ရဟန်းအဖြစ်သို့ရောက်ခြင်း – ဝဏ္ဏ ဒသကအရွယ်

ကံ့လုံဆရာတော်သည်ကား အသက်(၂၀)ပြည့်အရွယ်တွင် ရဟန်းခံရန် မန္တလေးမြို့မှ ရွာသို့ ပြန်ကြွလာသည်။ ရဟန်းဒါယကာများမှာ – တောင်ကြားကြီးရွာနေ ပဍ္ဍင်း ဘကြွေ၊ ဒါယိကာမ ဒေါ်ဆွေ တို့က ကြီးမှူး၍၊ တမဲရွာနေ ဦးဘိုးနီ၊ ဒေါ်လန်း၊ ဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာနှစ် ၂၄၇၁ – ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၈၉ – ခုနှစ်၊ ဝါဆို လဆန်း ၄ – ရက်နေ့၊ စနေနေ့ (အသက် ၁၉ – နှစ်၊ ၆ – လ ပြည့်သောနေ့) နေတက် သုံးချက်တီး အချိန်တွင်၊ ပင်းတယမြို့နယ်၊ ထယ်သွန်းတိုက်၊ ဘုရားနီကျောင်း၊ ခဏ္ဍသိမ်တော်အတွင်း၌၊ ယခုဘော်တွင်းနယ်၊ ငွေတောင်ကျောင်း (ခွေးကုပ်ကျောင်း) ပဒိုဝ်ဆရာတော် ဘဒ္ဒန္တ ကိတ္တိ ကို ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်သည်၊



သာသနာ ၂၄၇၂ ခု၊ ကောဇာ ၁၂၉၀ ခု၊ ခရစ် ၁၉၂၈ ခု
ရဟန်းဖြစ်စ သက်တော်(၂၀) ဒိဋ္ဌဒသက အရွယ်ပုံတော်၊
မော်လမြိုင်ကျောင်း၊မန္တလေးမြို့



သာသနာ ၂၄၉၁ ခု၊ကောဇာ ၁၃၀၉ ခု၊ခရစ် ၁၉၄၇ ခု
သက်တော်(၄၀)၊သိက္ခာဝါတော်(၂၀)၊ဗလဒသက အရွယ်ပုံတော်၊
ဘုရားနီကျောင်း၊ဘုရားနီရွာ။





သာသနာ ၂၅၀၁ ခု၊ ကောဇာ ၁၃၁၉ ခု၊ ခရစ် ၁၉၅၇ ခု၊ သက်တော် (၅၀)၊ သိက္ခာဝါတော် (၃၀)၊
ပညာဒသကအရွယ်ပုံတော်၊ ရွှေပွင့်လင်းကျောင်းဆောင်၊ ဂဠုန်တောင်၊ ကုံလုံကျောင်းတိုက်

## (၂) ကံ့လံ့ဆရာတော်ဘုရားကြီး၏ ဝါဆိုစဉ် အခြေပြဇယား နှင့်

| စဉ် | ဝါဆိုစဉ် | သာသနာ | ကောဇာ | ခရစ် | သက်တော် | ဝါဆိုရာဒေသ |
|---|---|---|---|---|---|---|
| ၁။ | | ၂၄၅၁ | ၁၂၆၉ | ၁၉၀၈ | မွေးဖွားသည် | |
| ၂။ | | ၂၄၆၄ | ၁၂၈၂ | ၁၉၂၀ | ၁၃နှစ် | |
| ၃။ | (၁)ဝါမှ | ၂၄၇၂ | ၁၂၉၀ | ၁၉၂၈ | ၁၉.၆နှစ် | မန္တလေး |
| | (၂)ဝါထိ | ၁၄၇၃ | ၁၂၉၁ | ၁၉၂၉ | ၂၂နှစ် | မော်လမြိုင်ကျောင်း |
| ၄။ | (၃)ဝါမှ | ၂၄၇၄ | ၁၂၉၂ | ၁၉၃၀ | ၂၃နှစ် | ပွေးလှ |
| | (၇)ဝါထိ | ၂၄၇၈ | ၁၂၉၆ | ၁၉၃၄ | ၂၇နှစ် | ကျောက်တောကျောင်း |
| ၅။ | (၈)ဝါ | ၂၄၇၉ | ၁၂၉၇ | ၁၉၃၅ | ၂၈နှစ် | ပွေးလှမြို့အေး(ဝါ) ရေဖြူကျောင်း |
| ၆။ | (၉)ဝါမှ | ၂၄၈၀ | ၁၂၉၈ | ၁၉၃၆ | ၂၉နှစ် | ကလောမြို့နယ် |
| | (၁၀)ဝါထိ | ၂၄၈၁ | ၁၂၉၉ | ၁၉၃၇ | ၃၀နှစ် | သဲကုန်းကျောင်း |
| ၇။ | (၁၁)ဝါမှ | ၂၄၈၂ | ၁၃၀၀ | ၁၉၃၈ | ၃၁နှစ် | ကုန်းသာ |
| | (၁၄)ဝါထိ | ၂၄၈၅ | ၁၃၀၃ | ၁၉၄၁ | ၃၄နှစ် | ဝါးတဲကျောင်း |
| ၈။ | (၁၅)ဝါမှ | ၂၄၈၆ | ၁၃၀၄ | ၁၉၄၂ | ၃၅နှစ် | ဘုရားနီရွာ |
| | (၂၉)ဝါထိ | ၂၅၀၀ | ၁၃၁၈ | ၁၉၅၆ | ၄၉နှစ် | ဘုရားနီကျောင်း |
| ၉။ | (၃၀)ဝါမှ | ၂၅၀၁ | ၁၃၁၉ | ၁၉၅၇ | ၅၀နှစ် | ဂျွန်တောင် |
| | (၄၇)ဝါထိ | ၂၅၁၈ | ၁၃၃၆ | ၁၉၇၄ | ၆၇နှစ် | ရွှေပွင့်လင်းကျောင်း |
| ၁၀။ | (၄၈)ဝါမှ | ၂၅၁၉ | ၁၃၃၇ | ၁၉၇၅ | ၆၈နှစ် | ဂျွန်တောင် |
| | (၅၄)ဝါထိ | ၂၅၂၅ | ၁၃၄၃ | ၁၉၈၁ | ၇၄နှစ် | ဘူးဘုရားကျောင်း |

# တစ်ဘဝ ခန္ဓာ သာသနာမှတ်တမ်း အကျဉ်း

| ရောက်ရှိနေသည့်အရွယ် | သာသနာပြုဆောင်ရွက်ချက်များ |
|---|---|
| မန္ဒ ဒသကအရွယ် | ဖွားမြင်သည်မှ တစ်ဆယ့်သုံးနှစ်အရွယ်ထိ လူဘဝအမည် မောင်ထွန်းသာဖြစ်သည်။ |
| ခိဍ္ဍာ ဒသကအရွယ် | ဦးအောင်နှင့် ဒေါ်ပို တို့၏ပစ္စယာ နုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်သည်။ |
| အသက် ၁၃ နှစ်<br>၁၉ နှစ် ၆လ | ရှင်သာမဏေလေးဝါရသည်ထိ ပညာဆည်းပူးသည်။ ဦးဘိုနီ+ဒေါ်လန်း နှင့် ဒေါ်အေမာ တို့၏ပစ္စယာ နုဂ္ဂဟဖြင့် ငွေတောင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု ရဟန်းဖြစ်သည်။ |
| ဝဏ္ဏ ဒသကအရွယ် | မန္တလေးမြို့ ပွေးလှမြို့တို့တွင် ပရိယတ္တိ၊ ပဋိပတ္တိ ပညာရပ်များ ဆည်းပူးလေ့လာသည်။ ဘဒ္ဒန္တစိတ္တ နှင့် ဘဒ္ဒန္တအာသဘ အားကျောင်းထိုင်နိုင်ရန် စီစဉ်ပေးသည်။ |
| ဝဏ္ဏ ဒသကအရွယ် | တရားအားထုတ်လိုသော အာသီသ အလွန်ပြင်းပြနေသည်။ ဒါယကာ၊ ဒါယိကာမတို့အား ဗုဒ္ဓလမ်းစဉ် နှင့် အညီ တရားဟောကာ လမ်းညွှန်ပြသသည်။ |
| ဝဏ္ဏ ဒသကအရွယ် | အရည ဝါသီ တောရဆောက်တည်၍ ပဋိပတ်ကျင့်စဉ်များကို ကျင့်ကြံပြီး ဒါယကာ၊ ဒါယိကာမတို့အား တရားဟောကာ လမ်းညွှန်ပြသသည်။ |
| ဗလ ဒသကအရွယ်<br>ပညာ ဒသကအရွယ် | သတ္တဝါဝေနေယျတို့အား မေတ္တာထား၍ တစ်သက်ပန် ဘေးမဲ့ သားလွတ်စားသုံးရန် အဓိဋ္ဌာန်ပြုသည်။ အဓိဋ္ဌာန်ပြုသည့်အတိုင်း အမှန်တကယ် ကျင့်ကြံသည်။ |
| ပညာ ဒသကအရွယ်<br>အသက် ၄၇ နှစ် | ဆဋ္ဌသင်္ဂါယနာ ဓမ္မသဘင်ကြီးတွင် ပင်းတယမြို့နယ်၏ သံဃကိုယ်စားလှယ်ဖြစ်သည်။ ပစ္စည်း၊ ကျောင်းနှင့် ဘဝ ကိုပင်စွန့်၍ အောင်မင်္ဂလာဂူတွင် တရားအားထုတ်သည်။ |
| ဟာနိ ဒသကအရွယ်<br>ပဗ္ဘာရ ဒသကအရွယ် | ဂျွန်တောင်သို့ပြောင်းရွှေ့၍ ကျင့်ကြံ တရားအားထုတ်သည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်ကြောင့် အဟိတ်တိရစ္ဆာန် ကျားများပင် လာရောက်မေတ္တာခံယူကြသည်။ |
| ပဗ္ဘာရ ဒသကအရွယ်<br>ဝင်္က ဒသကအရွယ် | ဘူဘုရား၊ ဘူးငန်းနှင့် ပြောင်းပူးကိုးဆူစေတီ စသည့် ထူးဆန်းသော အသီးအနှံများ ကြွရောက်တော်မူလာကြသည်။ ဆရာတော်ကြီး တစ်နေ့တခြား ထင်ရှားလာသည်။ |

(၄၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

| စဉ် | ဝါဆိုစဉ် | သာသနာ | ကောဇာ | ခရစ် | သက်တော် | ဝါဆိုရာဒေသ |
|---|---|---|---|---|---|---|
| ၁၁။ | (၅၅)ဝါမှ | ၂၅၂၆ | ၁၃၄၄ | ၁၉၈၂ | ၇၅နှစ် | ဂဠုန်တောင် |
| | (၆၁)ဝါထိ | ၂၅၃၂ | ၁၃၅၀ | ၁၉၈၈ | ၈၁နှစ် | ပါရမီကျောင်း |
| ၁၂။ | (၆၂)ဝါမှ | ၂၅၃၃ | ၁၃၅၁ | ၁၉၈၉ | ၈၂နှစ် | ဂဠုန်တောင် |
| | (၆၄)ဝါထိ | ၂၅၃၅ | ၁၃၅၃ | ၁၉၉၁ | ၈၄နှစ် | ဦးကြည်မောင်ကျောင်း |
| ၁၃။ | (၆၅)ဝါမှ | ၂၅၃၆ | ၁၃၅၄ | ၁၉၉၂ | ၈၅နှစ် | ဂဠုန်တောင် |
| | (၆၆)ဝါထိ | ၂၅၃၇ | ၁၃၅၅ | ၁၉၉၃ | ၈၆နှစ် | ဦးစံငြိမ်းကျောင်း |
| ၁၄။ | (၆၇)ဝါ | ၂၅၃၈ | ၁၃၅၆ | ၁၉၉၄ | ၈၇နှစ် | အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိ(စ်)မြို့ |
| ၁၅။ | (၆၈)ဝါမှ | ၂၅၃၉ | ၁၃၅၇ | ၁၉၉၅ | ၈၈နှစ် | ဂဠုန်တောင် |
| | (၇၄)ဝါထိ | ၂၅၄၅ | ၁၃၆၃ | ၂၀၀၁ | ၉၄နှစ် | ဦးစံငြိမ်းကျောင်း |
| ၁၆။ | (၇၅)ဝါမှ | ၂၅၄၆ | ၁၃၆၄ | ၂၀၀၂ | ၉၅နှစ် | ဂဠုန်တောင် |
| | ပျံလွန်သည်ထိ | ၂၅၄၇ | ၁၃၆၅ | ၂၀၀၃ | ၉၆နှစ် | သိင်္ဂီစကြာရတနာကျောင်း |

❁ မိမိဘဝက နေမထူး သေမထူးပါ။

❁ မိမိဘဝက ကုသိုလ်လည်းမလိုပါ၊ အကုသိုလ်လည်းမလိုပါ။

❁ မိမိကိုအကြောင်းပြုပြီး ဩဝါဒခံယူသူတွေ
အကျိုးပေးဖြစ်ထွန်းတာကိုပဲ လိုတယ်။

သည်းခံ - ကျိုးရှိ၊ တိုး၏ - ကုသိုလ်၊
ဆုံးဘဝ၊ သုံး ရအောင် မင်္ဂဖိုလ်။

| ရောက်ရှိနေသည့်အရွယ် | သာသနာပြုဆောင်ရွက်ချက်များ |
|---|---|
| ဝတ် အသက်အရွယ်<br>မောဟမှု အသက်အရွယ် | ဂျွန်တောင်၊ ပါရမီကျောင်း၊ လှိုင်ကော်တွင် ဝါဆို၍ သာသနာပြုတော်မူသည်။<br>သိဒ္ဓိပေါက်အောင်မြင်နေသော ဆရာတော်ကြီးတစ်ပါးဟု ပြောဆိုနေကြပေသည်။ |
| မောဟမှု အသက်အရွယ်<br>အသက် ၀၄ နှစ် | ဦးကြည်မောင်၊ ဦးစံငြိမ်းကျောင်း တို့တွင် ဝါဆိုသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်<br>အစိုးရအဖွဲ့၏ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့ ဆက်ကပ်ခြင်းခံရသည်။ |
| မောဟမှု အသက်အရွယ် | ဘဒ္ဒ တောင်တော်တွင် သာသနာပြုတော်မူသည်။ ပြည်တော်အေး စေတီသစ်ကြီး<br>တည်ထားကိုးကွယ်တော်မူသည်။ ဘုရားပွင့်ရာ မဇ္ဈိမ ဒေသသို့ ကြွတော်မူသည်။ |
| မောဟမှု အသက်အရွယ် | အမေရိကန်နိုင်ငံသို့ကြွရောက် သာသနာပြုသည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်<br>ကြောင့် နိုင်ငံခြားသားများ အောင်မြင်မှုရရှိသဖြင့် ဝမ်းသာစွာ လာလျှောက်ကြသည်။ |
| သယန အသက်အရွယ် | ပြည်တော်ငြိမ်းချမ်းရေး ဆုတောင်းပြည့် နှင့် သိရိမင်္ဂလာသိဒ္ဓိ အောင်မြေ စေတီတော်<br>တည်ထားသည်။ ကုံလုံသာသနာ့ ဗိမာန်တော် ဆောက်၍ ရေအလှူတော်ပြုသည်။ |
| သယန အသက်အရွယ် | ၁၉၀၀ (၁ ပ ဓာတ်ရှင်) စေတီတော်သစ်များ တည်ထားကိုးကွယ်သည်။ မြင်းကျော်<br>တောင် သဝါပဋ္ဌာန်ဌာနကို ပို၍ တိုးချဲ့ခဲ့၏။ သဲကုန်းမူလတန်း ကျောင်းအား အလယ်<br>တန်းကျောင်းအဖြစ် မြှင့် တင်၍ နှစ်ထပ် စာသင်ဆောင် နှစ်ထပ် ကွန်ပျူတာဆောင် နှင့်<br>ဆရာ, ဆရာမများ နေဆောင်တို့ကို ပန်းအလှဥယျာဉ်နှင့်တကွ ဆောက်လုပ် လှူဒါန်း<br>သည်။ သိဂီစကြာ ရတနာ ကျောင်း တော်ကြီး ဆောက်လုပ်သည်။ မဟာ သိရိမင်္ဂလာ<br>မြတ်စွာ ဘုရား တည်ထားကိုးကွယ် ရန် စီစဉ်တော်မူခဲ့သည်။ ရုပ်ကလာပ် တော်ထား<br>တော်မူရန် စဉ့်ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်ရန် ဩဝါဒ ပေးခဲ့သည်။ |

ကြံစည်သမျှ၊ အောင်လိုက၊ သီလပြည့်ပါစေ။

သီလရှိ၊ သမာဓိရ၊ သူ့နောက်က၊ ဉာဏ်ပွင့်လင်းပေ။

# ကိုလုံဆရာတော် နေ့စဉ် ရွတ်ပွားပူဇော်သည့် အန္တရာယ်တွေ ကင်း ရန်တွေရှင်း ဂါထာတော်

## ၁။ (က)ဖွေ့လွှန်ပြည်တော်ပြန် ဂါထာတော် (ဝါ)

### အနန္တသိဒ္ဓိ ဂါထာတော်

❁ ဥုံ ကြကတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ။
သတ္တ ဗောဇ္ဈင်္ဂေါ၊ အရိယော အဋ္ဌင်္ဂိ ကော မဂ္ဂေါ။
စတုသတိ ပဋ္ဌာနံ၊ သဗ္ဗသက္ကနွော သဟာသ သုရိယော။
ဩကာင်းနမောမေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊
အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊
ဇေယျော ဇေယျတု မင်္ဂလံ၊ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ၊
ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မံ၊ ပဏ္ဍိတာ ခမာတိ။



◄ ၉ - ၁၀ - ၂၀၀၃ (ကြာသပတေးနေ့) မှတ်တမ်းတင်သည်။

ကိုလုံဆရာတော်လောင်းလျာ ရဟန်းဖြစ်တော်မူခဲ့ရာ ခဏ္ဍသိမ်တော် နှင့် ဘုရားနီရှေးဟောင်းစေတီတော်အား မြပြင်မှမ်းမံဆဲပုံတော်

# သာသနာပြုဆောင်ရွက်ချက်များ

ကံ့လုံဆရာတော်ကြီး သည် နေရာဒေသအသီးသီးသို့ ကြွရောက် ချီးမြှင့် ပေးခဲ့၏။

(၁) ကောဇာ ၁၃၅၃ ခု၊ တပေါင်းလတွင် မွန်ပြည်နယ် ရှိ ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်သို့လည်းကောင်း၊

(၂) ကောဇာ ၁၃၅၄ ခု၊ ကဆုန်လဆန်းတွင် ထိုင်းနိုင်ငံမှ အပြန် ရခိုင်ပြည်နယ်၊ ကျောက်တော် - သိရီဂုတ္တတောင် မဟာမုနိဘုရားသို့ (ပထမအကြိမ် )လည်းကောင်း၊ ကောဇာ ၁၃၆၂ ခုနှစ် တွင် (ဒုတိယအကြိမ်)လည်းကောင်း၊

(၃) ကောဇာ ၁၃၅၄ ခု၊ တန်ဆောင်မုန်းလဆန်းတွင် မိုးကုတ်မြို့သို့လည်းကောင်း၊

(၄) ကောဇာ ၁၃၅၄ ခု၊ ပြာသိုလဆန်းနှင့် ကောဇာ ၁၃၆၂ခု တန်ဆောင်မုန်းလဆန်းတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ် - ကွန်ဟိန်းသို့ လည်းကောင်း၊

(၅) ကောဇာ ၁၃၅၅ ခုတွင် မန္တလေး၊ ပုဂံ - ညောင်ဦး၊ မင်းဘူး ရွှေစက်တော် ဘုရားနှင့် စန္ဒကူးနံ့သာ ကျောင်းတော်ရာတို့သို့ လည်းကောင်း ကြွရောက်၍ ဗုဒ္ဓသာသနာအတွက် ကြိုးစား ရွက်ဆောင်ခဲ့သည်။

## ၁။ ပြည်တော်အေး ဆုတောင်းပြည့်စေတီတော် ၏

### (က) မင်္ဂလာအခါတော် ရက်မြတ်များ

(၁) မြေသန့်မင်္ဂလာ - သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄၊ တန်ဆောင်မုန်းလပြည့် တနင်္လာနေ့၊ ခရစ် ၂၅ - ၁၁ - ၉၂၊ နံနက် ၇း၀၀ နာရီ၊

(၂) ပန္နက်တင်မင်္ဂလာ - သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄၊ တန်ဆောင်မုန်း လပြည့် တနင်္လာနေ့၊ ခရစ် ၂၅ - ၁၁ - ၉၂၊ နံနက် ၉း၀၀ နာရီ၊

(၃) အုတ်မြစ်စီမင်္ဂလာ - သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄၊ တပေါင်းလဆန်း (၁၄) ရက်၊စနေနေ့၊ ခရစ် ၆ - ၃ - ၉၃၊ နံနက် ၉း၀၀ နာရီ၊

(၄) ပန်းလည်တိုင်ထူမင်္ဂလာ - သာသနာ ၂၅၃၆၊ကောဇာ ၁၃၅၅၊တန်ခူးလဆန်း (၁၄) ရက်၊ တနင်္လာနေ့၊ ခရစ် ၅ - ၄ - ၉၃၊ နံနက် ၆း၀၀ နာရီ၊

(၅) သတ္တဌာနတည်မင်္ဂလာ - သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅၊ နယုန်လပြည့် စနေနေ့၊ ခရစ် ၁၇ - ၆ - ၉၃၊ မွန်းတည့် ၁၂း၀၀ နာရီ၊

(၆) အထက်ဌာပနာသွင်းမင်္ဂလာ - သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ စနေနေ့၊ ခရစ် ၂၇ - ၁၁ - ၉၄၊ နံနက် ၁၁း၀၀ နာရီ၊

(၄၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

(၇) အရံစေတီ လေးဆူ အုတ်မြစ်စီ မင်္ဂလာ - သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅၊ နတ်တော်လဆန်း (၁၁)ရက်၊ သောကြာနေ့၊ ခရစ် ၂၄ - ၁၂ - ၉၃၊ နံနက်(၁၀) နာရီ။

(၈) ၄က်ပျောဖူး ဌာပနာ သွင်း မင်္ဂလာ - သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅၊ ပြာသို လဆန်း (၄)ရက်၊ စနေနေ့၊ ခရစ် ၁၅ - ၁ - ၉၄၊ နံနက် ၇း၀၀ နာရီ။

(၉) အရံစေတီ လေးဆူ ဌာပနာသွင်း မင်္ဂလာ - သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅၊ ပြာသိုလဆန်း (၇)ရက်၊ အင်္ဂါနေ့၊ ခရစ် ၁၈ - ၁ - ၉၄၊ နံနက် ၇း၀၀ နာရီ။

(၁၀) စိန်ဖူးတော် ၄က်မြတ်နားတော်နှင့် ထီးတော်တင်လှူ မင်္ဂလာ - သာသနာ ၂၅၃၉၊ ကောဇာ ၁၃၅၇၊ကဆုန်လပြည့် ၊စနေနေ့၊ ခရစ် ၁၃ - ၅ - ၉၅၊ နံနက် ၉း၀၀ နာရီ။

## ( ခ ) မော်ကွန်းမှတ်တမ်း

ဗုဒ္ဓ သာသန် စိရံတိဋ္ဌတု ၊ သာသနာသက္ကရာဇ် - ၂၅၃၉ ခုနှစ်

ကောဇာသက္ကရာဇ် - ၁၃၅၇ ခုနှစ်၊ ခရစ်နှစ် - ၁၉၉၅ ခုနှစ်၊

# ပြည်တော်အေး ဆုတောင်းပြည့် စေတီတော် မော်ကွန်းစာတမ်း

ကျေးဇူးတော်ရှင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယဘွဲ့တော် ခံ၊ ကုံလုံဆရာတော်ဘုရားကြီးဦးစီး၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊(နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်)နှင့်ဇနီးDrဒေါ်ခင်ဝင်းရွှေတို့၏ ပံ့ပိုးမှု၊ ရန်ကုန် စံကျောင်းဒါယကာ သီဟသုဓမ္မ မဏိဇောတဓရ ဦးစံငြိမ်း+ ဒေါ်သိန်းဝင်း အမှတ်(၈၂၀)၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့တို့မှ ကြီးကြပ်မှုဖြင့် တည်ထားကိုးကွယ်တော်မူသည့် "ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်ကြီး၊ အရံစေတီ လေးဆူ၊ စေတီတော် မုခ်ပြာသာဒ် လေးလုံး၊ ရင်ပြင်၊ မဟာရံတံတိုင်း၊ တန်ဆောင်းပြာသာဒ်သုံးဖက်" တို့ကို ကုံလုံဆရာတော် ဘုရားကြီး နှင့် တကွ မိုးကုတ်မြို့မှ အများဒါယကာ၊ ရန်ကုန်မြို့မှ အများဒါယကာ၊ မန္တလေးမြို့မှ အများ ဒါယကာ အနယ်နယ်အရပ်ရပ်တို့မှ အများဒါယ ကာတို့က ကုသိုလ်ပါဝင်လှူဒါန်း ထားကြပါ သည်။

ဤလှူဒါန်းမှုကုသိုလ်အစုစုတို့အတွက် နိဗ္ဗာန်ကို ရည်မှန်း၍ နတ်လူ သာဓုခေါ်စေသော - ကုန်ကျငွေစုစုပေါင်း = ၄၂,၀၁၈,၉၀၃/ -ကျပ်။

(ကျပ်သိန်းလေးရာ့နှစ်ဆယ်နှင့် တစ်သောင်း ရှစ်ထောင့်ကိုးရာသုံးတိတိ)

## ၂။ ပြည်တော်ငြိမ်းချမ်းအေး ဆုတောင်း ပြည့် စေတီတော် ၏

### (က) မင်္ဂလာအခါတော် ရက်မြတ်များ

| စဉ် | မင်္ဂလာ | သာသနာနှစ် | မင်္ဂလာအခါတော် ရက်မြတ်များ | |
|---|---|---|---|---|
| | | | မြန်မာသက္ကရာဇ် | ခရစ်နှစ် |
| ၁။ | ပန္နက်တင် | ၂၅၄၁ | ၁၃၆၀ - ပြည့်နှစ်၊ တပို့တွဲ လဆန်း (၇)ရက် | ၂၃ - ၁ - ၉၉၊ စနေနေ့ နံနက် ၇း၀၀နာရီ |
| ၂။ | အုတ်မြစ်စီ | ၂၅၄၁ | ၁၃၆၀ - ပြည့်နှစ်၊ တပေါင်း လဆန်း (၇)ရက် | ၂၁ - ၂ - ၉၉၊ တနင်္ဂနွေ နံနက် ၈း၃၀နာရီ |
| ၃။ | သတ္တဋ္ဌာနတည် | ၂၅၄၃ | ၁၃၆၂ - ခုနှစ်၊ တပို့တွဲ လဆန်း (၉)ရက် | ၁ - ၂ - ၂၀၀၁၊ အင်္ဂါ နံနက် ၇း၃၀နာရီ |
| ၄။ | အထက်ဌာပနာသွင်း | ၂၅၄၄ | ၁၃၆၃ - ခုနှစ်၊ ကဆုန် လဆန်း (၁၄)ရက် | ၅ - ၅ - ၂၀၀၁၊ စနေ နံနက် ၇း၃၀နာရီ |
| ၅။ | ပင်မစေတီ ထီးတော် ပထမဘုံဆင့်နှင့်အရံ စေတီ ၊ ထီး တော် (၄၄)ဆူ တင်လှူ၏။ | ၂၅၄၆ | ၁၃၆၅ - ခုနှစ်၊ကဆုန် လဆန်း(၈)ရက် | ၈ - ၅ - ၂၀၀၃ ကြာသပတေးနေ့ နံနက် ၉း၀၀နာရီ |
| ၆။ | စိန်ဖူးတော်၊ငှက်မြတ် နားတော်နှင်ကျန်ထီး တော်ဘုံဆင့်များတင် လှူသည်။ | ၂၅၄၆ | ၁၃၆၅ - ခုနှစ်၊ ကဆုန် လဆန်း (၁၀)ရက် | ၁၀ - ၅ - ၂၀၀၃၊ စနေ နံနက် ၉း၀၀နာရီ |

(၄၈) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## (ခ) ထီးတော် နှင့် စိန်ဖူးတော် တင်လှူပွဲ သတင်းဖော်ပြချက်များ (၂-၅-၂၀၀၃၊ ၄-၅-၂၀၀၃)


ပဏ္ဍိတာနဥ္စသေဝနာ ဧတံမင်္ဂလမုတ္တမံ ပညာရှိကိုဆည်းကပ်ခြင်းသည်မြတ်သောမင်္ဂလာမည်၏

# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်၊ ၂၀၀၃ ခုနှစ် မေ ၂ရက်၊ သောကြာနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၁၂)


[illegible]

ရန်ကုန် မေ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကုံလုံ ပရိယတ္တိ စာ သင်တိုက် အတွင်း၌ နိုင်ငံတော် ဩဝါ ဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဘဒ္ဒန္တတေဇနိယ ကုံလုံဆရာတော်ကြီး အမှူးပြု၍ တည်ထား ကိုးကွယ်အပ်သောဉာဏ်တော်၁၀၈ပေအမြင့်ရှိ ပြည်တော်ငြိမ်းချမ်းအေး ဆုတောင်းပြည့် စေတီတော်မြတ် ကြီး ၏ထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲအခမ်းအနားကို ၁၃၆၅ ခုနှစ် ကဆုန်လဆန်း ၁၀ရက် (မေ ၁၀ ရက်)၊ စနေနေ့၊ နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်ရာကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)


# ကြေးမုံ
The Mirror


[illegible]

အကြားအမြင်များခြင်းသည်
မြတ်သောမင်္ဂလာမည်၏


၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ၊ တနင်္ဂနွေနေ့၊ ( ၄ -၅ -၂၀၀၃ )(၃၈၆၀)

## ကုံလုံ ပြည်တော်ငြိမ်းချမ်းအေး ဆုတောင်းပြည့်စေတီတော် ထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲ

ရန်ကုန် မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကုံလုံပရိယတ္တိစာသင်တိုက်အတွင်း၌ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ကုံလုံ ဆရာတော် ကြီးအမှူးပြု၍ တည်ထား ကိုးကွယ် အပ်သော ဉာဏ်တော် ၁၀၈ ပေအမြင့်ရှိ ပြည်တော်ငြိမ်း ချမ်း အေး ဆုတောင်းပြည့် စေတီတော် မြတ်ကြီး၏ ထီးတော် နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲ ဒခမ်းအနားကို ၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ မေ ၁၀ ရက်(စနေနေ့) နံနက် ၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

Dahammacariya ca.lawful-conduct:this is the way to auspiciousness.

*The* NEW LIGHT OF MYANMAR

Volume XI , Number 25     11th Waxing of Kason 1365 ME     Sunday, 11May, 2003

# Secretary-1 attends ceremony to hoist Shwehtidaw atop Pyitaw Nyeinaye Pagoda

YANGON, 10 May— Secretary-1 of the State Peace and Development Council General Khin Nyunt left here by air this morning and arrived at Heho Airport in Shan State at 7.45 am.

Accompanied by Member of the State Peace and Development Council Lt-Gen Aung Htwe, the ministers, the Chief of Staff (Navy), the deputy ministers, officials of the State Peace and Development Council Office, departmental heads and officials, the Secretary-1 was welcomed there by Chairman of Shan State Peace and Development Council Commander of Eastern Command Maj-Gen Khin Maung Myint, military and civilian officers, national race leaders of Shan State (South) Special Region-6 and officials.

Afterwards, the Secretary-1 and party, accompanied by Commander Maj-Gen Khin Maung Myint, arrived at Konlon Pariyatti Monastery in Pindaya Township where they were welcomed by departmental personnel and local people. At 9 am, the ceremony to hoist Htidaw, Hnget myatnadaw and Seinbudaw atop Pyitaw Nyein aye Hsutaungpyay Pagoda.

MNA.

## ၃။ (က) စမကြီး လေးလုံး ( စမ ဓာတ်ရှင် ) စေတီတော် အသစ်တည်ထား ကိုးကွယ်ခြင်း




အရှဟံ သခင် စကြာရှင်၊ "ဝ" လုံး သခင် စကြာရှင်

ဓာတ်ဝိဇ္ဇာ သခင် စကြာရှင်၊ "စမ" သခင် စကြာရှင်

"စမ" ဘုရား "စောင့်မ" ထား ဟူသော တစ်ဘောင်နှင့်အညီ -

ဘုရားတပည့်တော်တို့ သာဝကများက ကျေးဇူးရှင် ကုံလုံဆရာတော်ဘုရားကြီး အား ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာများ ကင်းစင်စေရန် ရည်မှန်း၍ ဤ "စမ" စေတီတော်ဘုရားအား တည်ထားကိုးကွယ်ပါသည် ဘုရား။

ဤမှန်ကန်သော သစ္စာ အဓိဋ္ဌာန်ကြောင့် ဤနေ့၊ ဤရက်၊ ဤအချိန် မှစ၍ ကျေးဇူးရှင် ကုံလုံဆရာတော်ဘုရားကြီးသည် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာများ ပိန်းကြာ ရွက်ပေါ်တွင် ရေမတင်သကဲ့သို့ ကင်းစင် လွင့်ပျောက်ပါစေသတည်း။

စမကြီးလေးလုံးစေတီတော်နှင့်တစ်ပြိုင်နက်တည်းမှာပင် စမဂြိုဟ်ပြေန်ပြေ စေတီ တော်ကိုလည်း အသစ်တည်ထားကိုးကွယ်ခဲ့ရာ ကုံလုံဆရာတော် ဘုရားကြီး ကိုယ်တိုင် သက်တော် ထင်ရှားရှိဆဲမှာပင် နောက်ဆုံး အုတ်မြစ်စီမင်္ဂလာ ကျင်းပပေး ခဲ့ပါသည်။

## ( ခ ) စမကြီးလေးလုံး ဗုဒ္ဓဝန္ဒနာ

- စက္ခုမာ စရ မာစိဏ္ဏော၊ "စ" ကာရော ကကုသန္ဓော ဗုဒ္ဓေါ တေဇော ဓာတု "စ"။
- မဟူညှ မဟူသာမိကော၊ "မ" ကာရော ကောဏာဂမနော ဗုဒ္ဓေါ ဝါယော ဓာတု "မ"။
- ပလူပေတော ပလဓရော၊ "ပ" ကာရော ကဿပေါ ဗုဒ္ဓေါ အာပေါ ဓာတု "ပ"။
- ဝရဒေါ ဒေဝ မေဝရုံ၊ "ဝ" ကာရော ဂေါတမော ဗုဒ္ဓေါ ပထဝီ ဓာတု "ဝ"။

မူလ စမကြီးလေးလုံး ဂါထာလေးကြောင်းကို ဘုရားလေးဆူ၊ ဓာတ်လေးပါး၊ "စမ" လေးလုံးပါဝင်အောင် ဖွဲ့သီထားသည်ကို တွေ့ရပါသည်။

၁။ ကကုသန်မြတ်စွာဘုရား၏ "တေဇောဓာတ် လေးပါး"၊

၂။ ကောဏာဂုံမြတ်စွာဘုရား၏ "ဝါယောဓာတ် ခြောက်ပါး"၊

၃။ ကဿပမြတ်စွာဘုရား၏ "အာပေါဓာတ်တစ်ဆယ့်နှစ်ပါး" နှင့်

၄။ ဂေါတမမြတ်စွာဘုရား၏ "ပထဝီဓာတ်နှစ်ဆယ်" နှင့်တကွ တန်ခိုးတော်တို့ သည် ဘုရားတပည့်တော်တို့၏ဦးထိပ်ထက်၌ တည်တော်မူကြပါကုန်ဘုရား။

# ၄။ စေတီအမည်၊ အမျိုးအစား၊ ဉာဏ်တော်အမြင့်

| စဉ် | | စေတီအမည် | အမျိုးအစား | ဉာဏ်တော် (တောင်) | စတင်သည့် ကောဇာနှစ် |
|---|---|---|---|---|---|
| ၁။ | | ကုံလုံကျောင်း | | | |
| | (က) | ရွှေပွင့်လင်းဆုတောင်းပြည့် | မွန်းမံ | ၃၀ | |
| | (ခ) | ကောင်းမှုရှင်စေတီ | အသစ် | ၃၅ | ၁၃၆၅ |
| | (ဂ) | အေးမြစေတီ | အသစ် | ၁၅ | |
| ၂။ | | ဘဒ္ဒကုန်း (အောက်) | | | |
| | (က) | သီဟတာဟုစေတီ | မွန်းမံ | ၃၅ | |
| | (ခ) | ပုညသုရိယစေတီ | အသစ် | ၁၈ | |
| | (ဂ) | စန္ဒသုရိယလာဘမုနိစေတီ | အသစ် | ၁၇ | ၁၃၆၀ |
| ၃။ | | ဘဒ္ဒကုန်း (အထက်) | | | |
| | (က) | ရန်မျိုးအောင်စေတီ | မွန်းမံ | ၃၅ | |
| | (ခ) | စေတီရံ (၁) | မွန်းမံ | ၂၇ | |
| | (ဂ) | စေတီရံ (၂) | အသစ် | ၁၇ | |
| ၄။ | | ဘုရားနီစေတီ | မွန်းမံ | ၂၇ | ၁၃၆၄ |
| ၅။ | | ပြည်တော်အေးစေတီ | အသစ် | ၅၁ | ၁၃၅၄ |
| ၆။ | | ရွှေဘုန်းပွင့်စေတီ | မွန်းမံ | ၄၉ | ၁၃၅၆ |
| ၇။ | | မြင်းကျော်တောင် | | | |
| | (က) | နောင်တော်စေတီ | မွန်းမံ | ၂၇ | |
| | (ခ) | ညီတော်စေတီ | မွန်းမံ | ၂၇ | ၁၃၅၇ |
| | (ဂ) | ရန်ကြီးအောင်စေတီ | အသစ် | ၂၇ | |
| ၈။ | | မြသပိတ်စေတီ | | | |
| | (က) | စေတီ | မွန်းမံ | ၃၀ | |
| | (ခ) | စေတီရံ (၁) | မွန်းမံ | ၁၇ | |
| | (ဂ) | စေတီရံ (၂) | မွန်းမံ | ၁၇ | |

(၅၂) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

| စဉ် | | စေတီအမည် | အမျိုးအစား | ဉာဏ်တော် (တောင်) | စတင်သည့် ကောဇာနှစ် |
|---|---|---|---|---|---|
| ၉။ | | ရွှေချက်သိုစေတီ | အသစ် | ၃၀ | ၁၃၅၉ |
| ၁၀။ | | ရွှေကုန်းသာ (ယာ) စေတီ | မွမ်းမံ | ၄၇ | ၁၃၅၇ |
| ၁၁။ | | သိဒ္ဓိရှင်အောင်ချမ်းသာရှာန် | မွမ်းမံ | ၂၇ | ၁၃၅၉ |
| ၁၂။ | | ကုဏ္ဍာသယမိုးကောင်းစေတီ | မွမ်းမံ | ၂၇ | ၁၃၅၉ |
| ၁၃။ | | ပြင်သာစေတီ | | | |
| | (က) | စေတီ | မွမ်းမံ | ၄၅ | ၁၃၆၀ |
| | (ခ) | စေတီရံ (၁) | မွမ်းမံ | ၁၇ | |
| | (ဂ) | စေတီရံ (၂) | မွမ်းမံ | ၁၇ | |
| | (ဃ) | စေတီရံ (၃) | အသစ် | ၁၇ | |
| | (င) | စေတီရံ (၄) | အသစ် | ၁၇ | |
| | (စ) | စေတီရံ (၅) | အသစ် | ၂၆ | |
| ၁၄။ | | မိုးကောင်းဆုတောင်းပြည့်စေတီ | မွမ်းမံ | ၂၇ | ၁၃၅၉ |
| ၁၅။ | | သိဒ္ဓိရှင်ရန်အောင်မြင်စေတီ | မွမ်းမံ | ၃၀ | ၁၃၆၀ |
| ၁၆။ | * | အောင်သိဒ္ဓိမင်္ဂလာစေတီ | အသစ် | ၄၅ | ၁၃၅၈ |
| ၁၇။ | | ဖောင်ဆိုင်းစေတီ | မွမ်းမံ | ၂၇ | ၁၃၅၉ |
| | (က) | စေတီရံ (၁)၁ | မွမ်းမံ | ၁၇ | ၁၃၆၀ |
| | (ခ) | စေတီရံ (၂) | မွမ်းမံ | ၁၇ | ၁၃၆၀ |
| | (ဂ) | စေတီရံ (၃) | အသစ် | ၁၇ | ၁၃၆၀ |
| | (ဃ) | စေတီရံ (၄) | အသစ် | ၁၇ | ၁၃၆၀ |
| ၁၈။ | | အလိုတော်ပြည့်မြသိန်းတန် | မွမ်းမံ | ၃၇ | ၁၃၆၀ |
| ၁၉။ | | စန္ဒသူရိယလာဘမုနိ (ပါတူး) | မွမ်းမံ | ၁၇ | ၁၃၆၀ |
| ၂၀။ | | ပြည်တော်ငြိမ်းချမ်းအေးစေတီ | အသစ် | ၄၅ | ၁၃၆၀ |
| ၂၁။ | | နဂါးရုံဘုရား | အသစ် | ၆ | ၁၃၆၁ |
| ၂၂။ | | ဓမ္မရတနာအောင်မင်္ဂလာဝူ | အသစ် | ၂၁ | ၁၃၆၂ |
| ၂၃။ | | ဖောင်ကိုင်းစေတီ | မွမ်းမံ | ၂၇ | ၁၃၅၉ |
| ၂၄။ | | ပုပ္ပါးဘုရားတိုက် | မွမ်းမံ | | |

# ၅။ ရွှေဘော်နှင်း စေတီတိုက်ရှိ စေတီအမည်၊ အမျိုးအစား၊

| စဉ် | စေတီအမည် | အမျိုးအစား | သာသနာ နှစ် | စတင်သည့် ကောဇာနှစ် |
|---|---|---|---|---|
| ၁။ | ရွှေဘော်နှင်းစေတီ(ပင်မ) | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၂။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၃။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၄။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၅။ | ရှစ်ဌာနဂန္ဓကုဋီစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၆။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၇။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၈။ | ရှစ်ဌာနဂန္ဓကုဋီစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၉။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၁၀။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၁၁။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၅ | ၁၃၆၀ |
| ၁၂။ | ရှစ်ဌာနစေတီ(အဂ်ါ) | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၁၃။ | ရှစ်ဌာနစေတီ(အဂ်ါ) | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၁၄။ | ရှစ်ဌာနစေတီ(တနင်္လာ) | မွမ်းမံ | ၂၅၄၃ | ၁၃၆၀ |
| ၁၅။ | ရှစ်ဌာနစေတီ(တနင်္လာ) | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၁၆။ | ရှစ်ဌာနစေတီ(အဂ်ါ) | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၁၇။ | ရှစ်ဌာနစေတီ(ဗုဒ္ဓဟူး) | မွမ်းမံ | ၂၅၄၅ | ၁၃၆၀ |
| ၁၈။ | ရှစ်ဌာနစေတီ(တနင်္ဂနွေ) | မွမ်းမံ | ၂၅၄၄ | ၁၃၆၀ |
| ၁၉။ | ရှစ်ဌာနစေတီ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၂၀။ | ရှစ်ဌာနစေတီ(အဂ်ါ) | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၂၁။ | စေတီရံ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၂၂။ | စေတီရံ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၂၃။ | စေတီရံ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |

(၅၄) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

| စဉ် | စေတီအမည် | အမျိုးအစား | သာသနာနှစ် | စတင်သည့်ကောဇာနှစ် |
|---|---|---|---|---|
| ၂၄။ | စေတီရံ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၂၅။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၂၆။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၂၇။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၂၈။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၂၉။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၀။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၁။ | စေတီရံ | မွမ်းမံ | ၂၄၅၆ | ၁၃၆၄ |
| ၃၂။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၃။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၄။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၅။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၆။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၇။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၈။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၃၉။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၀။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၁။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၂။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၃။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၄။ | စေတီရံ | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၄၅။ | ထိုးပုံစေတီ | အသစ် | ၂၅၄၃ | ၁၃၆၁ |
| ၄၆။ | ရှစ်သောင်းလေးထောင်စေတီ | မွမ်းမံ | ၂၅၄၄ | ၁၃၆၂ |
| ၄၇။ | ရွှေဘော်နှင်းကျောင်း | အသစ် | ၂၅၄၄ | ၁၃၆၂ |
| ၄၈။ | ပြာသာဒ်ကျောင်းဆောင် | အသစ် | ၂၅၄၆ | ၁၃၆၄ |
| ၄၉။ | ခြေတော်ရာတစ်ဆူ | အသစ် | ၂၅၄၆ | ၁၃၆၄ |

| စဉ် | စေတီအမည် | အမျိုးအစား | သာသနာနှစ် | စတင်သည့်ကောဇာနှစ် |
|---|---|---|---|---|
| ၅၀။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၁။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၂။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၃။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၄။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၅။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၆။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၇။ | ရွှေဘော်နှင်းစေတီရံ | မွှမ်းမံ | ၂၄၅၄ | ၁၃၆၂ |
| ၅၈။ | ရွှေဘော်နှင်းစက်တော်ရာ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅၉။ | အလိုတော်ပြည့်ဂြိုဟ်ရှစ်ခွင် | မွှမ်းမံ | ၂၅၄၆ | ၁၃၆၄ |

## ၆။ ငွေဘော်နှင်း စေတီတိုက်ရှိ စေတီအမည်၊ အမျိုးအစား၊ ညာဏ်တော်အမြင့်

| စဉ် | စေတီအမည် | အမျိုးအစား | သာသနာနှစ် | စတင်သည့်ကောဇာနှစ် |
|---|---|---|---|---|
| ၁။ | ငွေဘော်နှင်းစေတီ(ပင်မ) | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၂။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၃။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၄။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၅။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၆။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၇။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၈။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၉။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၁၀။ | စေတီရံ | မွှမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၁၁။ | စေတီရံ | မွှမ်းမံ | ၂၅၄၆ | ၁၃၆၄ |

(၅၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## ၇။ စေတီတိုက်များရှိ စေတီအမည်၊ အမျိုးအစား၊ သာသနာနှစ်

| စဉ် | စေတီအမည် | အမျိုးအစား | သာသနာနှစ် | စိန်ဖူးတော်တင် ကောဇာသက္ကရာဇ် |
|---|---|---|---|---|
| ၁။ | ငွေတောင်ဘုရားတိုက် | မွမ်းမံ | | |
| | (က)လောကရန်အောင် | မွမ်းမံ | ၂၅၄၂ | ၁၃၆၀ |
| | (ခ) လောကချမ်းသာ | မွမ်းမံ | | |
| | (ဂ) လောကပွင့်လင်း | အသစ် | | |
| ၂။ | သစ္စာပန်းတောင်းကံထူးအောင် | မွမ်းမံ | | |
| ၃။ | ဆံတော်ရှင်အောင်မင်္ဂလာသုခ | မွမ်းမံ | ၂၅၄၅ | ၁၃၆၃ |
| ၄။ | သုခမင်္ဂလာသိဒ္ဓိရှင် | မွမ်းမံ | | |
| ၅။ | ထိုးပုံစေတီ(နှစ်ကျိပ်ရှစ်ဆူ) | မွမ်းမံ | | |
| ၆။ | သစ်အယ်ပင်ဘုန်းကြီးကျောက်ဆောင် | အသစ် | | |
| ၇။ | ရွှေဘော်နှင်းပြာသာဒ် | မွမ်းမံ | ၂၅၄၆ | ၁၃၆၄ |
| ၈။ | စ.မ ဓာတ်ရှင်စေတီ | အသစ် | ၂၅၄၇ | ၁၃၆၅ |

## ၈။ ရွှေဘုန်းပွင့်စေတီတော် မင်္ဂလာအခမ်းအနားများ

* အုတ်မြစ်စီမင်္ဂလာ - သာသနာ ၂၅၄၃-ခု၊ ၁၃၆၂-ခု၊ကဆုန်လဆန်း (၃)ရက်၊ ၂၄-၄-၂၀၀၁၊ အင်္ဂါနေ့၊ နံနက် (၇:၀၀) နာရီ။

* အောက်ဌာပနာသွင်းမင်္ဂလာ - သာသနာ ၂၅၄၄-ခု၊ ၁၃၆၃-ခု၊ ဝါဆိုလပြည့်ကျော် (၃)ရက်၊ ၈-၇-၂၀၀၁၊ တနင်္ဂနွေနေ့၊ နံနက် (၇) နာရီ။

* အထက်ဌာပနာသွင်းမင်္ဂလာ - သာသနာ ၂၅၄၄-ခု၊ ၁၃၆၃-ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၃၀-၁၁-၂၀၀၁၊ သောကြာနေ့၊ နံနက် (၇:၃၀) နာရီ။

* ထီးတော်တင်မင်္ဂလာ - သာသနာ ၂၅၄၅-ခု၊ ၁၃၆၄-ခု၊ တန်ဆောင်မုန်းလဆန်း(၂)ရက်၊ ၆-၁၁-၂၀၀၂၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉:၃၀)နာရီ။

## ၈။ (က) ရွှေဘုန်းပွင့်စေတီတိုက်ရှိစေတီအမည်၊အမျိုးအစား

| စဉ် | စေတီအမည် | အမျိုးအစား | အလှူရှင်အမည် |
|---|---|---|---|
| ၁။ | ရွှေဘုန်းပွင့်စေတီ (ပင်မ) | မွမ်းမံ | ဦးသိန်းစိုး + ဒေါ်စွမ်းတီ |
| ၂။ | စေတီရံ | အသစ် | ဦးစိုင်းထွေးအောင် |
| ၃။ | စေတီရံ | အသစ် | ဦးစိုင်းထွေးအောင် |
| ၄။ | စေတီရံ | အသစ် | ဦးစိုင်းထွေးအောင် |
| ၅။ | စေတီရံ | အသစ် | ဦးကြည်ရှိန် + ဒေါ်ခင်ညွှန့်ရီ |
| ၆။ | စေတီရံ | အသစ် | ဦးကြည်ရှိန် + ဒေါ်ခင်ညွှန့်ရီ |
| ၇။ | စေတီရံ | အသစ် | ဦးကြည်ရှိန် + ဒေါ်ခင်ညွှန့်ရီ |
| ၈။ | စေတီရံ | အသစ် | ဦးသိန်းမြင့် + ဒေါ်မြင့်မြင့် |
| ၉။ | စေတီရံ | အသစ် | ဦးဟုတ်စွမ် + ဒေါ်ရှုခင် |
| ၁၀။ | စေဘီရံ | အသစ် | ဦးဖန်စိုင်းလွင် + ဒေါ်မြင့်မြင့်လှိုင် |
| ၁၁။ | စေတီရံ | အသစ် | ဦးတင့်လွမ်း + ဒေါ်အေးအေးဝေ |
| ၁၂။ | စေတီရံ | အသစ် | ဦးသန်းတင် + ဒေါ်သန်းဌေး |
| ၁၃။ | စေတီရံ | အသစ် | Dr. ဒေါ်မေကြည် (မော်လမြိုင်) |
| ၁၄။ | စေတီရံ | အသစ် | |
| ၁၅။ | စေတီရံ | အသစ် | |
| ၁၆။ | စေတီရံ | အသစ် | |
| ၁၇။ | စေတီရံ | အသစ် | |
| ၁၈။ | စေတီရံ | အသစ် | |
| ၁၉။ | စေတီရံ | အသစ် | |
| ၂၀။ | စေတီရံ | အသစ် | |
| ၂၁။ | စေတီရံ | အသစ် | |
| ၂၂။ | စေတီရံ | အသစ် | |
| ၂၃။ | စေတီရံ | အသစ် | |
| ၂၄။ | စေတီရံ | အသစ် | |
| ၂၅။ | စေတီရံ | အသစ် | |



## ( ၁ ) အလံမလှဲ ပြုပြင်ခဲ့သော ရွှေဘုန်းပွင့်စေတီတော်နှင့် ဖြစ်ရပ်ဆန်းများ

ကုံလုံဆရာတော်ကြီးသည် ကျန်စစ်သားမင်းကြီး၊ နတ်မြင်းပျံကိုပြန်လည်ဖမ်းမိရာ မြင်းပိုက်တောင်ရှိ မြေပေါက်စေတီဘုရားနှီအား ကောဇာသက္ကရာဇ် ၁၃၄၀ - ၁၃၄၃ ခုနှစ်များတွင် ပြုပြင်မွမ်းမံခဲ့သော်လည်း အောင်မြင်စွာပြီးစီးသည်အထိ မရောက်ခဲ့ပါ။ ဆရာတော်ကြီးမတိုင်မီ ဆရာတော်ကြီး၏ ဩဝါဒဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရခေတ်က ကြိုးစားပြင်ဆင်ခဲ့ခြင်းသည်လည်း ဆုံးခန်းတိုင် အောင်မြင်မှုမရရှိခဲ့ပါ။

မည်သို့ပင်ဖြစ်စေကာမူ ဆရာတော်ကြီးက သာသနာ့ကိစ္စငါ့ကိစ္စဆိုပြီး ဇွဲမလျော့ခဲ့ပါ။ ထိုစေတီတော်ဘုရားအား ပြုပြင်မွမ်းမံရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူ၊ ဒေသအတွင်း မှီတင်းနေထိုင်ကြသူတို့၏ စီးပွားရေးအကြပ်အတည်း အခက်အခဲများမှ လွတ်မြောက်စေရန်၊ စိတ်ရည်သန်၍ ဆရာတော်ကြီးက "ရွှေဘုန်းပွင့်စေတီတော်" ဟု ဘွဲ့မည် ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပေသည်။ အမှန်တကယ်လည်း စီးပွားရေးချောင်လည်လာကြကြောင်း တွေ့ရှိရပေသည်။

ဘုရားနှီတဖြစ်လဲ၊ ရွှေဘုန်းပွင့်စေတီတော်ကြီး တည်ဆောက်ပြုပြင်ခဲ့ရာတွင် စေတီတော် မပြီးစီးသေးမီမှာပင် နည်းပညာလိုအပ်နေမှုနှင့် အလွန်ပြင်းထန်သော ရာသီဥတုဒဏ် ကြောင့် တနင်္ဂနွေထောင့်၌ စိုက်ထားသောအလံတိုင်လဲကျ၊ ဘုရားစေတီ တော် အက်ကွဲပျက်စီးခဲ့ရပေသည်။ တစ်ဖန် ကုံလုံဆရာတော်ကြီး၏မလျော့သောဇွဲဖြင့် ထပ်မံပြုပြင်မှု ကြောင့် တစ်နှစ်နှင့်ခြောက်လအကြာတွင် အပြီးတိုင် အောင်မြင်မှုသရဖူကို ရယူနိုင်ခဲ့ပြီး၊ ထီးတော်နှင့် စိန်ဖူးတော်ကို တင်လှူနိုင်ခဲ့ပေသည်။

❁ အုတ်မြစ်စီမင်္ဂလာ - ၁၃၅၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်၊ ၁၄ - ၁ - ၉၅ စနေနေ့။
အထက်ဌာပနာသွင်းမင်္ဂလာ - ၁၃၅၇ - ခုနှစ်၊ နယုန်လဆန်း ၉ - ရက်၊၆ - ၆ - ၉၅ အင်္ဂါနေ့။
❁ ရွှေထီးတော်တင်မင်္ဂလာ - ၁၃၅၇ - ခုနှစ်၊ တန်ခူးလပြည့်နေ့၊ ၅ - ၄ - ၉၇၊ စနေနေ့။

ရွှေဘုန်းပွင့်စေတီတော်နှင့် မြသပိတ်စေတီတော် အကြားတွင် ယခင် ကျန်စစ်သားမင်းဖြစ်ခဲ့စဉ်က စီးတော်မြင်း၏ဂွာရာဟု ယူဆရသော ကျောက်တုံး၊ ကျန်စစ် သားမင်း အိပ်စက်ခဲ့သည်ဟု ယူဆရသော ကျောက်ခေါင်းအုံးနှင့် ကျောက်ဖျာများကိုလည်း ယနေ့တိုင် တွေ့ရှိနိုင်ပါသည်။ ရွှေဘုန်းပွင့်စေတီတော်နှင့် ရွှေကုန်းသာ(ယာ) စေတီတော်ကို ဘုရားဒါယကာ ဦးတန် မိုးရင်တို့ ပြုပြင်မွမ်းမံခဲ့စဉ်အခါက အုတ်ဖုတ်ခဲ့သည်ဟု ယူဆရသည့်

နေရာတွင်၊ ယခုအခါ ကုံလုံဆရာတော်ကြီး၏ဩဝါဒဖြင့် စနစ်တကျ ပြုပြင်မှုကြောင့် တစ်နှစ်ပတ်လုံး ရေ တည်ရှိရာ ရေလှောင်ကန်တစ်ခုအဖြစ် အသုံးပြုနိုင်ပြီဖြစ်ပါသည်။

ရွှေဘုန်းပွင့်စေတီတော်နှင့် သုံးဖာလုံခန့်အကွာ အင်္ဂါထောင့်တွင်လည်း၊ မိုးတွင်းမှာရေလျှံခြင်းမရှိ၊ နွေတွင်ရေခန်းခြောက်ခြင်းမရှိသော၊ ကျောက်လက် ကောက်ရေတွင်း (နတ် ရေကန်၊ နတ်ဖန်တွင်း)မှရေကို မည်မျှပင် ခပ်ယူသုံးစွဲစေကာမူ လျော့နည်းသွားခြင်း မရှိ သည်မှာ ထူးဆန်းလှပေသည်။

## ၉။ ငွေဘုန်းပွင့် စေတီတိုက်ရှိ စေတီအမည်၊ အမျိုးအစား

| စဉ် | စေတီအမည် | အမျိုးအစား | အလှူရှင်အမည် |
|---|---|---|---|
| ၁။ | ငွေဘုန်းပွင့်စေတီ (ပင်မ)<br>အထက်ဌာပနာ - ၁၃၆၃ - ခု၊<br>တန်ဆောင်မုန်းလဆန်း ၂-ရက် | အသစ် | ဦးထွန်းမြစိန် + ဒေါ်မြဘုံနှင့်<br>ဦးရွှေလှ + ဒေါ်အုန်းမြိုင်<br>ဦးထွန်းအောင် + ဒေါ်အေးအေးသန်း |
| ၂။ | စေတီရံ | အသစ် | ဦးသန်းအောင် + ဒေါ်တင်တင် မိသားစု။ |
| ၃။ | စေတီရံ | အသစ် | ဦးသန်းအောင် + ဒေါ်တင်တင် မိသားစု။ |
| ၄။ | စေတီရံ | အသစ် | ကိုဇော်ဝင်း + ဒေါ်နန်းနွဲ့နွဲ့ခိုင် မိသားစု။ |
| ၅။ | စေတီရံ | အသစ် | (ဦးဦးလှ) + ဒေါ်ညွန့်ညွန့် သား၊ သမီးများ |

## ၁၀။ ရှမ်းပြည်ပုပွား စေတီတော်များ ပြုပြင်မွမ်းမံခြင်း

ရွှေဘုန်းပွင့်စေတီတော်၏ အနောက်တောင် ယွန်းယွန်းတွင် ကျန်စစ်သားမင်းကမြင်းကို စိတ်ဆိုးပြီး ပါးကိုပုတ်ခဲ့သည်ဟု ပါးစပ်ရာဇဝင်ပြောဆိုနေကြသော ပါးပုတ် - ပုပွား (ရှမ်းပြည်နယ်)အရပ်ရှိ စေတီတိုက်တွင်လည်း ပျက်စီးယိုယွင်းနေသော စေတီဟောင်းနှစ်ဆယ့် ငါးဆူခန့်ကို ပြုပြင်ခဲ့ပါသည်။ ပြင်ဆင်နေဆဲကာလတွင် ဆရာတော်ကြီးကိုယ်တိုင် စိတ်ရောကိုယ်ပါအနှောင့်အယှက် အမျိုးမျိုးခံစားခဲ့ရသော်လည်း အလေးမမှု - ဂရုမပြု အားဘဲ ဆုံးခန်းတိုင် အောင်မြင်သည်အထိ ပြင်ဆင်ခဲ့ပါသောကြောင့် အထူးမှတ်တမ်းတင်ပါသည်။

## ၁၁။ ကံထူးအောင်ရွှေစက်တော် ဆုတောင်းပြည့်စေတီတော်

၁၃၆၃ - ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် နေ့တွင် စေတီတော် အား အလင်းဆီမီး, လျှပ်စစ်မီးများ ထွန်းညှိပူဇော် အလင်းတာတ်ဖွင့်ခြင်း ကိုလည်း ကောင်း၊ ထိုနှစ်ပြာသိုလဆန်း (၂)ရက်နေ့တွင် အုတ်မြစ်စီမင်္ဂလာ၊ ၁၃၆၄ - ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်(၉)ရက်နေ့တွင် အထက်ဌာပနာတော်သွင်းမင်္ဂလာ၊ ၁၃၆၄ - ခုနှစ် တပို့တွဲလဆန်း (၅) ရက်နေ့တွင် စိန်ဖူးတော်, ငှက်မြတ်နားတော်, ရွှေထီးတော်တင် မင်္ဂလာနှင့်ဗုဒ္ဓါ ဘိသေက အနေကဇာတင် မင်္ဂလာများ ကိုလည်းကောင်းအသီးသီး အောင်မြင်စွာ ကျင်းပခဲ့ကြ ၏။

## ၁၂။ ကျောက်ဆင်ကြီးဘုရား လွန်ထူးခြား

ပင်းတယမြို့ရှိ ကျောက်ဆင်ကြီးဘုရားတွင် ၊ ထိုဘုရား၏အောက်ခြေ ကျောက်တောင်ကြီး သည် အဝေးမှကြည့်ပါက ဆင်ကြီး တစ်ကောင် ဝပ်နေသည့်ဟန်ရှိပေသည်။ ဤဘုရားကို မြို့နေ လူထု ဂေါပကအဖွဲ့က အကြိမ်ကြိမ်ကြိုးစား ပြုပြင်ခဲ့သော်လည်း အောင်မြင် မှုမရရှိခဲ့ပေ။ ဤတောင်ကို စောင့်ရှောက်နေသော တောင်စောင့် ဘီလူးမင်းက ဆရာတော်ထံ အကြိမ်ကြိမ်လာရောက် လျှောက်ထားပါသဖြင့် ကုံလုံဆရာတော်ကြီး ကြွရောက် ဦးဆောင်ပြုပြင်ခဲ့ရာ အောင်မြင်သွားခဲ့ပါပြီ။

## ၁၃။ မဟာဘုန်းကံထူး အောင်ချမ်းသာ ဆုတောင်းပြည့်

တစ်နေ့သောအခါ ကုံလုံဆရာတော်ကြီး၏ အိပ်မက်ထဲ၌ "ဘုရားရှင်က ကြွရောက် အဖူးမြော်ခံလိုပါသည်" ဟု မြင်မက်တော်မူသဖြင့်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ အား ပင့်ဆောင်၍၊ ကုံလုံဆရာတော်ကြီးက လမ်းညွှန်ဩဝါဒ ပေးခဲ့ပါသည်။ ထိုဩဝါဒအရ -ပြည်တော်ချစ်ဘုရားထုလုပ်သူ နိဗ္ဗာန်ကုန်သည် ဦးသောင်းထွန်း + ဒေါ်မမလေး တို့ကို ရှာဖွေ ဆက်သွယ်မိပါသည်။ ၎င်းတို့မိသားစု လှူဒါန်းပူဇော်သော - ကိုးပေ ညာဏ်တော်အမြင့်ရှိ ရပ်ပွားတော်သစ်ကို ၁၃၅၉ - ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ - ရက် ( ၁၈ - ၃ - ၉၈၊ ဗုဒ္ဓဟူးနေ့ ) တွင် မန္တလေးမြို့မှ ပင့်ဆောင်ကာ ကျောက်ဆည်မြို့တွင် တစ်ည၊ မိတ္ထီလာမြို့တွင် တစ်ည၊ ကလောမြို့တွင် တစ်ည အသီးသီး ညအိပ်ရပ်နား အပူဇော်ခံခဲ့ပြီး ကုံလုံကျောင်းတိုက်သို့ ဆက်လက်ပင့်ဆောင်လာခဲ့ပါသည်။ ထိုရုပ်ပွား

တော်သစ်ကို သာသနာတော်နှစ် ၂၅၄၁ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀ - ပြည့်နှစ်၊ ၁၀ - ၅ - ၉၈၊ တနင်္ဂနွေနေ့တွင် ကုံလုံသာသနာ့ဗိမာန်တော်အတွင်းရှိ ပလ္လင်ထက်ဝယ် ပင့်ဆောင်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် အသစ်တည် ထားကိုး ကွယ်ခဲ့ရာဘွဲ့မည် "မဟာဘုန်းကံထူးအောင်ချမ်းသာ ဆုတောင်းပြည့်ရုပ်ပွားတော်" ဟုအမည်တွင်တော့၏။

## ၁၄။ မဟာသိရီမင်္ဂလာ မြတ်စွာဘုရား ရုပ်ပွားတော်

ဆက်လက်၍ သာသနာ ၂၅၄၇ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ( ၈ - ၁၁ - ၂၀၀၃၊ စနေနေ့ ) တွင် သိရီစကြာရတနာကျောင်းတော်ကြီးအတွင်း၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရာပြည့်အကြို တစ်ဘဝသာသနာ ကျမ်းပြု ဦးအောင်မြင့်ထွန်းနှင့်အတူ အောင်သီဟ ကျောက်ဆစ် လုပ်ငန်းပိုင်ရှင်တို့က ကုံလုံဆရာတော်ကြီးအား (၁၈)ပေ ဉာဏ်တော်အမြင့်ရှိ ရုပ်ပွားတော်သစ် တစ်ဆူကုံလုံကျောင်းတိုက်သို့ အရောက်ပို့ ထပ်မံလှူဒါန်းလိုပါကြောင်း လျှောက်ထားခဲ့ရာ "မဟာသိရီမင်္ဂလာမြတ်စွာဘုရား" ဟု ဘွဲ့မည်တော် ရီးမြှင့်ပေးတော်မူခဲ့သည်။

## ၁၅။ သိရီမင်္ဂလာသို့ အောင်မြေစေတီတော် မင်္ဂလာများ

* ပန္နက်တင်မင်္ဂလာ - သာသနာ ၂၅၄၁ - ခု၊ ၁၃၅၉ - ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်၊ ၂၇ - ၁၁ - ၉၇ ဗုဒ္ဓဟူးနေ့။
* အုတ်မြစ်စီမင်္ဂလာ - သာသနာ ၂၅၄၁ - ခု၊ ၁၃၅၉ - ခု၊ နတ်တော်လဆန်း (၂)ရက်၊ ၁ - ၁၂ - ၉၇ တနင်္လာနေ့။
* အထက်ဌာပနာသွင်းမင်္ဂလာ - သာသနာ ၂၅၄၁ - ခု၊ ၁၃၅၉ - ခု၊ တပေါင်းလဆန်း (၇)ရက်၊ ၂၇ - ၂ - ၉၈ သောကြာနေ့။
* ရွှေထီးတော်တင်မင်္ဂလာ - သာသနာ ၂၅၄၂ - ခု၊ ၁၃၆၀ - ပြည့်၊ တပို့တွဲလဆန်း (၁၀)ရက်၊ ၂၆ - ၁ - ၉၉ အင်္ဂါနေ့။

## ၁၆။ ဖောင်ဆိုင်း စေတီတော် ပြုပြင်မွမ်းမံခြင်း

ဆရာတော်ကြီးသည် ကလောမြို့နယ် သဲကုန်းကျေးရွာအနီး ဖောင်ဆိုင်းစေတီတော်ကို ပြုပြင်မွမ်းမံခြင်းနှင့် ဖောင်ကိုင်းစေတီတော်၏ထီးတော်တွင် ချက်ကျောက်စိန်ဖူးတော်ကို တပ်ဆင်ပူဇော်လှူဒါန်းခဲ့ပါသည်။ တစ်ဆင့် စကားကြား သိရသည်မှာ -

တစ်ချိန်က၊ ဖောင်ကိုင်းစေတီတော်ကို ပန်းရံဆရာ ပြုပြင်မွမ်းမံ နေဆဲ ကာလတွင် ထို စေတီတော်၏ မှန်ဦးထဲမှ အဝတ်ဖြူဝတ် သူတော်စင် တစ်ဦး ထွက်ပေါ်လာပြီး၊ ရွှေကြုတ်တော်ကို ဖွင့်ပြကာ ဘုရားကို အားရကျေနပ် သည်အထိ ဖူးခိုင်းကြောင်း၊ ကျေနပ် အားရပြီ ဆိုသည့်အခါမှသာ ရွှေကြုတ်တော်ကို ပြန်ပိတ်ကာ မှန်ဦးထဲဝင်ရောက် ပျောက်ကွယ် သွားခဲ့ ကြောင်းသိရ၏။

ယခုအခါ ဖောင်ကိုင်းစေတီတော်ကို ကုလုံဆရာတော်ကြီး၏ညွှန်ကြားချက်ဖြင့် ဘက်စုံ ပြုပြင်မွမ်းမံလျက် စိန်ဖူးတော်နှင့် ထီးတော်သစ်ကို သာသနာနှစ် ၂၅၄၇ - ခု၊ ကောဇာ ၁၃၆၅ - ခု၊ တပေါင်းလဆန်း (၃)ရက်၊ (၂၂ - ၂ - ၂၀၀၄၊ တနင်္ဂနွေနေ့) တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ အောင်မြင်ပူဇော်ခဲ့ကြပါသည်။ တစ်ဆက်တည်းမှာပင် ဂန္ဓကုဋီတိုက် ကျောင်းသစ်တစ်ခုကိုလည်း ပလ္လင်တော်၊ ရုပ်ပွားတော်နှင့်တကွ ထည့်သွင်း ဆောက် လုပ် လှူဒါန်းခဲ့ကြပါသည်။

## ၁၄။ အောင်မင်္ဂလာလိုဏ်ဂူ ရွှေဖားလေးအလှူ

သာသနာ ၂၅၄၇ - ခု၊ ကောဇာ ၁၃၆၅ - ခု၊ တန်ခူးလဆန်း (၈) ရက် (၂၈ - ၃ - ၀၄၊ တနင်္ဂနွေ)နေ့တွင် ဦးတင်ထွန်း ၏ (၅၅နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်) + ဒေါ်မြအောင် နှင့် ဒေါ်ခင်ဝင်းကြည် မိသားစုတို့က ၃၁ - ဘုံသားများ ကျွတ်လွတ်ကြစေရန် ရည်ရွယ်ပြီး၊ ဆွမ်းခံ ကြွနေဟန်မြတ်စွာဘုရား ကိုယ်ပွားတော်တစ်ဆူနှင့် နောက်ပါရဟန္တာ သံဃာတော် ၃၁ - ပါး ရုပ်တုတော်များ၊ ညောင်တော် သုံးပေဘုရားတစ်ဆူပူဇော်ထားသော နိကွမ္မသုခ ကျောင်းတစ်ဆောင်၊ အောင်မင်္ဂလာလိုဏ်ဂူပေါ်တွင် ၂၁ - တောင်၊ တစ်မိုက် စေတီတစ်ဆူနှင့် သိမ်တစ်လုံး၊ ၎င်းလိုဏ်ဂူအတွင်း၌ ဘုရားရှင်၏ ၁၀၈ - ကွက် စက် လက္ခဏာတော်မြတ်ကိုရည်မှန်း၍ ဘုရားကိုယ်ပွားတော် သုံးပေ ၂၈ - ဆူ၊ ၂ .၅ ပေ အဆူ - ၈၀၊ (စုစုပေါင်း - ၁၀၈ ဆူ) တို့ကို ရွှေဖားလေး ကျောက်စိမ်းကုမ္ပဏီမိသားစုက မ. တည် လှူဒါန်း ရေစက်ချခဲ့ပြီး ဖြစ်ပါသည်။ ယခု ကုလုံဆရာတော်ကြီးကျောင်းသို့ သွားရာ လမ်းမှ . အောင်မင်္ဂလာ လိုဏ်ဂူ အထိ (လေးဖာလုံကျော်) ကို နိုင်လွန်ကတ္တရာလမ်းခင်းရန် စီစဉ်နေပြီ ဖြစ်ပါသည်။ ထိုပြင် မကွေးအောင်ပုံတောရ ဓမ္မမဂ္ဂင်ရိပ်သာနှင့် မြန်မာပြည် တစ်ဝန်း နေရာအနှံ့အပြားတွင် သာသနာပြုဆောင်ရွက် ခဲ့ရာ စုစုပေါင်း ကျပ်သိန်းပေါင်း ခုနစ်ရာ ကျော် ရှိခဲ့ပြီဖြစ်ပါသည်။

## ၁၈။ လေးကျွန်းစကြာရတနာ ရွှေဖောင်တော်ဆုံ ဓာတ်အောင်မြင် ဆုတောင်းပြည့်စေတီတော် ပြုပြင်မွမ်းမံခြင်း

သာသနာ ၂၅၄၇ - ခု၊ ကောဇာ ၁၃၆၅ - ခု၊ တန်ဆောင်မုန်းလပြည့်နေ့ (၈ - ၁၁ - ၂၀၀၃ စနေနေ့) တွင် ကျေးဇူးတော်ရှင် ကုံလုံဆရာတော်ဘုရားကြီးအား တိုက်အုပ် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ဤစာရေး သူတို့နှင့်အတူ မြတ်နိုးသူကုမ္ပဏီပိုင်ရှင် ဦးကျော်စိုးလွင် + ဒေါ်သူသူတင် သမီး - မစိုးသူဇာလွင် မိသားစု၊ မန္တလေးမြို့တို့က ဦးကြည်လွင် + ဒေါ်တင်ထွေး နှင့် ဒုတိယမိုလ်မှူးကြီး သိန်းတင်(ငြိမ်း) + ဒေါ်ခင်နွဲ့တို့ကို ဦးထိပ်ထား၍ ကလောမြို့နယ်၊ သဲကုန်းရွာအနီးရှိ လေးကျွန်းစကြာရတနာ ရွှေဖောင်တော်ဆုံ ဓာတ် အောင်မြင် ဆုတောင်းပြည့်စေတီတိုက် (ငါးဆူ) ကိုအလျင်အမြန် ပြုပြင်မွမ်းမံလိုပါကြောင်း လျှောက်ထား၍ ဩဝါဒခံယူခဲ့ကြပါသည်။ ဆရာတော်ကြီးက လွန်ခဲ့သော ရက်သတ္တ တစ်ပတ် ခန့်က ဆားပျားဘုန်းကြီးအား ဤဘုရားတိုက်နေရာ ထင်ရှားပေါ်လွင်လာစေရန် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းစေခဲ့ပါသည်။ လွန်ခဲ့သော ငါးနှစ်ခန့် ကပင် ဆရာတော်ကြီးကမိန့်ကြားထားသည်မှာ ဤဘုရားတိုက်ကိုပြုပြင်မွမ်းမံမည့်အလှူရှင် ပေါ် ပေါက်လာသည့်အခါ မိမိ၏ သာသနာပြုပဋ္ဌာန်းဆက် များစုံလင်ပြီဟု ကြို၍တင် မိန့် ကြားခဲ့ ဘူးပါသည်။ သာသနာ ၂၅၄၇ - ခု၊ ကောဇာ၁၃၆၅ - ခု၊ နတ်တော်လဆန်း ( ၇ ) ရက်၊ (၃၀ - ၁၁ - ၂၀၀၃၊ တနင်္ဂနွေနေ့) တွင် အဆိုပါစေတီတော်၏အုတ်မြစ်စီမံလာ အခမ်းအနားကို အောင်မြင်စွာကျင်းပ၍ စတင်ပြုပြင် မွမ်းမံခဲ့ကြပါသည်။ စေတီတော် အားလုံး ပြုပြင် မွမ်းမံရေစက်ချလှူဒါန်း ပြီး ဖြစ်ပါသည်။

ကုံလုံဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ -

(က) သိမ်တော်များ အသစ်တည်ဆောက်ခြင်းနှင့် အဟောင်းများကို ပြုပြင်မွမ်းမံခြင်း၊

( ခ ) ကုံလုံကျောင်း သာသနာ့ဗိမာန်တော်၊

( ဂ ) ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ဆောင်များကို အသစ်တည်ဆောက်ခြင်း နှင့် အဟောင်းများကို ပြုပြင်မွမ်းမံခြင်း၊

(ဃ) ကုံလုံကျောင်း ရေအလှူတော် စသည်ဖြင့် ဆောင်ရွက်ခဲ့ရာ - ကုံလုံဆရာတော် ကြီး၏ကိုယ်ပိုင်ငွေဖြင့် ပင်းတယမြို့နယ်၊ သဲကုန်းကျေးရွာအခြေခံပညာမူလတန်းကျောင်း ကို အခြေခံ အလယ်တန်းကျောင်း အဆင့်မြှင့်ရာ ကွန်ပျူတာခန်းမဆောင်၊ ပရိဘောဂ အပြည့်အစုံ နှင့်တကွ ပန်းဥယျာဉ်မှာ ကျပ်သိန်းပေါင်း (၃၀၈) သိန်း ကျော်ကုန် ကျ ခဲ့သည်။



မြန်မာမှ ပန်းတစ်ဆယ့်နှစ်မျိုးပါ အံ့ဖွယ် သီရိစကြာရဟာနာ
ရွှေကျောင်းတော်ကြီး နှင့် မုခ်ဦး အဝင်ဝ(ကံ့လုံ့ကျောင်း)

# ထူးခြားဆန်းကြယ်ရာ မဟာသိရီစကြာ ရတနာ

## ၁။ ( ၁ ) သိရီစကြာရတနာဟူသည် -

**သိရီ (ဂြိ)** = ကျက်သရေမင်္ဂလာ. ဘုန်းကျက်သရေ. တင့်တယ်ခြင်း. ကြီးပွားတိုး တက်ခြင်း. ပြည့်စုံခြင်း. အစိုးရခြင်း. ပညာ။

**စကြာရတနာ** = စကြာဝတေးမင်းပိုင်ဆိုင်သော ရတနာခုနစ်ပါး - လက်နက် စကြာ ယာဉ်. ပတ္တမြား. ဆင်ရတနာ. မြင်းရတနာ. စစ်သူကြီး. မြောက် ကျွန်းသူ မိဖုရားကြီး. သူဌေးကြီး။

**ကျောင်းတော်ကြီး** = ကျောင်းတော်ကြီး။

"သိရီစကြာရတနာကျောင်းတော်ကြီး"ဟူသည် စကြာဝတေးမင်းပိုင်ဆိုင်သော ရတနာခုနစ်ပါးနှင့်တကွ တင့်တယ်ခြင်း. ကြီးပွားတိုးတက်ခြင်းစသော ဘုန်းကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံ ကုံလုံ ကြွယ်ဝတော်မူသည့် ကျောင်း တော်ကြီးဟု အဓိပ္ပာယ် ရရှိပါသည်။ ကုံလုံဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စိတ်တိုင်းကျ အမည်နာမ ရွေးချယ် ပေးခဲ့လေသည်။

## ( ၂ ) အုတ်မြစ်စီမင်္ဂလာ အခမ်းအနား



ကုံလုံကျောင်းတိုက်တွင် ကုံလုံဆရာ တော်ဘုရားကြီးနှင့်တကွ သံဃာတော်များ အမြဲသီတင်းသုံးနေထိုင်နိုင်ရန် သိရီ စကြာ ရတနာ ကျောင်းတော်ကြီးကို သာသနာနှစ် ၂၅၄၅ - ခုနှစ်၊ ကောဇာ၁၃၆၃ - ခုနှစ်၊ နတ် တော် လဆန်း ၁၀ - ရက်၊ (၂၅ - ၁၂ - ၂၀၀၁ အင်္ဂါ နေ့) နံနက် ၇း၀၀နာရီတွင် ကုံလုံ ဆရာ တော်ကြီး ကိုယ်တိုင် အုတ်မြစ်စီ မင်္ဂလာ ပြု လုပ်ခဲ့ကြသည်။ကျောင်းဒါယိကာ မှာ - သိရီ သုခမွှသိဂီDr.ခင်ခင်စိမ့်နှင့်ဆရာတော် ကြီး ၏တပည့်ဒကာ.ဒကာမများစုပေါင်း ပါဝင် ၏။

## ( ၃ ) သူမြတ်တို့ နေရာသို့ ဘုရားရှင် ကြွရောက် ချီးမြှောက်

အရှင် သာရိပုတ္တရာ၏ အထွေးဆုံးညီကလေး ကိုရင်ရေဝတ နေထိုင်သော ရှားတောကြီး သို့ ရဟန်းငါးရာနှင့်အတူ မြတ်စွာဘုရားကိုယ်တော်တိုင်လိုက်ပါ ချီးမြှောက်တော်မူခဲ့သည်။

"ဂါမေ ဝါ ယဒိ ဝါရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ"

အဓိပ္ပာယ်မှာ - မြို့ထဲနေနေ, ရွာထဲနေနေ, တောထဲနေနေ, တောင်ထဲနေနေ, အနိမ့် အရှိုင်းမှာ နေနေ, ချိုင့်ဝှမ်းမှာ နေနေ, ချောင်ကြားမှာနေနေ, အမြင့်အမော် တောင်ပေါ်မှာ ပဲနေနေ, စိမ့်စမ်း ရေတံခွန် တောင်တန်းမှာပဲနေနေ, ရဟန္တာပုဂ္ဂိုလ်တို့ နေတဲ့ ခနေရာ ဟူသမျှ ပျော်မွေ့စရာ အတိပင် ဖြစ်သည် ဟု မိန့်ကြားတော်မူခဲ့လေသည်။

ကိုရင်ပဏ္ဍိတကလေး၊ ကိုရင်သုခကလေးတို့ တရားအားထုတ်ရာတွင် အရဟတ္တဖိုလ် တိုင် ချောချောမောမော ဆိုက်ရောက်အောင် နတ်မင်းကြီးလေးပါး၊ သိကြားမင်း နှင့် အတူ ဘုရားရှင် ကိုယ်တော်တိုင် အစောင့်အရှောက် ပေးတော်မူခဲ့ဘူးသည်။

ထိုနည်းတူစွာ၊ ဆရာတော်ကြီး သီတင်းသုံးနေထိုင်မည့် ကျောင်းတော်ကြီး ဆောက်လုပ် ရာတွင် မြန်မာမှု ဗိသုကာ ပညာရှင် ဆရာကြီး ဦးဝင်းမောင်သည်လည်း ဆရာ တော်ကြီး ၏ စိတ်ကြိုက်ဖြစ်အောင် မိမိတတ်ကျွမ်း သော အတတ်ပညာဖြင့် "လှူဒါန်း, ပူဇော်, ကုသိုလ် ရယူခွင့် အခွင့်ထူးကြီး" ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင် လုပ်ခွင့်ရရှိခဲ့ပေသည်။

## ( ၄ ) စိတ်ချမ်းသာလေ၊ ကိုယ်ကျန်းမာလေ၊ သာသနာ ပြုနိုင်လေ

ကျောင်းဒါယိကာမ ဒေါက်တာခင်ခင်စိမ့်က ခေတ်အမီဆုံး, အဆင့်အမြင့် ဆုံး, အကောင်းဆုံးသော ပစ္စည်းများကိုသာ သုံးစွဲ၍ ရှေးမူ (မြန်မာမှု) မပျက် တည်ဆောက်ရာ တွင် ဆရာတော်ကြီး "သက်ရှည် - ကျန်းမာစွာ သာသနာပြု နိုင်အောင်" ကျောင်းဆောက် လုပ်လှူဒါန်းကြခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကြီး စိတ်တိုင်းကျသာ ဆောက် လုပ် ပေးကြသည်။ ကျောင်းဒါယကာ, ဒါယိကာမများက မည်သည့်အခက် အခဲပင် တွေ့တွေ့၊ မလျော့သောဇွဲ၊ ခိုင်မြဲသောစိတ်ဓာတ်၊ တည့်မတ် သော စေတနာ၊ ယုံကြည် ပြင်းထန်သော သိကြားဖျက်လျှင်တောင်မပျက်စီးနိုင်သည့် သဒ္ဓါတရားတို့ဖြင့် လှူဒါန်းခဲ့ကြခြင်း ဖြစ်သည်။

## ( ၅ ) ဆရာ - ဒကာ လိုက်ဖက်ညီညာ သိတတ်စွာ၏

တမ္ပဝတီ ဦးဝင်းမောင်က "သိရီစကြာရတနာကျောင်းတော်ကြီး" ကို တာဝန်ယူ ဆောက်လုပ်သည့်အချိန်မှစ၍ "ပညာရှင်များ၏ စိတ်ကိုင်းကျ ဆောက်လုပ်ပါရန်" ဆရာ တော်ကြီးက ခွင့်ပြုတော်မူခဲ့ပါသည်။

ဤစာရေးသူ လေ့လာသိရှိခဲ့သမျှ ပြောရမည်ဆိုလျှင် - "ဆရာကြီး ဦးဝင်းမောင် က အဆောက်အဦပုံစံတွင် ထည့်သွင်းရန် ပြုပြင်ဖန်တီးထည့်သွင်းခြင်း (Modification) လုပ်ငန်းများကို မန္တလေးမြို့တွင် ပုံထုတ်နေဆဲ ဆရာတော်ကြီးအား အတည်ပြု လျှောက် ထားခြင်းမပြုရသေးမီကပင် ဆရာတော်ကြီးက ကုံလုံ ကျောင်းတိုက် တွင် မိန့်ကြားနေပြီ" ဟု ကြားသိခဲ့ရပါသည်။

ဥပမာ ပြောရမည်ဆိုလျှင် - "ဆရာကြီးက ခြသေ့နှစ်ကောင်ကို ပုခ်ဦး၏ရှေ့ဝဲယာ တစ်ဇက် တစ်ချက်စီတွင်ထားရန် စီစဉ်နေဆဲ၊ ဆရာတော်ကြီးအား မလျှောက်ဖြစ် သေး မီ ဆရာတော်ကြီးက ဆရာကြီးအား ခေါ်ယူတွေ့ဆုံ မိန့်ကြားခဲ့ကြောင်း သိရှိရပါသည်။"

## ( ၆ ) ပန်းတစ်ဆယ့်နှစ်မျိုးပါ သိရီစကြာရတနာ

မြန်မာမှု ဗိသုကာ သုခုမ အနုပညာ လက်ရာစွမ်းဖြင့် အဆောက်အဦ တစ်ခုထဲ တွင် မြန်မာမှု အနုပညာ ပန်းဆယ်မျိုး (စုစုပေါင်း ပန်းတစ်ဆယ့်နှစ်မျိုး) စလုံး ပါဝင်သည်၊ ကမ္ဘာမှာ မြန်မာရယ်လို့ ဂုဏ်ကျက်သရေဆောင် သိရီစကြာရတနာ ကျောင်းတော်ကြီး ကို ဝင့်ကြွား ထယ်ဝါစွာ လက်ညိုးထိုးပြစရာ ဂုဏ်ယူဖွယ်ရာသာ ဖြစ်ပါသည်။

## ( ၇ ) သုခုမ အနုပညာ ပန်တီးရှင်၏ သဘောထား ဖွင့်ဟ ပြောကြား

၁၁ - ၇ - ၂၀၀၃ သောကြာ နေ့၊ နံနက်ပိုင်းတွင် မြန်မာမှုဗိသုကာ ဖန်တီးရှင် တမ္ပဝတီဦးဝင်းမောင် နှင့် ဤစာရေးသူတွေ့ဆုံခဲ့ရာ ဆရာကြီး၏ ပြောကြားချက် အရ -

(က) ကုံလုံဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် နှုတ်မှ ဖွင့်ဟမိန့်ကြား ချက်များ ကို လည်းကောင်း၊

(ခ) ဤစာရေးသူ ထုတ်ဝေခဲ့သော ကုံလုံ ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ၊ ဩဝါဒ ကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း စာအုပ်ပါ အချက် အလက် များကို ရှာ ဖွေ စုဆောင်း၍လည်းကောင်း၊

(ဂ) ကုံလုံဆရာတော်ဘုရားကြီးအား နီးနီးကပ်ကပ် ပြုစု စောင့်ရှောက်နေကြ

သော တပည့်သာဝကများနှင့် ဂေါပကအဖွဲ့တို့၏ ပြောပြချက်များ အပေါ် မူတည်၍ လည်းကောင်း၊

(ဃ) ထို့ပြင် ကိုလိုဆရာတော်ကြီးသည် ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင် တစ်ဦးဖြစ်သော စကြာမင်း (စကြဝတေးမင်း) နှင့် နီးနွယ်ဆက်စပ် ပတ်သက်နေသည်ကို လည်းကောင်း၊

(င) ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနော်ရထာမင်း (ခရစ်နှစ် ၁၀၄၄ - ၁၀၇၇)နှင့်တကွ အထူးသဖြင့် ပုဂံခေတ်တွင် သာသနာပြုခဲ့သော ကျန်စစ်သားမင်း ( ခရစ်နှစ် ၁၀၈၄ - ၁၁၁၃ ) တို့နှင့်လည်း တစ်နည်း. တစ်ဖုံ ဆက်စပ် ပတ်သက်နေသည်ကို လည်းကောင်း၊

(စ) ဆက်လက်လေ့လာ သိရှိကြရသည်မှာ - ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင် ခဲ့သော ဘုရင့်နောင် (မြန်မာသက္ကရာဇ် ၈၇၇ - ၉၄၃ ) နှင့်

(ဆ) တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းဘုရား ဦးအောင်ဇေယျ (မြန်မာသက္ကရာဇ် ၁၀၇၆ - ၁၁၂၂ ) တို့၏ သာသနာပြု လုပ်ငန်းများတွင်ပါ အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရှိကြရ ပြန်ပါသည်။ဖော်ပြပါ အကြောင်းအရာများကို ဆန်းစစ်၊ လေ့လာ၊ သုံးသပ်ပြီး သိရှိစကြာ ရတနာ ကျောင်းတော်ကြီးကို ပုံစံ ပြုပြင် ပြောင်းလဲ ဖန်တီးခဲ့သည်။

## ( ၈ ) စကြာမင်းတရား၏ ရတနာခုနစ်ပါး နှင့် အံ့ဖွယ် လေးပါး

စကြာမင်းတို့တွင် ဘုန်းကံ ကြီးမားသည့်အလျောက် -

(က) ဝေပုလ္လတောင်မှ ပတ္တမြားရတနာ၊

(ခ) ဥပေါသထဆင်မျိုးမှ ဆင်ဖြူရတနာ၊

(ဂ) စကြာအိုင်မှ စကြာရတနာ၊

(ဃ) မြောက်ကျွန်းမှ မိဖုရားရတနာ၊

(င) စကြာမင်းကြီး လိုသလောက် ထောက်ပံ့ပေးနိုင်သော သူဌေးကြီးရတနာ၊

(စ) ဝလာဟကမြင်းမျိုးမှ မြင်းရတနာ နှင့်

(ဆ) စကြာမင်းကြီး အရာရာ မျက်နှာလွှဲရသော သားကြီးရတနာ ဟူသော ရတနာ ခုနစ်ပါး ပြည့်စုံမြဲ ဖြစ်သည်။

သို့ရာတွင် စကြဝဠာမင်းပင်ဖြစ်လျက် ပေးကမ်းမှု အလှူဒါန မရှိပါလျှင်၊ စကြာရတနာ မရောက်နိုင်ကြောင်း သုတ်မဟာဝါပါဠိတော် စက္ကဝတ္တိသုတ်၌ ဟောကြားသည်ကို ထောက်ရှု၍ စကြာရတနာ မရောက်သော စကြာမင်းလည်း ရှိသေးသည်ဟု သိမှတ်ရာသည်။ စကြာမင်းတို့တွင် အံ့ဖွယ်လေးပါးရှိမြဲ ဖြစ်သည်။

ယင်းတို့မှာ ဘုန်းပါရမီအလျောက် -

(က) အလွန်အဆင်းလှ၍ အသံသာယာခြင်း၊

( ခ ) သတ္တဝါတို့၏ ကောင်းကျိုးကို ဆောင်ရွက်တတ်ခြင်း၊

( ဂ ) ကောင်းကင်ခရီးဖြင့် သွားတတ်ခြင်း နှင့်

(ဃ) တရားနှင့်အညီ စိုးစံခြင်း တို့ဖြစ်လေသည်။

ယင်းဂုဏ်များကြောင့် အခြားသောမင်းတို့ သည် လည်းကောင်း၊ ပုဏ္ဏားပရိသတ် တို့ သည် လည်းကောင်း၊ သူကြွယ်ပရိသတ်တို့ သည် လည်းကောင်း၊ ရသေ့ရဟန်း ပရိသတ်တို့သည် လည်းကောင်း အဆင်းကို ရှု၍မဝ၊ အသံကို ကြား၍မဝ၊ တရားစကား နှီးနှော၍ မဝအောင် ဖြစ်ကြရလေသည်။

## ( ၉ ) အဆောင်ငါးဆောင် ပါဝင်ဖွဲ့စည်း ကျောင်းတော်ကြီး

သိရီစကြာရတနာ ကျောင်းတော်ကြီးတွင် အဆောင်ငါးဆောင် ပါဝင်ရာ -

(က) အတက် - အဆင်းပြုလုပ်ရန် လှေကားသုံးစင်းပါဝင်သော ဧည့်ကြိုမုခ်ဦးဆောင်၊

( ခ ) ဇဟိုခန်းမဆောင်၊

( ဂ ) ရုပ်ပွားတော်များနှင့်တကွ ပတ္တမြားပလ္လင်တော်ထားရှိရန် ဘုရားဆောင်၊

(ဃ) ဘုရားဆောင်၏ဝဲ - ယာ၊ တစ်ဖက် - တစ်ချက်စီတွင် ကုံလုံဆရာတော်ဘုရားကြီး၏ သီတင်းသုံးနားနေဆောင်များ နှင့်

( င ) ဇဟိုခန်းမဆောင်၏ ပတ်လည်တွင် စင်္ကြံဆောင် တို့ဖြင့် အသီးသီး ပါ ဝင်ဖွဲ့စည်း ထားပါသည်။

## (၁၀) လေးကျွန်း တစ်မြင်းမိုရ် ထိုထိုများစွာ ပန်းတီးရှင် လက်ရာ

သိရီစကြာရတနာကျောင်းတော်ကြီးကို -

ပုဂံခေတ်( အေဒီ ၁၁ - ရာစုမှ ၁၃ - ရာစု ) ကျန်စစ်သားမင်းနှင့် နီးနွယ်ဆက်စပ်မှု များကို ထုတ်ဖော်ပြသသည့်အနေဖြင့် "ဘုံ စုနစ်ဆင့်ပါ ဇဟိုပြာသာဒ်ဆောင်ကြီး"

(မြင်းမိုရ် တောင်ကို ကိုယ်စားပြု ဖော်ပြလိုခြင်းဖြစ်သည်။ ၎င်းအဆောင်ကြီးကို အရပ်လေး မျက်နှာ လေးဖက်လေးတန်မှ စမုခ်ဆောင်ကြီးလေးဆောင်၏ ခေါင်ရိုးအထက်မှ "ပြာသာဒ် ငယ် ဆောင်လေးဆောင်" ( ပုဗ္ဗဝိဒေဟ = အရှေ့ကျွန်း၊ အပရဂေါယာန = အနောက်ကျွန်း၊ ဇမ္ဗူဒီပ = တောင်ကျွန်း၊ ဥတ္တရကုရု = မြောက်ကျွန်း ဟူသော ကျွန်းလေး ကျွန်းကို ကိုယ်စားပြု ဖော်ပြလိုခြင်း ဖြစ်သည်။) က ဝန်းရံထားပြီး "ပုဂံခေတ် နန်းတော်ပုံ ငါးဆက် ပြာသာဒ် ဆောင်" ကို ဖန်တီးထားပါသည်။ "လေးကျွန်း တစ်မြင်းမိုရ်" ကို ကိုယ်စားပြုကာ အဓိပ္ပာယ်ဖော်ထုတ် ပြသခြင်း များလည်း ပါဝင်သည်။



ဘုရားဆောင်၏ ဘုံခုနစ်ဆင့်ပေါ်တွင် "ခေါင်ရိုးတင် ပြာသာဒ် ဆောင်" ကို ထည့် သွင်းထားသည့် အဓိပ္ပာယ်မှာ - ဒုတိယ မြန်မာ နိုင်ငံတော် ထူထောင်ခဲ့သည့် ယဉ်ကျေးမှု ထွန်းကားခဲ့ရာ ဘုရင့်နောင်ခေတ် (ဟံသာဝတီခေတ် အေဒီ ၁၅ - ရာစု မှ ၁၆ - ရာစု) ကို ရည်ညွှန်း ဖော်ဆောင်လိုခြင်း အဓိပ္ပာယ် ဖြစ်ပါသည်။

ဘုရားဆောင်အထက် ဘုံခုနစ်ဆင့် ပြာသာဒ် ဆောင်နှင့် စမုခ်လေးဆောင် အထက်မှ ဘုံငါးဆင့် ပြာသာဒ်ငယ်လေး ဆောင်တို့ ပေါ်တွင် တင်ထားသော ထီးတော်များမှာ ယခုခေတ်တွင် အသုံးများနေကြသည့် "မကိုင့်ပုံ ထီး( ရိုးရိုးထီး )"သို့ မဟုတ် "ချည်ဝင်ပုံ ထီး" များမဟုတ်ကြဘဲ၊ ၁၆ - ရာစု ခေတ်နှောင်းပိုင်းက တင်လှူခဲ့သော "အင်းထီးပုံ "(၁၆ - ရာစု အင်းလေး၊ ပင်းတယ ဒေသ တဝိုက်တွင်တင်လှူခဲ့သောထီးတော်ပုံစံဖြစ်သည်။) အဆင့် ၁၁ - ဆင့်မှ ၃၁ - ဆင့်ထိ ပါရှိ၏။

အလယ်ဗဟို ပြာသာဒ်ဆောင်ကြီးကို ထောင့်လေးထောင့်မှ အုတ်အဆောက် အဦလေးခုပါ "ခေါင်ရိုးပြန့်ဆောင်များ" ဖြင့် ဝန်းရံထားသည့်အဓိပ္ပာယ်မှာ - တတိယမြန်မာ နိုင်ငံတော်ကိုထူထောင်ခဲ့သည့် ယဉ်ကျေးမှုထွန်းကားခဲ့ရာ အလောင်းဘုရား ဦးအောင် ဇေယျ ခေတ်၊ တစ်နည်းဆိုရသော် "ကုန်းဘောင်ခေတ်ဦး" (၁၈ - ရာစု အစောပိုင်း ကာလ) ကို ရည်ညွှန်း ဖော်ဆောင်လိုခြင်း ဖြစ်ပါသည်။(စကားချပ် - သာသနာတော် သက္ကရာဇ် ၁၀၁ - ခုနစ်တွင် ဒုတ္တပေါင် မင်းကြီး အား ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်၊ ဘုံကိုးဆင့်ရှိသော ပြာသာဒ်၊ ဘုံတစ်ဆယ့် တစ်ဆင့်ရှိ သော ပြာသာဒ် တို့ကို နတ်တို့လုပ်၍ မြို့နှင့်တကွ ခုနစ်ရက်အတွင်း ပြီး၏။ ထိုနောက် သိကြား မင်း ကိုယ်တိုင် လက်တော်ကို မလျက် ရွှေနန်းတင်ကာ၊ ရာဇာဘိသေက ခံတော်မူ၏ဟု စာပေ များတွင် တွေ့ရှိရသည်။)

## (၁၁) စေတီပုံ မျက်နှာကြက် နှင့် ပတ္တမြားပလ္လင်



ဘုရားဆောင်အတွင်း အပေါ်မျက်နှာကြက်ကို မူလ ရေပြင်ညီမှ **"အတွင်းသို့ နှစ်ဆင့်သွင်း"** ၍ **"အပြင်သို့လည်း နှစ်ဆင့်ထုတ်"** ကာ စေတီသဖွယ်ဖြစ်အောင် **"အဆင့် ငါးဆင့်ပါ စေတီပုံမျက်နှာကြက်အဖြစ်"** ထုလုပ်ထားသည်။ ဘုရားခန်းအတွင်း သုံးဆူတွဲ **"ပတ္တမြား ပလ္လင်"** ပေါ်တွင် ဉာဏ်တော်အမြင့် ၇၂ -လက်မရှိ ကျောက်သလင်းဖြူ ရုပ်ပွား တော်ကို ဗဟိုပြု၍ ဉာဏ်တော်အမြင့် ၆၆ - လက်မရှိ ကျောက်သလင်းဖြူ ရုပ်ပွားတော် နှစ်ဆူက လက်ဝဲ. လက်ယာ ဝန်းရံထားသည်။ ဆင်းတုတော်သုံးဆူ သီတင်းသုံး စံပယ်ရာ ပတ္တမြားပလ္လင်၊ **"သုံးဆူတွဲ တံကဲ"**၊ နေရထား နှင့် လရထားဗိမာန်တော်တို့ကိုလည်း ပန်းရန် ပညာ၊ ပန်းပုပညာ. ကြေးပြားခတ် ပန်းတဉ်း ပညာ. မှန်စီရွှေချ ပန်းယွန်းပညာ စသည့် ပညာ ပေါင်း စုံလင်စွာဖြင့် ကြည်ညိုဖွယ်ရာ တည်ဆောက်ထားသည်။



ပလ္လင်တော်၏ ဝဲ, ယာ၊ တစ်ဖက်တစ်ချက်စီ၌ **"ကြေးသွန်း ရှင်သီဝလိ မထေရ်မြတ်"** (လာဘ်လာဘပေါ်များစေသည်) နှင့် **"ရှင်ဥပဂုတ္တ မထေရ်မြတ်"** (အနှောင့်အယှက် ဘေးအန္တရာယ် မာရ်နတ်ရန်မှ ကာကွယ်ပေးသည်) ကြီးနှစ်ပါး တို့ ကို လည်း ပူဇော်ထားရှိပါသည်။

"နေရထားဗိမာန်တော်၊ လရထားဗိမာန်တော်" တို့ကိုလည်းထည့်သွင်းထားရာ သိရီစကြာရတနာ ကျောင်းတော်ကြီးအတွင်းရှိ ဘုရားဆောင်၌ "သက်ရှိထင်ရှား မြတ်စွာဘုရားအမှန်တကယ်ပင်ကြွရောက်သီတင်းသုံးနေပါသည်" ဟုထင်မှတ်မှားရလောက်၏။



ပတ္တမြားပလ္လင်၏ ထောင့်အဝင် ဝ ဝဲ, ယာ၊ တစ်ဖက်တစ်ချက်စီတွင်"ဆင်ပျံ၊ မြင်းပျံ စဥ့်ပန်းအိုးနှစ်လုံး"ကိုပူဇော်ထား ၏။

ဘုရားဆောင်ရှိနဖူးစီးလင်းနို့တောင်၏အပေါ်ဆင့်တွင် သာသနာတော်ကိုစောင့်ရှောက်ကြကုန်သော "စတုလောကပါလနတ်မင်းကြီးလေးပါး"(စတုမဟာ ရာဇ်နတ် မင်းကြီး လေးပါး)ဖြစ်ကြသည့် -

(က) ဓတရဋ္ဌ နတ်မင်းကြီး၊
(ခ) ဝိရူဠှက နတ်မင်းကြီး၊
(ဂ) ဝိရူပက္ခ နတ်မင်းကြီး၊
(ဃ) ကုဝေရ နတ်မင်းကြီး၊

တို့ကို ကိုယ်စားပြု ဖော်ပြသည့်အနေဖြင့် အကွက်လေးကွက်တွင် တစ်ကွက်လျှင် နတ်မင်းကြီးတစ်ပါးစီကို ထည့်သွင်း ပုံဖော်ထားပါသည်။

၎င်းတို့၏ အောက်နားတွင် အလယ်ဗဟို၌ စကြာမင်းကို ကိုယ်စားပြုသည့် "စကြာသင်္ကေတ" အမှတ်အသားကိုလည်းကောင်း၊ ထိုသင်္ကေတ၏ဝဲ,ယာ၊ ဘေးတစ်ဖက်တစ်ချက်စီတွင်နေနှင့်လကိုကိုယ်စားပြုသည့် "ဥဒေါင်းငှက် နှင့်ယုန်ရုပ် သင်္ကေတ" အမှတ်အသားကိုလည်းကောင်း အသီးသီး ထည့်သွင်းထားပြန်ပါသည်။ ထို့ပြင် ဝဲ, ယာတွင်

**"ပတ္တမြားနှင့် စစ်သူကြီး၊ သူဌေးကြီးနှင့် မိဖုရားကြီး၊ ဆင်ပျံနှင့် မြင်းပျံ"** စသော စကြဝတေး မင်း ပိုင်ဆိုင်သည့် ရတနာခုနစ်ပါးတို့လည်း စုံစုံလင်လင် ပါရှိသည်။



လင်းနို့တောင်၏ အောက်ခြေ ဝဲ. ယာ၊ တစ်ဖက်တစ်ချက်စီတွင် **"သိကြားရုပ်. ပြဟ္မာ ရုပ်များ"** ကိုလည်း ထည့်သွင်းထုလုပ်ထားပြန်သဖြင့် အချိန်အခါမလပ် စောင့်ရှောက် **ကြည့်ရှုပေးနေ** သည်ဆိုသော အဓိပ္ပာယ်ကိုလည်း ဖော်ဆောင်ပြီးသား ဖြစ်သွားပါသည်။

ဝင်ပေါက်ကြီး သုံးပေါက်၏ ဝဲ - ယာ နံရံတွင် သံလျက်ကိုင် တံခါးစောင့် **နတ်မင်းကြီး "ဒွါရပါလ"** ခြောက်ပါးပုံကိုလည်း ထုလုပ်တပ်ဆင် ထားပါသည်။ မကောင်း **သောစေတနာဖြင့်** နှောင့်ယှက်ဖျက်ဆီးရန် လာရောက်ကြသူများအား မနှောင့် ယှက် **နိုင်အောင် ကာကွယ်စောင့်ရှောက်ပေးပါရန်နှင့်** ထိရောက်စွာ အပြစ်ပေးရန် **"တာဝန်ပေး ကာ အပ်နှံထား"** ပြီးဖြစ်ပါသည်။ အမှန်တကယ် လက်တွေ့တွင်လည်း ထိရောက် မှုရှိ ကြောင်းကြားသိ၊ မြင်တွေ့နေရပါသည်။



ကုံလုံတစ်ဘဝသာသနာ ကျမ်းပြုဦးအောင်မြင့်ထွန်း တမ္ပဝတီဦးဝင်းမောင်နှင့် ဇနီးဒေါ်အမာကြည်တို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲ

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

ထို့ပြင် "ဂဏန်းအက္ခရာ (၁) မှ (၁၆) အထိ" ပါဝင်သော (၁၆၊ ၉၊ ၆၊ ၃၊ ၅၊ ၄၊ ၁၅၊ ၁၀၊ ၁၁၊ ၁၄၊ ၁၊ ၈၊ ၂၊ ၇၊ ၁၂၊ ၁၃) အန္တရာယ်ကင်း "ဗုဒ္ဓမြတ် စွာဘုရား၏ ဖြစ်တော်စဉ်ပေါင်း" (အလျားလိုက်ပေါင်းခြင်းများ၃၄၊ ဒေါင်လိုက် ပေါင်း ခြင်း များ - ၃၄၊ ထောင့်ဖြတ် အသီးသီး များမှပေါင်းခြင်းများ - ၃၄) "အန္တရာယ် ကင်း အင်း ကွက်တော်ကြီး" ကို လည်း ထည့်သွင်း ပူဇော်ဆောက်လုပ်ထား ၏။

"လေးကျွန်းတစ်မြင်းမိုရ်" ကိုလည်း ထပ်မံကိုယ်စားပြုထည့်သွင်း ပူဇော် ဆောက် လုပ်ထားပါသည်။

## (၁၃) တာဝတိံသာက နန္ဒဝန် ဥယျာဉ်ပမာ

ပြာသာဒ်ဆောင်၊ ဗဟိုဇေတဝန်ပုံ ဆောင်မကြီး၊ မုခ်ဦးဆောင်၊ စကြံ ဆောင် စသော သိရိစကြာရတနာကျောင်းတော်ကြီး၏ အဆောက်အဦများကိုသာမက ကျောင်း တော်ကြီး၏ ဝန်းကျင်ရှိ ဥယျာဉ်တော်ကိုလည်း တာဝတိံသာနတ်ပြည်ရှိ နတ်ဥယျာဉ် (နန္ဒဝန်ဥယျာဉ်) ပုံစံ စာလာ. ပေလာ အထောက်အထားများကို မှီငြမ်းကိုးကား၍ ကြိုးစား ပုံဖော် တည်ဆောက် ခဲ့ကြပါသည်။







မေရုရာဇ (Mount Me-Ru)၊ စကြာဝိဟာရ (Universe) နှင့် ရတနာသုံးပါ ကိုယ်စားပြု - တြိရတနာ (Triod) တို့ကိုလည်း ထည့်သွင်း ဖန်တီးထားပြန်ပါသည်။

## (၁၄) ကံ့လုံဆရာတော် နှင့် ဇီးကွက်ပညာရှိ




စကြဝဠာတေးမင်းပိုင်ဆိုင်သည့် **လေးကျွန်းတစ်မြင်းမိုရ်တွင် မြင်းမိုရ်တောင်ခြေတွင် ဇီးကွက်ကိုတင်ထားလေဟန် "ဇီးကွက်သိုက်(ကဝိဂေဟာ)"** ကို ဖန်တီး ထားခြင်းမှာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းရှိ ကံ့လုံဆရာတော် ဘုရားကြီး ကို ပညာရှိကိုယ်စားပြု ဇီးကွက်သင်္ကေတ အမှတ်အသားဖြင့် တင်စား ဖော်ကျူး ထားခြင်းဖြစ်သည်။




ကံ့လုံဆရာတော် ဘုရားကြီးသည် "သီလ သိက္ခာ.သမာဓိသိက္ခာ.ပညာသိက္ခာ" ဟု ဆိုအပ်သော သိက္ခာသုံးပါးကို သက်တော် (၉၆) နှစ်၊ သိက္ခာဝါတော် (၇၆) ဝါတိုင် ကာလ ပတ်လုံး ကျင့်သုံး တော် မူခဲ့သည်။ အကျဉ်းအားဖြင့် "၂၂၇ - သွယ် သော သိက္ခာပုဒ်တော်"၊ အကျယ် အားဖြင့် "ကုဋေ ကိုးထောင် တစ်ရာ့ရှစ်ဆယ့် ငါးသန်းသုံးသောင်း ခြောက်ထောင်" များမြောင်လှစွာ ထိန်းသိမ်း စောင့်ရှောက်လာခဲ့ခြင်း တို့ကြောင့် ပညာအမြော်အမြင် အတွေ့အကြုံဗဟုသုတ များစွာပြည့်စုံ ကံ့လုံကြွယ်ဝသော မဟာထေရ် တစ်ပါးဖြစ်ပါသည်ဟု ပညာရှင် တပည့် ဒကာ. ဒကာမ များ က ဆိုလိုခြင်းဖြစ်ပါသည်။

ထို့ပြင်မက၊ "လက်ယျာရစ် စကြာပုံသဏ္ဌာန် ရေပန်းအလှတစ်စုံ" နှင့် အခြား ရေပန်းအလှ တစ်စုံ ကိုလည်း ဖန်တီး ထည့်သွင်းထားပါသည်။

(၇၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)









## (၁၅) အလယ်ဗဟိုမုခ်ဦးကြီး နှင့် ပြည်တော်ပြန်ခန်း စောင်းတန်း သုံးသွယ်

သိရီစကြာရတနာကျောင်းတော်ကြီးသို့ လာရောက်ကြသူတိုင်း ဝင်, ထွက်နိုင်ရန် မုခ်ဦးသုံးပေါက် ပါရှိရာ – အလယ်ဗဟိုမုခ်ဦးကြီး နှင့် ဝဲ, ယာ၊ တစ်ဖက်တစ်ချက်စီတွင် **"ဝင်, ထွက်ရန် မုခ်ဦးငယ်နှစ်ပေါက်"** ထည့်သွင်းထားသည်။ တစ်နည်းဆိုရသော် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည် သို့ ဝဲ,ယာ၊တစ်ဖက် တစ်ချက်စီတွင် **"ရွှေစောင်းတန်း,ငွေစောင်းတန်း"**၊ ၎င်းတို့၏အလယ်ဗဟိုတွင် **"ပတ္တမြားစောင်းတန်း"** ဟူသော စောင်းတန်းသုံးသွယ်ဖြင့် ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူးကာ ပြန်လည်ဆင်း သက်လာဟန်ကို ရည်ညွှန်းဖော် ဆောင်လိုခြင်း ဖြစ်ပါသည်။

အလယ်ဗဟိုမုခ်ဦးကြီး၏ ဗဟိုတည့်တည့်တွင် **"ဗုဒ္ဓဂယာမဟာဗောဓိရှိ ပုံတူ ကိုယ်ပွား ငယ်တစ်ဆူ"** ထည့်သွင်းထားသည်။ "အနာဂတ် သာသနာ" ကို ရည်ညွှန်း ဖော်ဆောင်လိုသောကြောင့် ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မုခ်ဦးအဝင်ဝတွင် ၁၆ – ရာစု အင်းလေးဒေသ ယဉ်ကျေးမှု ဟန်ဖြင့် ခြသေ့်နှစ်ကောင်ကို ထုလုပ်ထားပါသည်။



## (၁၆) မောင်မယ် နဂါး ဘုရားကိုကြို

ပင်းတယမြို့နယ်၊ ကုံလုံကျောင်းတိုက်တည်ရှိရာဒေသသည် နဂါးသိုက်များရှိရာ ဒေသတစ်ခုဖြစ်ကြောင်းရှေးအစဉ် – အလာ မှတ်တမ်းများအရ သိရှိရရာ သာသနာတော်ကို "နဂါးများကလည်း ဝိုင်းဝန်း စောင့်ရှောက်သည့် အသွင် သင်္ကေတန်ဖြင့်" ဝဲ.ယာ တံခါးတိုင်များ ပေါ်တွင် ဂဠုန်သုတ်ယူခြင်းမှ ကာကွယ်နိုင်သည့် ကျော့ကွင်းသင်္ကေတန် သျှောင်ကွင်းထုံးစေ၍ ကြိမ်လုံးကိုင်စွဲလျက် နဂါးလုလင်များမြတ်စွာဘုရားကို ခရီးဦးကြိုပြု – ကြိုဆိုလေဟန် ထည့်သွင်း ထုလုပ်ထားပြန်ပါသည်။

## (၁၇) ဓမ္မစက္ကာ ဆင်, မြင်းပျံ ခုန်ပျံ တစ်လှည့်စီ

ကုံလုံဆရာတော်ကြီး၏ အိပ်မက်ထဲတွင် ဆင်ခြေရာ. မြင်းခြေရာနှင့်တကွ ကျောက်ဖျာများ၊ ဘော်သာခွါရောင် ဆင်ပျံ.မြင်းပျံများ လာရောက်ဖူးမြော်ကြောင်းတွေ့မြင် ရသည်ဟု မိန့်ကြားသောကြောင့်လည်းကောင်း၊ စကြဝတေးမင်းပိုင်ဆိုင်သော ဆင်ရတနာ, မြင်းရတနာ များကို ကိုယ်စားပြု ဖော်ပြလိုသောကြောင့်လည်းကောင်း ဆရာတော်ကြီးအား အရန်အတား အဖြစ်၊ ဝိုင်းဝန်းစောင့်ရှောက်နေကြကြောင်း အဓိပ္ပာယ် ကို ပေါ်လွင်စေလို၍ လည်းကောင်း၊ အုတ်တံတိုင်းပတ်လည်ရှိ အခန်းတိုင်း၏ "ဓမ္မစကြာ ဘီးများ အလယ်တွင် ဆင်ပျံ . မြင်းပျံများ" ကို တစ်လှည့်စီ ထည့်သွင်းထားပါသည်။



ဆင်ပျံ မြင်းပျံ

## (၁၈) အံ့ဖွယ်ထူးခြား မဟာဗုဒ္ဓဝင် ပန်းပု (၂၆) ကား

ဆရာကြီး ဦးဝင်းမောင်သည် ကျောင်းတော်ကြီးတွင် ထားရှိသည့် မြန်မာမှု လက်ရာ ဘုရားဖြစ်တော်စဉ် မဟာဗုဒ္ဓဝင် ၂၆ - ကား (၃ - ပေ × ၆ - ပေ အရွယ်) တို့ကိုလည်း ဓာတ်ပုံ ရိုက်မှတ်တမ်းတင် ထည့်သွင်း ခွင့်ပြုခဲ့ပါသည်။

၁။ ဂေါတမဘုရားအလောင်းတော် သေတကေတုနတ်သား တုသိတာ နတ်ပြည်တွင် စံနေတော်မူခန်း၊

၂။ မယ်တော်မာယာမိဖုရားကြီး လက်ယာနံတောင်းမှ ဆင်ဖြူဝင်လာဟန် အိပ်မက်မြင် တော်မူခန်း၊

၃။ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်အတွင်း၌ ဘုရားအလောင်းတော်ကို ဖွားမြင်တော် မူခန်း၊

၄။ ရွှေနန်းဆောင်အတွင်း၌ ဘုရားအလောင်းတော်ကို ကာဠဒေဝီလရသေ့ က ရှေ့ဖြစ်ဟောတော်မူခန်း၊

၅။ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာဆင်းတော်မူစဉ် ဘုရားအလောင်း တော် ပထမဈာန်ဝင်စားခန်း၊

၆။ ဥယျာဉ်တော်သို့ ရထားဖြင့် ထွက်တော်မူစဉ် သူအို. သူနာ. သူသေ. ရဟန်း နိမိတ်တို့ကို မြင်တော်မူခန်း၊

၇။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ကပိလဝတ်ပြည်မှ တောထွက် တော်မူစဉ် မာရ်နတ်တားခန်း၊

၈။ ဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်းတွင် ဆံတော်ပယ်စဉ် သိကြားမင်း ဆံတော်ခံယူခန်း၊

၉။ ဘုရားအလောင်းတော်အား ယဋိကာရဗြဟ္မာမင်းက သင်္ကန်း. သပိတ်. ပရိက္ခရာ ရှစ်ပါး ကပ်လှူတော်မူခန်း၊

၁၀။ ဘုရားအလောင်းတော်သည် ဥရုဝေလတောတွင် ခြောက်နှစ်တိုင်တိုင် ဒုက္ကရ စရိယာ ကျင့်တော်မူခန်း၊

၁၁။ နေရဉ္စရာမြစ်ကမ်း၌ ဘုရားရှင်အား သုဇာတာသတို့သမီးက ယနာနို့ဆွမ်း ကပ်လှူ တော်မူခန်း၊

၁၂။ ဗောဓိပင်နှင့် ရွှေပလ္လင်၌ စံတော်မူစဉ် မာရ်နတ်မင်းနှင့် စစ်သည်များ တိုက်ဖျက် သည် ကို အောင်တော်မူခန်း၊



ပုံ။ ဥယျာဉ်တော်သို့ ရထားဖြင့် ထွက်တော်မူစဉ် သူအို, သူနာ, သူသေ, ရဟန်း နိမိတ်တို့ကိုမြင်တော်မူခန်း။

၁၃။ မြတ်စွာဘုရားရှင်သည် ဇောဓိပင်နှင့် ရွှေပလ္လင်ထက်၌ သဗ္ဗညုတဉာဏ် နှင့်တကွ ဘုရားပွင့်တော်မူခန်း၊

၁၄။ ဇောဓိပင်အနီး ခုနစ်ဌာနတို့၌ ဘုရားရှင်သည် ခုနစ်ရက်၊ ခုနစ်လီ (သတ္တ သတ္တာဟ) စံနေတော်မူခန်း၊

၁၅။ သတ္တဌာန၌ လေးဆယ့်ငါးရက်စံနေတော်မူစဉ်အတွင်း ပရိသတ်ဆယ်ပါး တို့ လာရောက်ဖူးတွေ့ကြစဉ်၊

၁၆။ မြတ်စွာဘုရားသခင်သည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးပါးတို့အား တရားဦး ဓမ္မစကြာ ဟော တော်မူခန်း၊

၁၇။ ဥရုဝေလဇတော၌ ဥရုဝေလကဿပ ရသေ့ညီနောင်နှင့် ရှင်တစ်ထောင်တို့ အား တရား ဟောတော်မူခန်း၊

၁၈။ မြတ်စွာဘုရားသခင်သည် ခမည်းတော်ရှိရာ ကပိလဝတ်ပြည်သို့ ပထမ အကြိမ် ကြွရောက်တော်မူခန်း၊

၁၉။ ကပိလဝတ်နန်းတော်၌ သားတော် ရာဟုလာမင်းသားက မြတ်စွာဘုရား ရှင်ထံမှ အမွေတောင်းတော်မူခန်း၊

၂၀။ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ဖြူပင်ရင်း၌ မြတ်စွာဘုရားရှင်သည် ရေ. မီးအစုံဖြင့် ယမိုက်ပြာဋိဟာ ပြတော်မူခန်း၊

၂၁။ တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလပတ်လုံး မယ်တော်မိနတ်သား အား ဘုရားရှင် တရားဟောတော်မူခန်း၊

၂၂။ သီတင်းကျွတ်လပြည့်နေ့တွင် သင်္ကဿနဂိုရ်ပြည်သို့ စောင်းတန်းသုံးသွယ် ဖြင့် ဆင်းသက်တော်မူခန်း၊

၂၃။ ပါလိလေယျတောတွင် ဝါဆိုတော်မူစဉ် ဆင်မင်းနှင့် မျောက်များက ပျားမုန့်ဆွမ်း ကပ်လှူခန်း၊

၂၄။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ နာဠာဂီရိဆင်ဆိုးကြီးကို အောင်မြင်တော် မူခန်း၊

၂၅။ မလ္လာမင်းများ၏ အင်ကြင်းဥယျာဉ်ဝယ် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူ ခန်း နှင့်

၂၆။ ဒေါနပုဏ္ဏားကြီးက ရှစ်ပြည်ထောင်မင်းများအား ဓာတ်တော်ဝေတော် မူခန်း တို့ အသီးသီး ဖြစ်ကြပါသည်။



၂၀။ သာဝတ္ထိပြည် ကဏ္ဍာမ္ဗသရက်ဖြူပင်ရင်း၌ မြတ်စွာဘုရားရှင်သည် ရေ. မီးအစုံဖြင့် ယမိုက်ပြာဋိဟာ ပြတော်မူခန်း။

## (၁၉)    ကျောင်းလွှတ်ပူဇော်ပွဲ ခြိမ့်ခြိမ့်သဲ



သာသနာနှစ် ၂၅၄၆ - ခုနှစ်၊ ကောဇာသက္ကရာဇ်၁၃၆၄ - ခုနှစ်၊နယုန် လပြည့် ၁၅ - ရက်၊ ၂၅ - ၆ - ၂၀၀၂၊အင်္ဂါနေ့၊ နေ့လည် ၁း၀၀ နာရီ အချိန်တွင် ရှမ်းပြည် နယ်တောင်ပိုင်း၊ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ ဂဠုန်တောင်၊ကုံလုံကျောင်းတိုက်၊ သိရီစကြာရတနာ ကျောင်းတော်ကြီး၌ ထိုကျောင်းတော်ကြီးလှူဒါန်းပူဇော်ပွဲကိုတရားနာ,ရေစက်ချ, အမျှပေး ဝေခဲ့ကြပြီးဖြစ်သည်။

သိရီစကြာရတနာကျောင်းတော်ကြီး ဆောက်လုပ်ခဲ့ခြင်းနှင့် ပတ်သက်၍ -

(က) ကျောင်းဒါယိကာမ ဒေါက်တာခင်ခင်စိမ့်က အသပြာ ငွေကြေးနှင့်တကွ လိုအပ်သောပစ္စည်းများကို အချိန်မီရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ အုတ်, သဲ, သံ မှ အစ မန္တလေးမြို့က သယ်ယူလုပ်ဆောင်ခဲ့ရပါသည်။ အတတ်ပညာ ရှင် များ, ကြီးကြပ် သူများ, လုပ်သားများ ကောင်းကောင်း မွန်မွန် လုံလောက် ပြည့်ဝစွာ စားသောက်နိုင် စေရန် ကိုလည်း အထူးစီစဉ် ပေးထားပါသည်။ကျောင်းဒါယိကာမ မိသားစုဝင်များကိုယ်တိုင် မနားမနေ ကြိုးစားလုပ် ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။

(ခ) အင်ဂျင်နီယာပညာရှင်, ဗိသုကာပညာရှင်နှင့်တကွ အတတ်ပညာရှင်များအားလုံးတို့ သည် မိမိတို့၏ ပညာရပ်ပေါ်တွင် လွှမ်းမိုး - ချုပ်ကိုင်မှု ကြောင့်ကြမှု တစ်စုံတစ်ရာ မရှိဘဲ လွတ်လပ်စွာ စိတ်တိုင်းကျ ပညာစွမ်းပြခွင့် ရရှိခဲ့ကြသည်။

(ဂ) အသင့်အတင့် ကျွမ်းကျင်သော လုပ်သားများသည်ပင် "ဗိသုကြုံနတ်သားကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်သည့်နှယ်" ထူးခြားသေသပ်လှပ စနစ်ကျစွာ ကျက်သရေ တင့်တယ်အောင် ပြုလုပ်ကြကြောင်း တွေ့ရှိရသည်။

(ဃ) ပညာရှင်များအနေဖြင့် အချိန်တိုကာလအတွင်း အကောင်းဆုံး. အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရသည်။ အချို့နေရာများတွင် ပုံစံထုတ်ချိန် မရခဲ့၍ လက်တမ်းစီစဉ်ခဲ့ရပါသည် ဆိုသော်လည်းအဆောက်အဦ၏အရည်အသွေးကျဆင်း သွားခဲ့ခြင်းမရှိပါ။ စိတ်စေတနာကောင်းဖြင့် သဒ္ဓါတရား၏ စေ့ဆော်လုပ်ကိုင် မှုများကြောင့် စိတ်ကျေနပ်မှု ရရှိခဲ့ကြကြောင်း သိရှိရပါသည်။

( င ) ငွေကြေးဥစ္စာရှိရုံမျှဖြင့်သော်လည်းကောင်း. အဆင့်မြင့်နည်းပညာတတ်သိရုံ မျှဖြင့်သော်လည်းကောင်း အလွန်တိုတောင်းလှသောအချိန်အတွင်း ဤကဲ့သို့သော အဆောက်အဦ မျိုး ထွက်ပေါ်လာရန် မလွယ်ကူပါ။ ဆရာတကာလက် တွဲညီညီ သီလ.သမာဓိ.ပညာသိက္ခာသုံးပါးစောင့်ထိန်းခဲ့ကြသောကြောင့်သာ ထွက်ပေါ်လာခဲ့ကြခြင်းဖြစ်ပေသည်။

( စ ) ဗိသုကာပညာရှင်များ၏ ထူးထွေဆန်းကြယ်စွာ စီမံ ဆောက်လုပ်ထားမှုကြောင့် ပန်းချီ. ပန်းပု. ချူးပန်း. ချူးနွယ် အသွယ်သွယ်တို့ဖြင့် ရှုလို့မငြီး၊ ကြည့်လို့မဝ နတ်ဗိမာန်တော်ကြီး မြေကြီးထဲမှ ငွါးငွါးစွင့်စွင့် ပေါ်ထွက်လာလေသလားဟု ထင်ရလောက်အောင် ကြီးကျယ်. ခံ့ငြား. အံ့သြ. ဆန်းကြယ်လှပါ ပေတော့သတည်း။



# ထွက်တော်မူ ကျောင်းကန္ဒာ စံကျောင်းတော်မဟာ

## ၁။ နှင်သေမင်းနှင့် စစ်ခင်းပြီ

၂၀ - ၁ - ၂၀၀၄ (အင်္ဂါနေ့)၊ ကုံလုံဆရာတော်ကြီးသည် နံနက် ၉း၀၀နာရီတွင် သိရီစကြာရတနာကျောင်းတော်ကြီးမှ သဲကုန်းအလယ်တန်းကျောင်း (ထယ်သွန်းကျေးရွာအုပ်စု)သို့ သွားရောက်ကြည့်ရှု၍ -

(က) သစ်ပင်. ပန်းအလှပင်များ စိုက်ပျိုးရန်၊

( ခ ) ကွန်ပျူတာလှူဒါန်းလိုသူ အလှူရှင်များ အမြန်ဆုံး ရှာဖွေတပ်ဆင်ရန် နှင့်

( ဂ ) စာသင်ဆောင်များကိုနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန သို့အမြန် ဆုံး တရားဝင်လွှဲပြောင်းလှူဒါန်းရန် မိန့်ကြားတော်မူ၏၊ ဆရာတော်ကြီး၏ ကျန်းမာ ရေး အခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိ၊ ကောင်းမွန် နေသည်၊

၂၁ - ၁ - ၂၀၀၄၊ ဗုဒ္ဓဟူးနေ့၊ ဆရာတော်ကြီးသည် ဝမ်းသွားရာ၌ သွေးပါလာပြီး၊ ကျန်းမာရေးအခြေအနေမှာ ယမန်နေ့ကထက် သိသာထင်ရှားစွာ အခြေအနေ ကောင်းမွန်လာခြင်း မရှိပါ၊

၂၂ - ၁ - ၂၀၀၄ ၊ကြာသပတေးနေ့၊ ဆရာတော်ကြီး၏ ကျန်းမာရေး လျင်မြန် စွာတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ၊ ကုံလုံကျောင်းတိုက်မှ ဟဲဟိုးလေဆိပ်သို့ ရဟတ်ယာဉ်ဖြင့် လည်းကောင်း၊ ဟဲဟိုးလေဆိပ်မှ ရန်ကုန်မြို့သို့ အဲယားမန္တလေး လေကြောင်းဖြင့်လည်းကောင်း ဆက်လက်ပင့်ဆောင် သည်။ ရန်ကုန်မြို့တွင် အထွေထွေရောဂါကု ဂျပန်ဆေးရုံသစ်ကြီး၏ အထူးကြပ်မတ်ကုသဆောင် Intensive Care Unit (I.C.U) အထူးခန်း၌ နိုင်ငံတော်အစိုးရ၏ အထူးကုသမားတော်ကြီး များက နေ့ရော၊ ညဥ့်ပါ ကြပ်မတ်၍ အထူးဂရုစိုက် ဆေးကုသပေးခဲ့ကြပါသည်၊ ထိုအချိန်တွင် ဆရာတော်ကြီးမှာ သတိမေ့မျော နေကြောင်းသိရှိရပါသည်။

၃၀ - ၁ - ၂၀၀၄၊ သောကြာနေ့၊ ကုံလုံဆရာတော်ကြီးသည် ၂၂ - ၁ - ၂၀၀၄၊ ကြာသပတေးနေ့ မှ စ၍ သတိမေ့မျောနေခဲ့ရာ၊ လုံးဝ သတိပြန်လည် လာခြင်း

# နောက်ဆုံး ဗျာနီ လွှမ်းမျက်ရည်



၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) ကုံလုံ ဆရာတော်ကြီးအား ရဟတ်ယာဉ်ဖြင့် ပင့်ဆောင်ရန် စီစဉ်နေပုံ



၂၂-၁-၂၀၀၄ (ကြာသပတေးနေ့) ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၏ အထူးကြပ်မတ် ကုသဆောင်၌ ဆေးကုသမှု ခံယူစဉ်



၃၀-၁-၂၀၀၄ (သောကြာနေ့) နေ့လည်(၂း၂၀)နာရီ ဆရာတော်ကြီးအား ဟဲဟိုးလေဆိပ်မှ ကုံလုံကျောင်းသို့ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်လာစဉ်

မရှိတော့ဘဲ၊ ဘုရား. ရဟန္တာများပင်လျှင် မလွန်ဆန်နိုင်သော ဖြစ်မြဲ ဓမ္မတာ အတိုင်း နံနက် (၀၀း၁၅) နာရီ အချိန်တွင် တစ်ဘဝစန္ဒာရပ်စဲ၍ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသွားခဲ့ပါသည်၊

## ၂။ ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူကြောင်း အကြောင်းကြားလွှာပါဘုရား

နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ကုံလုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယ သက်တော်(၉၆)နှစ်၊ ဝါတော် (၇၆)ဝါ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ဂဠုန်တောင် ကျောင်း တိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ကုံလုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တေဇနိယသည် သာသနာ့ တာဝန် များကို စွမ်းစွမ်းတမံ ထမ်းဆောင်တော် မူနေစဉ်၊ သက်တော်(၉၆)နှစ်၊ ဝါတော် (၇၆)ဝါ အရ သာသနာနှစ် ၂၅၄၇ ခုနှစ်၊ ကောဇာ ၁၃၆၅ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်၊ ခရစ်နှစ် ၃၀ - ၁ - ၂၀၀၄ ခုနှစ် (သောကြာနေ့) နံနက် ၀၀း၁၅ နာရီတွင် ရန်ကုန်မြို့ ဂျပန်ဆေးရုံသစ်၌ ဘဝနတ်ကျောင်းပြောင်းရွှေ့တော်မူပြီးဖြစ်ပါကြောင်းအကြောင်းကြား လျှောက်ထားပါသည်ဘုရား။

ကုံလုံပရိယတ္တိစာသင်တိုက် တပည့်များနှင့် ဒကာ. ဒကာမများ

## ၃။ (က) ရုပ်ကလာပ်တော် ပင့်ဆောင်ခြင်း

ကုံလုံဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ရန်ကုန်မြို့မှ ၃၀ - ၁ - ၂၀၀၄၊ သောကြာနေ့၊ နံနက် ၁၁း၀၅ နာရီအချိန်တွင် အဲယားမန္တလေးလေကြောင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်သို့ ပင့်ဆောင်ခဲ့ကြသည်။ထိုမှတစ်ဆင့် ၊ ဓမ္မစကြာ ဝတ်ရွတ်အဖွဲ့ ဖြင့် ပင်းတယမြို့၊ ကုံလုံကျောင်းတိုက် သို့ ဆက်လက်ပင့်ဆောင် ခဲ့ကြရာ ၁၄း၂၀ နာရီအချိန်တွင် ရောက်ရှိခဲ့သည်။

## ( ခ ) ပူဇော်စံထားခြင်း

ကျေးဇူးတော်ရှင်ကံ့လံ့ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ကံ့လံ့သာသနာ့ဗိမာန်တော်ကြီးတွင် ပူဇော်စံထားခဲ့ကြပါသည်။

## ( ဂ ) ဂူဗိမာန် နေရာ ရွေးချယ်ခြင်း

ဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မမူမီ ၁၀-၉-၁၉၉၃ ခုနှစ်၊ သောကြာနေ့၊ ၁၆း၁၀ နာရီအချိန်တွင် မိန့်ကြားခဲ့သည်မှာ -

(၁) မီးမသင်္ဂြိုဟ်ရ၊ (၂) ဂူမသွင်းရ၊

(၃) မြေမမြှုပ်ရ၊ (၄) ရုပ်ကလာပ်တော်ကို စံကျောင်း၊ ပရိက္ခရာ ရှစ်ပါး၊ အိပ်ရာ ထိုင်ခင်းအသုံးအဆောင်များနှင့် တကွ ဘုမ္မိအရပ်တွင် ပူဇော်ထားရန် မိန့်ကြားတော်မူသည်။ သို့ဖြစ်၍ ကံ့လံ့ကျောင်းတိုက်၏ မြောက်ဘက် ကုန်းတော်ကို ရုပ်ကလာပ်တော်အပူဇော်ခံမည့် ဂူဗိမာန်နေရာအဖြစ် ရွေးချယ်ခဲ့ကြသည်။

## (ဃ) ရှမဝ မှန်ခေါင်းသွင်းခြင်း

၂-၂-၂၀၀၄ ခုနှစ်၊ ၁၉း၀၀ နာရီအချိန်တွင် ကံ့လံ့ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ရှမဝ ပရိဘောဂမှ လှူဒါန်းသည့် မှန်ခေါင်းသို့ ထည့်သွင်း ပူဇော်ခဲ့ပါသည်။

## ( င ) စက်ကာပူမှန်ခေါင်းသို့ပြောင်းခြင်း

၃-၂-၂၀၀၄ ခုနှစ်၊ ၂၂း၃၀ နာရီအချိန်တွင် ရှမဝ မှန်ခေါင်းမှ ကျောင်းဒကာ ဦးစံငြိမ်း + ဒေါ်သိန်းဝင်း တို့လှူဒါန်းသည့် စက်ကာပူမှန်ခေါင်းသို့ ထာဝရ ပြောင်းရွှေ့ ပူဇော်ခဲ့ပါသည်။

## ၄။ ၃-၂-၂၀၀၄ ကြေးမုံ နှင့် ၄-၂-၂၀၀၄ မြန်မာ့အလင်း သတင်းစာ များတွင် သတင်း ဖော်ပြချက် များမှာ -

ကြေးမုံ
The Mirror

ဗာဟုသစ္စ
စတဲ့မင်္ဂလာ

အကြားအမြင်များခြင်းသည်
မြတ်သောမင်္ဂလာတည်း

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် ၊ အင်္ဂါနေ့၊ ( 3-2 -2004 ) (၃၈၆၀)

# ကုံလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်

## အန္တိမဈာပန ဂူဗိမာန်တော်သွင်း အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော် ဩဝါဒါစရိယ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့ ဂဠုန်တောင် ကျောင်းတိုက် ဦးစီးပဓာန နာယက သက်တော်(၉၆)နှစ်၊ သိက္ခာတော် (၇၆) ဝါရှိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ ကျေးဇူးတော်ရှင် ကုံလုံ ဆရာ တော်ကြီး သည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက် နံနက် ၀၀း၁၅ နာရီ အချိန်တွင် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့ရာ ဆရာတော်ကြီး၏ ဥတုဇရုပ် ကလာပ်တော် အား ဖေဖော်ဝါရီ ၇ - ရက်၊ (စနေနေ့) နံနက်ပိုင်းတွင် အန္တိမဈာပန စံကျောင်းချ အခမ်း အနားကျင်းပ၍ ၊ ဖေဖော်ဝါရီ ၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ - နာရီတွင် ဥတုဇ ရုပ်ကလာပ်တော်အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် ပူဇော်ခြင်းအခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ ကုံလုံသာသနာ့ဗိမာန် ကျောင်းဆောင် စံကျောင်းတော်၌ လည်းကောင်း၊ ဖေဖော်ဝါရီ(၉) ရက် (တနင်္လာနေ့) မွန်းလွဲ ၁ - နာရီတွင် အန္တိမဈာပန ပူဇာသဘင် နှင့် ဂူဗိမာန်တော်သွင်း အခမ်းအနားကို ကျင်းပပြုလုပ်မည် ဖြစ်ပြီး အန္တိမဈာပန ပူဇာ တရားပွဲကို ဖေဖော်ဝါရီ (၈)ရက်ညတွင် စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရ ဒေါက်တာ အရှင် ဉာဏိ ဿရ ဆရာတော်က နိဗ္ဗာန်ရောက် ကြောင်းတရား များ ဟောကြား မည်ဖြစ် ကြောင်း သာသနာ ရေး ဦးစီးဌာနက သတင်းရရှိ ပါသည်။ (သတင်းစဉ်)

(၉၀) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)





အတ္တသမ္မာ ပဏိဓိစ ဝတံမင်္ဂလမုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ(၄)ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၀)၊ အမှတ် (၂၃)

## ကံ့လုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အိန္ဒိယနိုင်ငံမှ ဂူဗိမာန်တော်သွင်းအခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ကံ့လုံကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ကံ့လုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ တေဇနိယ ကျေးဇူးတော်ရှင် ကံ့လုံဆရာတော်ကြီး သက်တော်(၉၆)နှစ်၊ သိက္ခာ တော် (၇၆)ဝါ၏ ဥတုဇရုပ်ကလာပ်တော် အား စံကျောင်းတော်ပင့် ထီးဖြူတော်ဖွင့် ပူဇော်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၈ - ရက်၊ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ - နာရီတွင် ကံ့လုံ သာသနာ့ ဗိမာန်ကျောင်း ဆောင် စံကျောင်းတော်၌ လည်းကောင်း၊ အန္တိမဈာပန သာဓု ကီဠန ပူဇာသဘင် အခမ်းအနား ကို ဖေဖော်ဝါရီ(၉)ရက် (တနင်္လာနေ့) မွန်းလွဲ ၁ - နာရီတွင် အဆိုပါကျောင်းဆောင်၌လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဥတုဇရုပ်ကလာပ်တော်အား ဂူဗိမာန်တော်သို့ အခမ်း အနားဖြင့် ပင့်ဆောင်ဂူသွင်း သင်္ဂြိုဟ်ပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၅။ (က) ရုပ်ကလာပ်တော် ဖူးမြော်ကန်တော့ ခံယူခြင်း

၅-၂-၂၀၀၄ ခုနှစ်၊ ၁၅း၃၀ နာရီအချိန်တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့က လည်းကောင်း၊

၆-၂-၂၀၀၄ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအဖွဲ့မှ နိုင်ငံတော် ဝန်ကြီးချုပ် နှင့် အဖွဲ့က လည်းကောင်း ကုံလုံဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့ခဲ့ကြသည်။

## ( ခ ) အဖွဲ့များ ဖွဲ့စည်းခြင်း

ထို့နောက် ကုံလုံဆရာတော်ဘုရားကြီး၏ သာဓုကီဠန အန္တိမဈာပန အခမ်းအနားကျင်းပနိုင်ရန်အတွက် -

(၁) ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့ - ဆယ်ပါး၊
(၂) နာယကအဖွဲ့ - သုံးဦး၊
(၃) ဦးစီးကော်မတီ - တစ်ဆယ့်ရှစ်ဦး၊
(၄) လုပ်ငန်းတာဝန်များ ခွဲဝေ သတ်မှတ်၍ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊

- ဆွမ်းဆက်ကပ်ရေး နှင့် ဧည့်ခံကျွေးမွေးရေး - ၁၀ ဦး၊
- အခမ်းအနားပြင်ဆင်ရေးနှင့် အန္တိမဈာပန ကျင်းပရေး - ၁၄ ဦး၊
- လုံခြုံရေး - ၀၈ ဦး၊
- ပြန်ကြားရေး နှင့် မှတ်တမ်းတင်ရေး - ၀၈ ဦး၊
- ကျန်းမာရေး - ၀၃ ဦး၊
- သံဃာတော်များကြိုဆိုပင့်ဆောင်ရေးနှင့် နေရာချထားရေး - ၀၅ ဦး၊
- ဘဏ္ဍာငွေ ရှာဖွေရေး - ၀၇ ဦး၊
- ဝေယျာဝစ္စအဖွဲ့ - ၀၆ ဦး၊

မှတ်ချက်။ ။ ဂရုဘဏ်.လဟုဘဏ်ပစ္စည်းများစာရင်း ပြုစုထိန်းသိမ်းရေး ကို ဦးစီးကော်မတီမှပင် တာဝန်ယူ ဆောင်ရွက်သွားခဲ့ပါ၏။

# ၆။ ကုံလုံဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော် အား စံကျောင်းဆောင်ပင့် ထီးဖြူတော်ဖွင့် အခမ်းအနား

သာသနာတော်နှစ် - ၂၅၄၇ ခုနှစ်၊
ကောဇာသက္ကရာဇ် - ၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊
ခရစ်နှစ် - ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်၊ တနင်္ဂနွေနေ့။

အစီအစဉ်အရ -

(၁) ကိုဋ္ဌိတုံ သာခုကိဋ္ဌာ ဂါထာဖြင့် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ က အခမ်းအနားဖွင့်လှစ်သည်။
(၂) ထီးဖြူတော်ဖွင့် အခါတော်ကြား စာတမ်း သေတစ္ဆတ္တ ဝိဝရဏ ဂါထာ ကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည်က ဖတ်ကြား၍ထီးဖြူတော် ဖွင့်လှစ်သည်။
(၃) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည် ရေးသားသော ထီးဖြူတော်ဖွင့် ကုသိုလ်ပွဲ မှတ်တမ်းတင် ရတုကို နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေ က ဖတ်ကြားသည်။
(၄) ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။
(၅) ကျေးရူးရှင် ကုံလုံဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြား ပူဇော်သည်။
(၆) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာရှိ ဦးမင်းကြည် ရေးသားသော သံဝေဂ တမ်းချင်း ကဗျာကို အဆိုတော် ဒလ ဝေဝေ က ဖတ်ကြားသီကျူးပူဇော်သည်။
(၇) စံကျောင်းတော်၌ သီတင်းသုံးတော်မူပါရန် တောင်းပန်လျှောက်ထားသော ဂါထာကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အကြံပေးအရာ ရှိ ဦးမင်းကြည်က ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းသည်။

# ၇။ ကံ့လုံ့ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနား

သာသနာတော်နှစ် - ၂၅၄၇ ခုနှစ်၊
ကောဇာသက္ကရာဇ် - ၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄)ရက်၊
ခရစ်နှစ် - ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်၊ တနင်္လာနေ့။

အစီအစဉ်အရ -

(၁) "အနိစ္စာ ဝတ သင်္ခါရာ" - စသော သံဝေဂ ဂါထာသုံးပုဒ်ကို သံပြိုင်ညီညာ ရွတ်ဆို၍အခမ်းအနားဖွင့်လှစ်သည်။

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၊ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ တေဇဝန္တ မဟာထေရ်မြတ် ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏သံဝေဂဉာဏ် ပွားများကြောင်း သဝဏ်လွှာကိုနိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ ဝင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုနန္ဒ က ဖတ်ကြားသည်။

(၄) ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား စိန်ကတ္တီပါ သင်္ကန်း တော်ဖြင့် လွှမ်းခြုံ ပူဇော်သည်။

(၅) ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေး ဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဖတ်ကြားသည်။

(၆) ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဦးမင်းကြည်က ဖတ်ကြားပူဇော်သည်။

(၇) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှအကြံပေး အရာရှိ

ဦးမင်းကြည်ရေးသားသော "တွေးဆခုခါ လွမ်းငွေ့ဖြာ" ရတုကို နိုင်ငံကျော် အဆိုတော် ဦးထွန်းရွှေက ဖတ်ကြားသီကျူးပူဇော်သည်။

( ၈ ) အကြံပေးအရာရှိ ဦးမင်းကြည် ရေးသားသော သီဂါသံ ကဗျာများကို အဆိုတော် ဒလဝေဝေက မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ဖတ်ကြား သီကျူးပူဇော်သည်။

( ၉ ) အကြံပေးအရာရှိ ဦးမင်းကြည်က သံဝေဂဂါထာကို ဖတ်ကြားပူဇော် သည်။

(၁၀) လှူဖွယ်ဝတ္ထုပစ္စည်းများကို အသီးသီး ဆက်ကပ် လှူဒါန်းကြပါသည်။

(၁၁) နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒ မထေရ်မြတ်ထံမှ ဓမ္မကထာ နာကြား၍ရေစက်သွန်းချ အမျှပေးဝေသည်။

(၁၂) အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာကို ကုံလုံ ပရိယတ္တိစာ သင် တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ က ပရိသတ်များအား တိုင်ကြားပေးသည်။

(၁၃) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန အကြံပေးအရာရှိ ဦးမင်းကြည် က ရုပ်ကလာပ်တော်ကို ရုပ်ကလာပ်တင် ဖောင်တော်ယာဉ် ပေါ်သို့ ကြွချီ တော်မူပါမည့် အကြောင်း နိမန္တန ဂါထာဖြင့် ဖတ်ကြား ပင့်လျှောက်သည်။

(၁၄) ရုပ်ကလာပ်တော်ကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပင့်ဆောင် ခဲ့ ကြသည်။

(က) ဓမ္မရုံအတွင်းမှ ဓမ္မရုံလှေကားအဆင်းအထိ ဆရာတော်ကြီး၏ တပည့် ရဟန်းများမှ ပင့်ဆောင်ကြသည်။

( ခ ) တပည့်ရဟန်းထံမှ နိုင်ငံတော် အကြီးအကဲ များက တိုက်အုပ် ကျောင်းရှေ့ အထိ ပင့်ဆောင်ကြသည်။

( ဂ ) တိုက်အုပ်ကျောင်းရှေ့မှ ဆွေတော်. မျိုးတော် များက သံဃာဆောင် အရှေ့ အထိ ပင့်ဆောင်ကြသည်။

(ဃ) သံဃာဆောင် ရှေ့မှ မုခ်ဦးအထိ ဌာနဆိုင်ရာများမှ ပင့်ဆောင်ကြသည်။

( င ) မုခ်ဦးမှ ကရဝိတ်ဖောင်ပေါ်အထိ ဂေါပက အဖွဲ့(ဥပါသကာများ)မှ ပင့်ဆောင်ကြသည်။

(၁၅) ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို အန္တိမဗျာပန ကျင်းပရေး ကော်မတီက ကရဝိတ်ဖောင်တော်ပေါ်မှ ပင့်ဆောင်၍ စံကျောင်းတော် အတွင်း ရှိကြာကလပ်အပေါ်ဆက်လက်ပင့်ဆောင်ကြ သည်။

(၁၆) ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်ကိုစံကျောင်းတော်အတွင်းသို့ ပင့်ဆောင်နေချိန်တွင် သံဃာတော်များက "ဟန္ဒဒါနိဘိက္ခဝေအာမန္တယာ မိ ဝေါ" အစရှိသော ပစ္ဆိမဗုဒ္ဓ ပါဝစန ပါဠိတော်ကို သံပြိုင်ညီညာ ရွတ်ဆို ကြပြီး အခမ်းအနားကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါသည်။



၈။ ၁၀-၂-၂၀၀၄ ခုနှစ်၊ ကြေးမုံ သတင်းစာ နှင့် ၁၁-၂-၂၀၀၄ ခုနှစ်၊ မြန်မာ့အလင်းသတင်းစာများတွင် သတင်းဖော်ပြချက် များမှာ -

အတ္တသမ္မာ ပဏိဓိစ ဝေဲမင်္ဂလမုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် (၆) ရက် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ(၁၁)ရက် ဗုဒ္ဓဟူးနေ့ အတွဲ (၄၀)၊ အမှတ် (၂၂၁)

## ကံ့လုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ မဟာထေရ်မြတ် အန္တိမဈာပန သာဓုကီဠန ပူဇာသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့ ကံ့လုံပရိယတ္တိစာသင် တိုက် ဦးစီးပဓာန နာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက သက်တော် (၉၆)နှစ်၊ ဝါတော် (၇၆)ဝါရ ကျေးဇူးတော်ရှင် ကံ့လုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ၏ အန္တိမဈာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားနှင့် အန္တိမဈာပန ကျင်းပရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ - ရက်၊ မွန်းတည့် ၁၂ - နာရီတွင် ဂဠုန်တောင်ကျောင်းတိုက် သာသနာ့ ဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီး များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့်ဇနီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ,

**တိုင်းရင်းသား ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဒေ့ပရိသတ် များ တက်ရောက် ကြည်ညိုကြသည်၊**

အစီအစဉ်အရ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင် များ၏အလှူငွေကျပ် စုစုပေါင်း ၆,၉၂၆,၂၀၀/ - ကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန မှ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့က လက်ခံကြသည်။

ဆက်လက်၍ ကျေးရွာရှင်ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ မဟာ ထေရ်မြတ် ၏အန္တိမဈာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကိုကျင်းပရာ အစီအစဉ်အရ **အနိစ္စာ ဝတ သင်္ခါရာ စသော သံဝေဂဂါထာသုံးပုဒ်ကို** သံဃာတော် များနှင့်ဒေ့ပရိသတ်များက ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဒေ့ပရိသတ် များက နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇဝန္တထံမှ ငါးပါးသီလ ခံယူဆောက် တည်ကြသည်။ ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃ မဟာနာယက အဖွဲ့၏ သံဝေဉာဏ်ပွားများကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇ ဝန္တ က ဖတ်ကြားတော်မူသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား စိန်ကတ္တိပါ သင်္ကန်းတော် ဖြင့် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ ဖြိုး ရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းထိုက်တို့က လွှမ်းခြုံပူဇော်ကြသည်။ ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ ကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဖတ်ကြားပြီး

ကျေးဇူးတော်ရှင်ကံ့လံ့ဆရာတော်ကြီး၏ လေ့ရပ္ပတ္တိအကျဉ်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးမင်းကြည်က ဖတ်ကြားပူဇော်၍ ဦးမင်းကြည်ရေးသားသော "တွေးဆ နစ် လွှမ်းငွေ့ဖြာ" ရတုကို အဆိုတော်ဦးထွန်းရွှေက ဖတ်ကြားသီကျူး ပူဇော်ပြီး သိင်္ဂါသံကဗျာများကို အဆိုတော် ဒလဝေဝေက မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်ကာ ဖတ်ကြားသီကျူးပူဇော်၍ သံဝေဂဂါထာကို ဦးမင်းကြည်က ဖတ်ကြားပူဇော်သည်။ ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် ၂၂၆-ပါးတို့အား ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး အမှူး ပြုသော ဧည့်ပရိသတ် များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ပူဇော်ကြ သည်။

ဆက်လက်၍ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒထံမှ သံဝေဂဓမ္မကထာနာကြား၍ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး အမှူးပြုသော ဧည့်ပရိသတ်တို့က ရေစက်သွန်းချ အမျှပေးဝေကြပြီး "(အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လျှာ)" ကို ကံ့လံ့ပရိယတ္တိစာသင်တိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တကောဝိဒက တိုင်ကြားပေးရာ ပရိသတ်များက ရွတ်ဆိုကြသည်။ ယင်းနောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ရုပ်ကလာပ်တင် ဖောင်တော်ယာဉ် ပေါ်သို့ ကြွချီတော်မူပါမည့် အကြောင်းကို ဦးမင်းကြည်က နိမန္တနဂါထာ ဖြင့် ဖတ်ကြား ပင့်လျှောက်သည်။

ဆက်လက်၍ ကျေးဇူးရှင်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိတ်ဖောင် တော်သို့ ပင့်ဆောင်ရာ ဓမ္မာရုံအတွင်းမှ ဓမ္မာရုံလှေကားအထိ ဆရာတော်ကြီး၏ တပည့် ရဟန်းများကလည်းကောင်း၊ တိုက်အုပ်ကျောင်းရှေ့အထိကို ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ အမှူးပြုသော စစ်ဘက်နယ်ဘက်အကြီးအကဲများက လည်းကောင်း၊ သံဃာတော်အဆောင် အထိကို ဆရာတော်ကြီး၏ဆွေတော်မျိုးတော်များက လည်းကောင်း၊ သံဃာဆောင်ရှေ့မှ မုခ်ဦး အထိကို ဌာနဆိုင်ရာများကလည်းကောင်း၊ မုခ်ဦး မှ ကရဝိတ်ဖောင်ပေါ်အထိကို ဂေါပကအဖွဲ့ဝင်များကလည်းကောင်း အသီးသီးပင့်ဆောင် ပူဇော်ကြပြီး၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး၊ ဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာတော်ကြီး၏ ဒါယကာ ဒါယိကာမများ က

ဖောင်တော်ကိုကြိုးဖြင့်ဆွဲ၍ အန္တိမစျာပနကျင်းပရေးကော်မတီက ကရဝိတ်ဖောင်တော်မှ ပင့်ဆောင်ကာ စံကျောင်းတော်အတွင်းရှိ ကြာကလပ်အပေါ် ဆက်လက်ပင့်ဆောင်ကြသည်။

စံကျောင်းတော်အတွင်းသို့ ပင့်ဆောင်နေချိန်တွင် သံဃာတော်များက **“ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တတယာမိ ဝေါ အစရှိသော ပစ္ဆိမဗုဒ္ဓဝစနပါဠိတော်”** ကို သံပြိုင် ညီညာ ရွတ်ဆို၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စံကျောင်းတော်အတွင်းရှိ ကြာကလပ် ပေါ်၌ ပူဇော်ထားရှိပြီး **“အနိစ္စာ ဝတ သင်္ခါရာ”** စသော သံဝေဂ ဂါထာ သုံးပုဒ်ကိုရွတ်ဆို၍ ညနေ ၃-နာရီတွင် အခမ်းအနား ကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## ၉။ ဆန္ဒတော်နှင့်အညီ တည်ထားပြီ

ကုံလုံ ဆရာတော်ကြီး၏ ကြိုတင်မိန့်မှာခဲ့ချက်များအရ အန္တိမဈာပန သာဓုကီဠနပူဇာ ပြုလုပ်ရာတွင် ဆရာတော်ကြီး၏ ဆန္ဒအတိုင်း -



(က) မြေမမြှုပ်ခြင်း၊
(ခ) မီးမရှို့ခြင်း၊
(ဂ) ရေမမျှောခြင်း၊
(ဃ) ဒွါရပေါက်များမပိတ်ခြင်း၊
(င) ခြေမ. ကြိုးမချည်ခြင်း နှင့်
(စ) ရုပ်ကလာပ်တော်အား ကြာကလာပ်ပေါ်တွင် တင်ထားကာ အမှတ်သတိရစေခြင်းငှာ ဂူဗိမာန်တော်စေတီ ရုပ်ကလာပ်တော် ထားရာ အံ့ဖွယ် မဟာစဥ္စံကျောင်း တော်ကြီးကို ကျပ်သိန်းပေါင်း ရှစ်ထောင်ငါးရာကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်း ထားပြီ ဖြစ်သည်။

(၁၀၂)ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## ၉။ (က) လွှမ်းစေတီ စံကျောင်းတော် ဗိသုကာမှတ်တမ်း

ကံ့လုံဆရာတော်ဘုရားကြီး ၏ ရုပ်ကလာပ်တော် ကျိန်းဝပ်စံပယ်တော် မူရာ လွှမ်းစေတီ စဥ့်စံကျောင်းတော်ကြီးကို ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်၊ ခန္ဓာဝန် မချမီ လပိုင်းအလိုခန့်တွင် ကိုယ်တော်တိုင် အောက်ပါ အချက်များကို မိန့်ကြား လမ်းညွှန်၍ ပုံစံတော်ကို ထုတ်ပေးတော်မူခဲ့သည်။ ထိုစဉ်က တပည့်ဒါယကာ၊ ဒါယိကာများက ဆရာတော်ဘုရားကြီးအား တစ်ဘဝ ခန္ဓာဝန်မချ ရန် ဝိုင်းဝန်းတောင်းပန် အသနားခံ နေကြစဉ်ဖြစ်၍ ကျောင်းတော်ဟုဖွင့်ဟမိန့်တော်မမူဘဲ၊ အခြားအဆောက် အဦ စံကျောင်း တော်ဟု ဥပါယ်တံမျဉ်ဖြင့် မိန့်ကြားတော် မူခဲ့ခြင်းဖြစ်သည်။

စံကျောင်းတော်ဆောက်လုပ်ရာတွင် -

(၁) အပြင်မှ ကြည့်လျှင် စေတီ၊ အတွင်းမှ ကြည့်လျှင် ကျောင်း တော်ဖြစ်စေရန်။

(၂) အထွတ်တွင် အခြားစေတီများကဲ့သို့ သံထီး၊ စတီးထီး စသည့် ထီးမတင်ရန် (အထွတ်အတွက် ဆရာတော်ကြီး နှစ်ပေါင်းများစွာ သိမ်းဆည်းထား တော်မူခဲ့သော အဖိုးများစွာ ထိုက်တန်သည့် စလင်းညို အထွတ် စိန်ဖူးတော်ကြီးကို တပည့် ကျောင်းဒါယကာတို့အား ပေးအပ်တော်မူခဲ့သည်။)

(၃) ပုံသဏ္ဍာန်အားဖြင့် လည်းကောင်း၊ ဆောက်လုပ်သော ပစ္စည်း အားဖြင့် လည်း ကောင်း၊ လက်ရာအားဖြင့်လည်းကောင်း အခြားစေတီပုထိုး၊ ကျောင်း တော်များနှင့် မတူဘဲ၊ တီထွင်အသုံးပြုရန် (ထိုသို့ မိန့်ကြားစဉ် မြန်မာမှု ဗိသုကာ ပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ) က မြန်မာပြည် တွင် ထိုကာလအထိ မရှိခဲ့ဘူးသေး သော စံကျောင်းတော်ကြီး တစ်ဆူလုံးကို စဥ့်ပြား အမွှန်းပန်းများ တပ်ဆင် ဆောက်လုပ်ရန် လျှောက်ထားရာ၊ ဆရာတော်ဘုရားကြီးက ဝမ်းမြောက် ဝမ်းသာ လက်ခံ အတည်ပြု တော်မူခဲ့သည်။)

(၄) ဤအချက်သုံးချက်မှ လွဲ၍ ကျန်သော ပုံစံ၊ အရွယ်အစား၊ အပြောက်အမွှန်း စသော ဗိသုကာပိုင်းဆိုင်ရာ ကိစ္စများ အားလုံးကို ထပ်မံလျှောက် ထားရန် မလိုဘဲ ဗိသုကာ ပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ) ၏ စိတ်ကူးရသမျှ အတိုင်း ကန့်ကွက်ခြင်း မရှိဘဲ၊ ထိုပုံစံနှင့် အညီ တသွေမတိမ်း ဆောက်လုပ်ရန်။

(၅) အဆောက်အဦစံကျောင်းတော်ကြီးအား အတုမရှိသော ပုံစံ ဖြစ်အောင် ဖန်တီးကြ ရန် စသည်တို့ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသောအချက်များကို ဦးထိပ်ပန်ဆင် လျက်၊ မြန်မာမှု ဗိသုကာပညာရှင် ဦးဝင်းမောင် (တမ္ပဝတီ)နှင့် အဖွဲ့သည် နှစ်ပတ်

အတွင်း ဗိသုကာပုံစံများ ရေးဆွဲ၍ ဆရာတော် ဘုရားကြီး ထံ လျှောက်ထားပြသရာ၊ သဘောကျ လက်ခံတော်မူပြီး ဤပုံစံအတိုင်း တည်ဆောက်ရန် မိန့်ကြား တော်မူသည်။ ထို့နောက် လပိုင်းအတွင်း တစ်ဘဝ ခန္ဓာဝန်ကို စွန့်တော်မူ သွားခဲ့ ပေသည်။ ထိုတွင်မှ အလှူရှင် တပည့်ဒါယကာ၊ ဒါယိကာမ များက ဆရာတော်ဘုရား ကြီးသည် တပည့်ဒါယကာများ ဝမ်းနည်းပူဆွေးကြမည်ကို သနားတော်မူသဖြင့် တိုက်ရိုက် မိန့်ကြား တော်မမူဘဲ၊ မိမိခန္ဓာဝန် စွန့်ပြီးနောက် ရုပ်ကလာပ်တော် ထာဝရ စံမြန်း တော်မူမည့်၊ လွမ်းစေတီစံကျောင်းတော်ကြီးကို၊ ခန္ဓာဝန်စွန့်တော်မမူမီ ဥပါယ် တံမျဉ် ဖြင့် လမ်းညွှန်မိန့်ကြား ခဲ့ခြင်းဖြစ်သည်ကို သိရှိသဘောပေါက်ကြ ရပေတော့၏။

ဆရာတော်ဘုရားကြီး ခန္ဓာဝန်စွန့်ပြီးသည့်နောက် သာဓုကီဠန သဘင် အပြီးတွင် ကုံလုံကျောင်းတိုက်၏ မြောက်အရပ်ရှိ ကုန်းတော်ထက်တွင် ရုပ်ကလာပ် တော်ကို ပူဇော်ထားရှိရန် ၊ သစ်သားယာယီစံကျောင်းတော်ကို အမြန်ဆုံး ဆောက် လုပ် ခဲ့ရ သည်။ မူလပုံစံထုတ် ရေးဆွဲစဉ်က ကြီးမားသော ဆင်းတုတော်ကြီး တစ်ဆူ ကိန်းဝပ် စံပယ် မည့် ပုံစံကို လွမ်းစေတီစံကျောင်းအဖြစ် ပြောင်းလဲဆောက်လုပ် ရာ တွင် ဗုဒ္ဓဝိဟာရ မှ သံဃာ့ဝိဟာရ အဖြစ် လျော်ညီစွာ အသုံးပြုနိုင်ရန် -

(၁) စိန်တောင်သုံးဆင့်နှင့် သရက်ကင်း လေ့ကား သုံးဆင့် ကို စိန်တောင်တစ်ဆင့် လေ့ကားတစ်ဆင့် အဖြစ် လျှော့ချခြင်း၊

(၂) အရပ်ရှစ်မျက်နှာရှိ သမ္ဗုဒ္ဓေဆင်းတုတော်များ ပါရှိသော တံခွန်တိုင်ကြီး ရှစ်တိုင်ကို ထည့်သွင်းတည်ဆောက်မှု မပြုတော့ခြင်း၊

(၃) အထွတ်စေတီတော် အောက်ခြေရှိ ရှစ်မြှောင့်ပုံ ဘုံ(၇)ဆင့် ပြာ သာဒ်ကို ဘုံ(၅)ဆင့် အဖြစ် လျှော့ချခြင်း၊

(၄) အရွယ်အစား ကြီးမားသော ပုံအား သစ်သား ယာယီစံကျောင်း တော်ကို ငုံမိရုံသာ အရွယ်အစားလျှော့ချခြင်း တည်းဟူသော အချက်လေးချက်ကို ပြုပြင်ခဲ့ပေသည်။ (သို့သော်လည်း ဆောက်လုပ်ရန် ပြင်ဆင်နေစဉ်အတွင်း၊ အပြင် လွမ်းစေတီ စံ ကျောင်း တော်ကြီး မပြီး စီးမီအတွင်း သစ်သားစံကျောင်းတော်ကို ဆက်လက် ထားရှိရမည့် အချက်ကြောင့် အကြိမ်ကြိမ် တိုးချဲ့တိုင်းထွာ ရေးဆွဲခဲ့ရာ၊ နောက်ဆုံး ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်က ဆုံးဖြတ်ခဲ့သော အရွယ် အစား အထိပင် ရောက်ရှိခဲ့ပြန်ပေသည်။)

❖ **လွမ်းစေတီတော် စဥ့်စံကျောင်းတော်ကြီး၏ ဗိသုကာပိုင်းဆိုင်ရာ ထည့်သွင်း စဉ်းစားသော ခံယူချက်များမှာ -**

(၁၀၇) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

(၁) ရုပ်ကလာပ်တော်အား ကုန်းတော်ထက်တွင် အခြားကျောင်း ကန်ဘုရားများနှင့် မပတ်သက်စေဘဲ၊ သီးခြား လွတ်လပ်စွာ စံပယ်တော်မူ နိုင်စေရန်၊ ဗိမာန်တော်ဘေးမှ ကျုံးကူးတံတား ရှစ်စင်းပါဝင်သော အရံကျုံးအတားအဆီးကို ထည့်သွင်းထား ၏။

(၂) အောက်ခြေရင်ပြင်တော်ကို အရပ်ရှစ်မျက်နှာမှ လာရောက်၍ ဖူးမြော်ကြမည့် သူတော်ကောင်း ပရိသတ်များအား ရည်ရွယ်၍ ရှစ်မြှောင့်ပုံ ရေးဆွဲ ပြီး၊ အရပ်လေးမျက်နှာ တွင် သရက်ကင်း လှေကား လေးစီး တပ်ခဲ့သည်။ လေးထောင့် တွင် အတွန့်အချိုးကိုးချိုးပါသော ခိုနန်းချိုးထည့်သွင်း၍ ရင်ပြင်ပတ်လည်ကို စိန်တောင်တန်း များဖြင့် ကာရံထားသည်။

(၃) မဂ္ဂင်ရှစ်ပါးအား ရည်ရွယ်၍ ရှစ်မြှောင့်ပုံ ကုလားကျောင်းနှင့် စင်္ကြံပတ်လမ်း ကို အခြေခံ တည်ဆောက်ထားသည်။

(၄) ကုလားကျောင်း လေးမျက်နှာတွင် သက္ကဒါန်ဦး နှင့် မုခ်ထပ်များ ပါသော အဓိက အဝင်မုခ်ဦးကြီး လေးပေါက်လည်း ထားရှိသေးသည်။ အတွင်း တိုက်မကြီး နှင့် ဝင်ပေါက် များ အကြားတွင် လှည့်လည် ဖူးမြော်နိုင်သော စင်္ကြံပတ်လမ်း ပါရှိသည်။

(၅) ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးအား ဦးထိပ်ပန်ဆင်ခြင်း ကိုရည်ရွယ်၍ အတွင်း တိုက်မကြီး၏ ထိပ်ဝယ်ထောင့်ပန်း နှင့် စိန်တောင် ပန်းများဖြင့် အလှဆင်ထားသော၊ စမြင်သုံးဆင့် တို့ကို တင်ထားသည်။
(စမြင် သုံးဆင့်မှာ ရှစ်မြှောင့်ပုံရှိ၍ ထောင့်တွင် ခိုနန်း ငါးချိုးစီ ရှိကြသည်။)

(၆) စမြင်သုံးဆင့် ထိပ်တွင် စိန်တောင်ကြာကလာပ်ခံ၍ ဘုံငါးဆင့် ရှိသော ရှစ်မြှောင့်ချိုး ပြာသာဒ်တော်ကြီးတည်ရှိသည်။ ပြာသာဒ်တော်ကြီး ကျောရပ် ၏ အခြေတွင် ပဋ္ဌာန်း (၂၄)ပစ္စည်း ကို ပူဇော်သောအားဖြင့် ၊ အရံစေတီငယ် (၂၄)ဆူတို့ တည်ရှိကြ သည်။

(၇) ရှစ်မြှောင့်ချိုးဘုံငါးဆင့် ပြာသာဒ်တော်ကြီး၏ ဘုံဆင့် တိုင်းတွင် ထောင့်ပန်းများ စိန်တောင် ပန်းများဖြင့် မွမ်းမံခြယ်လှယ်ထားသည်။

(၈) ပြာသာဒ်တော်ကြီး၏ အထွတ်ထုပိကာအဖြစ် ရွဲတန်းခါးပတ်ပါ ကြာပင့်ကလာပ် ထက် တွင် ကြေးဝန်းသုံးဆင့်ခံ ပုဂံခေတ်ပုံ စေတီတော်ကို အထွတ် တင်ထားသည်။ စေတီတော်၏ ဖောင်းရစ် (၁၁)ရစ်အထက်တွင် ကြာမှောက်၊ ကြာလှန်၊ ကလပ်ခံ သလင်းညို စိန်ဖူးတော်ကြီးကို တင်လှူ ပူဇော်ထားသည်။

(၉) အတွင်း၌ မဂ္ဂင်ရှစ်ပါးကို ရည်ရွယ်၍ ကျွန်းတိုင်ကြီးရှစ်တိုင် ထောက်ထား သော ရွှေဇလားပုံသဏ္ဌာန် ရွှေမျက်နှာကျက်တော်ကြီး တည်ရှိသည်။ ရှစ်မြှောင့်ချိုးအဆင့် (၁၁)ဆင့်ရှိသော မျက်နှာကျက်တော် ဗဟိုတွင် ကြာဝန်းသုံးဆင့် ခံ၍ သဗ္ဗညုတ ဉာဏ်တော်၏ အထိမ်းအမှတ် မီးပန်းဆွဲ၊ ပန်းဆိုင်းကြီးကို တပ်ဆင် ထားသည်။

(၁၀) ဝင်ပေါက်ကြီး ရှစ်ပေါက်တို့တွင် အကျယ် (၇)ပေ၊ အမြင့် (၉)ပေရှိသော ခန့်ညား ထည်ဝါ သည့် ကျွန်းသားပန်းပုတံခါးကြီးများပါရှိသည်။

(၁၁) တံခါးချပ်တိုင်းတွင် ဒွါရပါလ နတ်မင်းကြီး (၁၆)ပါး ၏ ပုံများ၊ အလှူရှင်၏ ရဲရင့် တည်ကြည်၊ စွန့်စားသည့် သဒ္ဓါတရားကို ဂုဏ်ပြုသော အားဖြင့် ခြသေ့်လည်ပြန်ရုပ် များ၊ စကြာမင်း၏ ရတနာ(၇)ပါး တွင် အပါအဝင်ဖြစ်သော ဆင်ပျံ၊ မြင်းပျံ ရုပ်များကို ထုလုပ်ထားသည်။

(၁၂) အပြင်မှ မြင်ရသော လွမ်းစေတီ စံကျောင်းတော်ကြီး၏ မုခ်ပန်း၊ တိုင်ပန်း၊ လက်ရုံး ပန်း ၊ စိန်တောင်ပန်း၊ ထောင့်ပန်း၊ ဖောင်းပန်း၊ စေတီရံ၊ စေတီမကြီး စသည့် မျက်နှာ ပြင် အားလုံးကို စဥ့်ပန်းရောင်စုံ များအပြည့် ကပ်၍ ကနုတ်ပန်း များ အကြားတွင် ကိန္နရာရုပ်၊ မကာန်းရုပ်၊ ဗျာလရုပ်၊ ကရဝိတ်ရုပ်၊ ဘီလူးရုပ် စသည့်တို့ ကိုလည်း ထည့် သွင်း ထုလုပ်ထားသည်။

(၁၃) စံကျောင်းတော်တစ်ခုလုံးတွင် အလှဆင်ထားသော ဗိသုကာ ဆိုင်ရာ အမွှန်းပန်း များ အားလုံးကို ပုဂံခေတ် (၁၂ ရာစု) ကနုတ်ပန်း ဟန်များ ဖြစ်အောင် သုတေသန ပြု ဖော်ထုတ်ထားသည်။

(၁၄) အထွတ် စေတီတော်ကြီး၏ ဖောင်းရစ်များကို ပုဂံခေတ် ၊ ပါလခေတ်၊ ဂုတ္တခေတ် အစဥ် အလာ အတိုင်း ရွှေရောင်စတီးပြားများဖြင့် ပြုလုပ်ထား သည်။

(၁၅) အထွတ်ကို ရွှေကြာမှောက်၊ ကြာလှန် ကလာပ်ခံ၊ သလင်းညို ကြာဖူး သဏ္ဍာန် စိန်ဖူး တော် (အလုံး) ဖြင့် တင်လှူပူဇော်ထားသည်။

ဤအချက်ကြီး (၁၅)ချက်ကို အခြေခံ၍ " လွမ်းစေတီ စဥ့်ကျောင်း တော်ကြီး " ကို အတုမရှိသော လက်ရာများဖြစ်စေရန် ဗိသုကာပညာရှင်များ ၊ အင်ဂျင်နီယာ ပညာ ရှင်များ ၊ ပန်းပုပညာရှင်များ ၊ ပန်းချီပညာရှင်များ ၊ ပန်းတော့ ပညာရှင်များ၊ ပန်းတမော့ ပညာရှင်များ၊ ပန်းတည်းပညာရှင်များ၊ ပန်းတိမ်ပညာရှင် များ၊ စဥ့်ပညာရှင်များ၊ လက်သမားပညာရှင်များ၊ ဆေးဆိုးပန်းရိုက်ပညာရှင်များ ၊ ဆေးသုတ် ပညာရှင်များ တို့က ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော် အဖေါင်းကို ဦးထိပ် ပန်ဆင် အောက်မေ့တသလျက် စေတနာ ထား၍ စုပေါင်း ပြုလုပ် ပူဇော်ခဲ့ကြပါသည်။ အားလုံး ကို အထူးကျေးဇူးတင် ဝမ်းမြောက်စွာ သာဓု ခေါ်ဆိုပါသည်။

ဝင်းမောင် (တမ္ပဝတီ)၊မြန်မာမှု ဗိသုကာပညာရှင်၊

၉ - ၈ - ၂၀၀၅ (ည ၁၁း၄၅)နာရီ၊

ပုဂံနန်းတော် တည်ဆောက်ရေး မြန်မာမှုရုံး။

(၁၀၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

## ❋ ကျောင်းအပ်ပွဲ ရုပ်ထုတော်ဖွင့်ပွဲ အခမ်းအနား နှင့် ရေစက်ချ အလှူတော်မင်္ဂလာ

ကျေးရွာရှင် ကုံလုံဆရာတော်ဘုရားကြီး၏ လွှမ်းစေတီ စဥ့်စံကျောင်းတော်ကြီး ကျောင်းအပ်ပွဲ ရုပ်ထုတော်ဖွင့်ပွဲ အခမ်းအနားနှင့် ရေစက်ချ အလှူတော်မင်္ဂလာကို သာသနာတော်နှစ် - ၂၅၄၉ ခုနှစ်၊ ကောဇာ -၁၃၆၇ ခုနှစ်၊ တော်သလင်း လပြည့် (၁၅)ရက်၊ ခရစ် -၁၇-၉-၂၀၀၅ (စနေနေ့) ၊ နံနက် (၈:၀၀)နာရီတွင် စိန်ဖူးတော်ကို တင်လှူပူဇော်၍ နံနက် (၁၀:၃၀)နာရီတွင် ပင့်သံဃာ (၉၇)ပါးတို့အား ဆွမ်းခဲဖွယ်ကပ် လှူပြီး ဧည့်သည် ပရိသတ်တို့အား ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ပါသည်။နေ့လည် (၁:၀၀)နာရီတွင် ကုံလုံပရိယတ္တိ စာသင်တိုက်၌ ရေစက်ချ တရား ဟောကြား တော်မူ ခဲ့ပါသည်။

## ၉။ (ခ) လွှမ်းစေတီမှာ ပန်းတွေစီတဲ့ တစ်ရာပြည့်ချိန် စာပန်းအိမ်

❋ ကုံလုံ ထေရ်. ဘိဓေ၊ မရှိမှ . လွှမ်းပြီ။
သတိရ. လွှမ်းစေတီကို၊ လွှမ်းလေပြီ . တည်ထား။
ထွတ်စိန်ဖူး. စလင်းညီ၊ ခွန်းမိန့်ဆို . ကြို၍မှာကြား။

❋ စေတီ. ကျောင်း . တုမယှဥ်တယ်၊ တစ်ခုပင် . မှတ်သား။
လူ့အမြင် . မြတ်တစ်ပါးကွဲ၊ နတ်ရထား . စဥ့်ကျောင်းမဟာ။
ကမ္ဘာမှာ . (စံ) သာပြူ၊ မြန်မာမှု . ဗိသုကာပညာ။

❋ ကုံလုံဘုန်း . အကြိုက်သာ၊ လိုက်ပါကာ . စီမံပေးလို့။
မြန်မနေး . ပေါ်ထွန်းပြန်၊ မြော်ဖူးစေရန်။
ဦးဝင်းမောင့်. တစ်မျိုးကြံသည်၊ တန်ခိုးလှျံ . ဝင့်ကြွားရဲ့လေး။

❋ ရာပြည့်ပွဲ . လွှမ်းစေတီမှာ၊ ပန်းတွေစီ. ကန်တော့ပန်းဆင်ကြလေး။
နန်းရှေ့ . အရှင်ပဝရ၊ လွှမ်းငွေ့မရှင်ပျ၊ မှန်း၍ အစဥ်ပ. ရာတန်းချိန်မှာ၊
ဤစာပန်းအိမ် . တည်ဆောက်လှူရဲ့လေး။

အမှာ။ ။ တေးထပ်ရေးနည်း စည်းကမ်းအတိုင်း ဂရု လဟု ညီစေရန် ဦးဝင်းမောင် (တမ္ပဝတီ) ၏ အမည်မှာ အောက်မြစ်သံ အပိုဖြည့်စွက်၍ ရေးလိုက်သည်။

နန်းတော်ရှေ့အရှင် ပဝရ

( ၄ -၁၁ - ၂၀၀၈၊အင်္ဂါနေ့၊ နံနက် ၈:၃၀ နာရီ)

## (၈) စဥ့်စံကျောင်းဆောင် ဦးဝင်းမောင် နှင့် ကြိုတင်စီစဥ် ကံ့လုံအရှင်



❀ ကံ့လုံ - ကံ့လုံ ဟု . မြန်တိုင်းတုန်အောင်၊
စံနိူင်းမကုန်တဲ့. ဆရာတော်ကြီး ပါလား။
သက်သတ်လွတ် မီးလွတ်စာ၊
သစ်သီးသာ . စားသတဲ့။
မဂ်မြတ် အထွတ် . ကျင့်လမ်းဖြာ၊
ရဟန္တာလို့ ကျော်ထင်ရှား။
သက်တော်ကိုးဆယ့်ခြောက်မှာ. ပျံလွန် သွား၊
ယနေ့ဆို ရာပြည့်ချိန်ပါလား။

❀ အသက်တော် ထင်ရှားတုံးက၊ ဘဝက်ကျော်လို့ အမြင်ကြွား။
ပီတိဆက်ကာ ကောင်းလို့ကျော်၊ သီရိစကြာ ကျောင်းမို့ပျော်။
ရဟန်းရှင်လူ. ဖျားပန်းခတ်သလို၊ ဖူးမြော်မပြတ်. ရှိခိုးပူဇော်။
အလှူတော် အတန်တန် . ဇမ္ဗူပေါ်လျှံ၊ အပူဇော်ခံရတဲ့ တို့ဆရာတော်။

❀ မပျံလွန်မီက စဥ့်စံကျောင်းတော်၊ ပရိယာယ်သုံးလို့ . တို့ဘုန်း မှာခဲ့သော်။
အပြင်က ကြည့်လျှင် စေတီတော်၊
အတွင်းကကြည့်သော် စံကျောင်းတော်။
စလင်းညှို . အထွတ်တပ်လို့ ပူဇော်။
ဤသုံးချက် မပျက်စေနဲ့၊ အတိအကျပုံဖော်။
ကျန်တာတော့ မောင်ဝင်းမောင် ကြိုက်သလို ပူဇော်။

❀ စဥ့် စံကျောင်းတော် . ကောင်းလို့ကျော်၊
တစ်လောကမှာ သဘောကျလို့၊ ပြောကြပြီနော်။
မနောဟရမှာ အဟောဝတလို့ဘဲ၊ ကြွေးကြော်၊
ကံ့လုံဆရာတော်၏ အံ့ဖွယ် ဘုန်းတော်ပါဘုရား။

နန်းတော်ရှေ့အရှင် ပဝရ
( ၄-၁၁-၂၀၀၈၊အင်္ဂါနေ့၊ နံနက် ၈:၃၀ နာရီ)

## ၁၀။ မြတ်စွာဘုရားသာသနာတော်ကြီး မျိုးဆက် မပြတ်ရအောင်

ဘုရားလက်ထက်တော်မှစ၍ ယနေ့တိုင်အောင် သာသနာတော်ကြီး မပျောက် ပျက်ပဲ ဆက်လက်တည်တံ့နေသည်မှာ သာမဏေငယ်များ စဉ်ဆက်မပြတ်၊ အဆက်အဆက် ရှိနေကြသောကြောင့်ဟု နားလည်ထားကြ၏။ ဆရာဇော်ဂျီ၏ ကဗျာလာ အတိုင်း ဆိုရလျှင် - "ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး၊ **သားထူး သားမြတ် ဖြစ်အပ်ရာ သည်**" မဟုတ်ပါလော့။ ယနေ့ ထေရ်ကြီး , ဝါကြီး အမည်ခံ ဆရာတော်ကြီး များသည်လည်း တစ်ချိန်က သာမဏေငယ်များသာ ဖြစ်ခဲ့ကြရပါ၏။ မဆုတ်မနစ်သော ဇွဲ. လုံ့လ. ဝီရိယတို့ဖြင့် အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်လာကာ ယနေ့အောင်မြင် ကျော်ကြား သော ထေရ်ကြီး., ဝါကြီး., ဆရာတော်ကြီးအဖြစ် ဖြစ်လာကြရသည်။ **လွယ်လွယ်ဖြင့် ဖြစ်လာခဲ့ကြရ သည် မဟုတ်ပေ၊ ကြိုးစားနိုင် လွန်းလို့သာ ဖြစ်၏၊**

သာသနာတော်ကို စောင့်ရှောက်ကြကုန်သော မထေရ်ကြီးများကလည်း မျိုးဆက်မပြတ်အောင် ထိန်းကွပ်လျက် - သာမဏေငယ်များသို့ ပခုံးချင်းပြောင်း၊ လက် ဆင့်ကမ်းကာ သယ်ဆောင် လာခဲ့ကြခြင်းဖြစ်သည်။ ဤနည်းအားဖြင့် သာသနာတော် မပျောက်လျှင် ဘာသာလည်းမပျောက်နိုင်။ ဘာသာမပျောက်လျှင် ယဉ်ကျေးမှုလည်း မပျောက်နိုင်ပေ။ **ယဉ်ကျေးမှုမပျောက်မှသာ လူမျိုးလည်း မပျောက်မည်ဖြစ်သည်၊** ထို့ကြောင့် သာမဏေငယ်တို့သည် သာသနာ တော်ကြီး အတွက် မျိုးဆက်သစ်၊ မျိုးစေ့ တို့သာ ဖြစ်ကြပေကုန်၏။

ဗုဒ္ဓမြတ်စွာ တည်ထောင်တော်မူခဲ့သော. သာသနာ့အမွေကို ရှင်မဟာကဿပ အစရှိသော တပည့်ကြီးများက အမွေဆက်ခံ၏။ ယင်း၏ တပည့်သား အဆက်ဆက် ကလည်း သာသနာ့အမွေခံပစ္စည်းများ မပျောက်ပျက်ရ အောင် အသက်ပေး၍ ကာကွယ် ခဲ့ကြ၏။ ထို့အတူ ကုံလုံဆရာတော် ဘုရားကြီး ပြုစုပျိုး ထောင်ခဲ့သော ပရိယတ္တိအမွေအနှစ်ကို ကုံလုံတိုက် အုပ်ဆရာတော် ဘဒ္ဒန္တ ကောဝိဒ အမှူးပြုသော ဘဒ္ဒန္တသုမင်္ဂလ၊ ဘဒ္ဒန္တပညာလင်္ကာရ၊ ဘဒ္ဒန္တဝေပုလ္လ၊ ဘဒ္ဒန္တ သာသန၊ ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တယောသိတ နှင့် ဘဒ္ဒန္တပညာသိရီ အစရှိသည့် သားတပည့်ကြီး များ က ဆက်လက်၍ အမွေခံ ထိန်းသိမ်း စောင့်ရှောက် လျက် ရှိနေကြသည်။

# ၁၁။ (က)သတိပေးနှိုးဆော်ချက်

ဤကုံလုံကျောင်းတိုက်အတွင်း ရှိရှိသမျှ ပစ္စည်းများအားလုံးသည် နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းထားသော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများကို မတရား နည်းဖြင့် ရယူသုံးစွဲခဲ့လျှင်သော်လည်းကောင်း၊ အလဟဿသုံးဖြုန်း၍ ပျက်စီး အောင် ဖျက်စီးခဲ့လျှင် သော်လည်းကောင်း၊ ဆင်းရဲမြဲသည့် ငရဲကြီး. ငရဲငယ် အသွယ် သွယ်၌ ကျရောက်တတ်ပါသည်။ သဒ္ဒိသံပါကံဇနေဘိ = မျက်နှာကြီး - ငယ် မလိုက် သော ကံတရား၏ အကျိုးပေးပုံမှာ လူတိုင်း၏ မျက်နှာပင် ဖြစ်ပါသည်။

ထို့ကြောင့် နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းထားသော ပစ္စည်းများကို အသေး - အဖွဲ့မှစ၊ မပျက်စီးသင့်သည်များကို မပျက်စီးရလေအောင်. မကုန်သင့်သည်များကို မကုန်ရ လေအောင်၊ ကောင်းကောင်းမွန်မွန်. ရှိရှိသေသေ ထိန်းသိမ်း. ကိုင်တွယ် သုံးစွဲကြပါရန် မေတ္တာရပ်ခံပါသည်။

## (ခ) ဆင်ခြင်တုံတရားဖြင့် ကိုးကွယ် ဆည်းကပ်ကြရမည်

"အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ ကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကို လည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ မြတ်စွာဘုရားသည်အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် သော ဥပါ သကာတို့အဖြစ် မှတ်တော်မူပါ"ဟု လျှောက်ထားကြကုန်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကေသမုတ္တိသုတ်)

မိမိကိုယ်တိုင် သိသောအခါမှသာ အမှန်ယူဆရမည် ကိုးကွယ်ရမည်၊ ကျမ်းပြု ပုဂ္ဂိုလ် ကို ဗုဒ္ဓမတည်ူ ဘုရားအလိုတော်ကို သိသူဟု ချီးကျူးကြကုန်သည်။ မိမိ ကိုယ်တိုင် ကလည်း ကျမ်းပြုပုဂ္ဂိုလ်၏ အယူအဆကို မှီအောင်လေ့လာရမည်၊ ဆိုလို သည်မှာ - ဘုရားဟောကျမ်းဂန်များဘက်က ရပ်တည်ပြီး အဖြေရှာယူရမည်။ ကျမ်းဂန်ကို ပုတ်ခတ်ပြီး အဖြေမရှာကောင်းပေ။ ကျမ်းဂန်ကို ပုတ်ခတ်ပြီး အဖြေရှာ ခဲ့လျှင် ဗုဒ္ဓသာသနာတော်ကြီး ကွယ်ပသွားပေလိမ့်မည်၊ သာသနာတော် အဓွန့် ရှည်စွာ တည်တံ့ရေး အတွက် ကောင်းမြတ်သော စိတ်ထားဖြင့် စွမ်းအားရှိသမျှ

ကြိုးစား အားထုတ်ကြရမည်။ ထိုမှ တစ်ဆင့် ဗုဒ္ဓဘုရားရှင်၏ ငြိမ်းချမ်းရေးအစစ် ချမ်းသာစစ်ကို ပေးသော ဝိဘဇ္ဇဝါဒ ဒေသနာတော်ကို တစ်သဝေ မတိမ်း လိုက်နာကျင့်သုံးခြင်းဖြင့် ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်။ ဤကား စာရေးသူ၏ ရည်သန်တောင့်တချက် အမြဲတေ ရတနာပေတည်း။

၁၂။ (က) ကိုလုံကျောင်း အကွက်ချမြေပုံကြမ်း



## ကုံလုံ သာသနာ့နယ်မြေ လမ်းညွှန်



၁။ ကားဂိုဒေါင်
၂။ သာသနာ့ရဲသီ
၃။ ကုံလုံသာသနာ့ဗိမာန်တော်
၄။ အောင်သိဒ္ဓိဓမ္မာရုံ
၅။ ဆရာတော်ကြီး စကြံကျောင်း
၆။ ခဲဖွယ်ဆောင်
၇။ ကုံလုံဆရာတော်ကြီးကျောင်း
၈။ ရန်ကုန်စံကျောင်းတော်
၉။ ဓာတ်တော်ကျောင်းဆောင်
၁၀။ ထောက်လှမ်းရေးရိပ်သာ
၁၁။ သာသနာ့ဝိပုလကာရီ ဗဒ္ဓသိမ်တော်
၁၂။ ဓမ္မစကြာပြခန်း
၁၃။ အေးမြစေတီ
၁၄။ ကုံလုံဆရာတော်ဘုရားကျောင်းဆောင်
၁၅။ စတိုခန်း
၁၆။ ဦးကောဝိဒကျောင်းဆောင်
၁၇။ ကမ္ဘောဇဆောင်
၁၈။ ကုံ့ကော်ဆောင်
၁၉။ ကုံ့ကော်ပင်
၂၀။ ဒေါ်ကေသီ လှူဒါန်းကျောင်းဆောင်
၂၁။ ဆရာလေး ဒေါ်ကေသီ ကျောင်းဆောင်
၂၂။ ညောင်ပင်ကျောင်းဆောင်
၂၃။ ဆုတောင်းပြည့် အာရုံခံတန်ဆောင်း
၂၄။ ရွှေပွင့်လင်း ဆုတောင်းပြည့် ဘုရားဘုရား
၂၅။ သံဃာဆောင်
၂၆။ ဦးပညာနန္ဒဆောင်
၂၇။ ရတနာ ဝင်းဝင်း နို့ဆီ လှူဒါန်းဆောင်
၂၈။ ထမင်းစားဆောင်
၂၉။ စားဖိုဆောင်
၃၀။ ထမင်းစားဆောင်
၃၁။ စားဖိုဆောင်
၃၂။ ဆရာတော် ရှာပန စံကျောင်းတော်




၁။ ကံ့လုံဆရာတော်ကြီး၏ ဩဝါဒအရ -ပင်းတယမြို့၊ အလယ်ဂူ နေ. လကျောင်း ဆရာတော်သည် ရှမ်းပြည်နယ်၏ ကျက်သရေဆောင် ရွှေဥမင် ပင်းတယ လိုဏ်ဂူ ကြီး နှင့် တောင်ဆုံး ဂူ တောင်ဘက် တောင်ခုလတ် ကျောက်သားနံရံတွင် သိန်းပေါင်း များစွာ ကုန်ကျသည့် ဒက္ခိဏာသာခါ ဘုရားငါးဆူ ကိုယ်စားပုံနှင့် ကျောင်းတော်ကြီး ကိုလည်း တည် ဆောက်အောင်မြင်ခဲ့ပါသည်။

၂။ မိုးကုတ်မြို့ တောင်မင်းတောင်ပေါ်ရှိ ရန်မျိုးအောင် စေတီတော်ကိုလည်း အောင်မြင်စွာ တည်ထားကိုးကွယ်ခဲ့ပါသည်။

၃။ နိုင်ငံတော် အစိုးရထံသို့ မေတ္တာရပ်ခံ၍၊ ရပ်စောက်မြို့နယ်၊ မိုးမခတောင်ကို ဘေးမဲ့တော အဖြစ်လည်း သတ်မှတ်နိုင်ခဲ့ပါသတည်း။

# နှလုံးသည်းပွတ်ထဲမှ ကျေးဇူးတင်လွှာ ထမ္ပည်းစာ

ဤ "အံ့ဖွယ်ကိုးဂုဏ်၊ ထေရ်ကုံလုံ" (ဒုတိယတွဲ)သာသနာဝင် သမိုင်း မှတ်တမ်း စာအုပ်ကို -

၁။ စိစဉ်ပူဇော် ထုတ်ဝေဖြစ်အောင် နှိုးဆော်တိုက်တွန်း အကြံပြုပေးသော ကုံလုံကျောင်း နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ကုံလုံ ပရိယတ္တိ စာသင်တိုက်၊ ဂဠုန်တောင်၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်း။

၂။ စာအုပ်စီစဉ်နေဆဲ ၊ စာအုပ်အမည် ရွေးချယ်ပေးခြင်း၊ လိုအပ် ရာရာကို အကြံပြုကာ အမှာစာနှင့် ဆောင်းပါးများ ရေးသားပေးသော အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ တိပိဋက ပါဠိ- မြန်မာ အဘိဓာန် ကျမ်းပြု၊ သကျသီဟ နှင့် အစိုးရဓမ္မာစရိယ ပါဠိပါရဂူ၊ မဟာနာယက - မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မင်္ဂလာဗိမာန် ကျောင်း ဆရာ တော်ကြီး ဘဒ္ဒန္တပညာသိရီဘိဝံသ၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

၃။ စ. လယ် - ဆုံး စနစ်တကျ စိတ်ပါဝင်စားစွာ သုတ်သင် တည်းဖြတ် ပေးသော- တကောင်းဆရာတော် ဘဒ္ဒန္တ ပဝရ ၊ ပဋ္ဌာနာရာမ တကောင်းကျောင်းတိုက်၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ မန္တလေးတိုင်း၊ အထက်မြန်မာပြည်။

၄။ ကျေးဇူးရှင်မိဘများဖြစ်ကြသည့် ဦးထွန်းအောင်(မျက်ခမ်းစပ် ဆေးဂါကု လက်ထောက်) + ဒေါ်တင်တင်အေး (ခ) ဒေါ်စန်းစန်းမြင့်ဌေး (ငြိမ်း၊ ရန်ကုန် တက္ကသိုလ်စာကြည့်တိုက်) နှင့် တကွ သင်ဆရာ. မြင်ဆရာ. ကြားဆရာ. အာရုံ ပေး ဆရာ၊ အစဉ် စောင့်ရှောက် လျှက်ရှိနေကြသော ဆရာသမား အပေါင်း တို့အား လည်းကောင်း ဦးထိပ် မှာ ပန်ဆင်လျှက်၊ စာအုပ် အောင်မြင် စွာ ထွက်ပေါ်လာ စေရေး အတွက် စေတနာ . သဒ္ဓါ . မေတ္တာ တို့ဖြင့် ပိုင်းဝန်းကူညီ ခွင့်ပြုပေးခဲ့ကြသော - စာရေး

(၁၁၄)ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

သူ၏ အစ်ကို ဦးအောင်ကြီး (B.Ag)၊ ညီ - ဦးမြင့်အောင် (B.E, Mech M.O.T 1st Class Part (A) 2nd Engineer, R.C.L Singapore)(လှိုင်သာယာမြို့နယ် - ကစင်သာသနာ၊ ပုသိမ်မြို့နယ် - ကမ်းနီ သာသနာ ၊ ညောင်တုန်းမြို့နယ် ဥတိုသာသနာ၊ ငပုတောမြို့နယ် ၊ ဟိုင်းကြီး ကျွန်း မြို့နယ်ခွဲ - မြတ်မော် တင်စွန်း ဆံတော်ရှင်သာသနာ၊ ပဲခူးတိုင်း ဘုရား ကြီး ကျေးရွာ အနီး - သော နတ်ကြီးသာသနာ ၊ ပဲခူးတိုင်း ပြည်ခရိုင် ကြယ်ခ တောင် သာသနာ စသည့် သာသနာ့နယ်မြေများ အကျိုးဆောင် ဖော်ထုတ် ခဲ့သူ ) ၊ ညီမများ ဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (B.A (Hons,) , M.A (Thesis) English (U.S A) + ဒေါ်အောင်မြင့်နွယ် (B.Sc, Chem) နှင့် ဒေါ်တင်စန်းအောင် (B.Sc, Bot) တို့ အသီးသီး အား လည်းကောင်း၊

၅။ လက်ရေးစာမူကြမ်းကို စနစ်တကျ သေသပ်လှပစွာ ကွန်ပျူတာ စာစီပေးသော စည်သူအောင်(စည်သူ - ကွန်ပျူတာ )မန္တလေးမြို့အား လည်းကောင်း၊

၆။ စာအုပ်ကို ဓမ္မဒါန. ဓမ္မပူဇာ. ဓမ္မရတနာအဖြစ် မ. တည်ငွေ ထည့်ဝင်၍ လှူဒါန်းဖြန့်ဝေပေးကြသော ပုဂ္ဂိုလ်များနှင့် တကွ စိတ်ဝင်တစား လေ့လာ ဖတ်ရှု အားပေးကြကုန်သော သူတော်စင် ဓမ္မမိတ်ဆွေ စာဖတ် ပရိသတ် အပေါင်း တို့အား လည်းကောင်း၊အခြားကျေးဇူးတင်ထိုက်သူ အားလုံးတို့ အား လည်းကောင်း အထူး ကျေးဇူး တင်ရှိပါကြောင်း နှလုံးသည်းပွတ်ထဲ မှ လေးလေး နက်နက် ဖွင့်ဟ မြွက် ဆို ရေးသားတင်ပြ ကမ္ပည်းမှတ်တမ်းတင်အပ် ပါ၏။

စာရေးသူသည် စိတ်ကောင်း. စေတနာကောင်းဖြင့် -

❀ သုံးပုံပိဋကတ် ၊ ပုဒ် ပါဠိ အက္ခရာ၊ သဒ္ဒါ အဋ္ဌာ၊ ဝါကျသွားလာ ၊ပုဗ္ဗာပရ၊ ဒေါသမရှိ၊ ကင်းလွတ်ဘိအောင် ၊ နှိုင်းညှိသေချာ၊ စိစစ်ပါ၍ ၊ ကျမ်းဂန်များအရ၊ ရေးသားချက်များ၊ နစ်သက်ငြားက ၊မှတ်သားကြလျက် ၊ မနှစ်သက်မူ၊ မယူစွန့်ကာ ၊ မေတ္တာ. ကရုဏာ ၊ နှစ်ဖြာရှေ့ထား၊ အမှားပါလျှင် ၊ သမ္မာဉာဏ် သက်ဝင်၍၊ ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် နှင့် ဤ 'အံ့မှုယ်ကိုးခုဏ်၊ ဆေရ်ကုံလုံ' သာသနာဝင် မြတ်ကျမ်းစာတွင် ချို့ယွင်း အား နည်း ချက် တစ်စုံ တစ်ရာကို တွေ့ရှိရပါက ကုံလုံ ဆရာတော် ဘုရားကြီး နှင့် လုံးဝမ သက် ဆိုင် ဘဲ၊ စုဆောင်းစီစဉ် ပူဇော်သူ၏ တာဝန်သာ လုံးဝဖြစ်ပါကြောင်း ၊ မေတ္တာ.စေတနာ. သဒ္ဓါဖြင့် လမ်းညွှန်ပြသ နိုင်ပါစေကြောင်းအနူးအညွတ် မေတ္တာ ရပ်ခံ တောင်းပန်အပ်ပါသတည်း။

တာဝန်ခံ စုဆောင်း စီစဉ်ပူဇော်သူ -

# မှီငြမ်းထိုးထားသော စာအုပ်စာတမ်းများ

၁။ **လောကုတ္တရာတော်ရှင် ကုလုံဆရာတော်ဘုရားကြီး၏ ဩဝါဒကထာများ**

ဒေါက်တာ အရှင်ဓမ္မရက္ခိတ၊ M.A(Psy), M.D, M.A, D.Sc(H.c)၊

ခရစ်နှစ် ၁၉၉၆ - ခု၊ ဇူလိုင်လ၊

၂။ **နှစ်တစ်ရာပြတ္တဒိန်**

ဦးမင်းနိုင်၊ စိန်သန်းအောင် ပုံနှိပ်တိုက်၊ အမှတ် (၈၆)၊ မြောင်းကြီးလမ်း၊ ပုဇွန်တောင်၊

ရန်ကုန်၊ ခရစ်နှစ် ၂၀၀၂ - ခု၊ ဩဂုတ်လ၊

ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀၊

၃။ **ပြည်ထောင်စုမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် နိုင်ငံတော်ဝတိုင် သံဃာ့ ဝန်ဆောင် အဖွဲ့ တတိယ အစည်းအဝေး၌ ချီးမြှင့်တော်မူကြသော နိုင်ငံ တော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများ**

သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ၊ခရစ်နှစ် ၁၉၉၇ - ခု၊ မတ်လ၊

၄။ **မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း**

မြန်မာစာအဖွဲ့ဦးစီးဌာန၊ ဥက္ကာကျော် ပုံနှိပ် တိုက်၊ ၅၆(က)အင်းလျားလမ်း၊ ရန်ကုန်၊

ခရစ်နှစ် - ၁၉၉၉ - ခု၊ ဇန်နဝါရီ လ၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀,၀၀၀၊

၅။ **သက်တော်ရှည် ကုလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ် ၏ ထေရုပ္ပတ္တိ ဩဝါဒ ကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း**

ဦးအောင်မြင့်ထွန်း (B.Ag)၊ ကြေးမုံအော့(ဖ်)ဆက်၊ အမှတ် - ၆၈(ခ)၊ ၇၈ - လမ်းနှင့်

၃၄ - လမ်းထောင့်၊ မန္တလေးမြို့ ခရစ်နှစ် ၂၀၀၀ - ပြည့်၊ နိုဝင်ဘာလ၊ အုပ်ရေ - ၁၁၀၀၊

၆။ **သက်တော်ရှည် ကုလုံဆရာတော်**

တကောင်းဆရာတော် နန်းတော်ရှေ့ ဘဒ္ဒန္တ ပဝရ ၊ ရတနာလင်း အော့ဖ်ဆက်၊

၃၄ × ၈၆လမ်း ၊ မန္တလေးမြို့ ခရစ်နှစ် - ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ - ၃၀၀၀၊

၇။ **ကုလုံဆရာတော်ဘုရားကြီး ၏ ရာပြည့်အကြို တစ်ဘဝ သာသနာ**

ဦးအောင်မြင့်ထွန်း (B.Ag) ၊ သောင်းထွန်းဇော် ပုံနှိပ်တိုက် ၊ အကွက် (၆၆၅)

ထီးတန်းရပ်၊ ဟေမမာလာ တောင် ၊ မဟာအောင်မြေ မန္တလေးမြို့

(၁၁၆) ဦးအောင်မြင့်ထွန်း (B.Ag) နှင့် ဦးမြင့်အောင် (B.E, Mech)

ခရစ်နှစ် - ၂၀၀၅ ခုနှစ်၊ မေလ၊ အုပ်ရေ - ၃၀၀၀။

၈။ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဝင်းတယမြို့ တုံလုံဝရိယတွံ့စာသင်တိုက် ဆရာတော်ဘုရားကြီး နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်၏ သာစုကိဋ္ဌန အန္တိမရာပန အသင်းအနားမှတ်တမ်း။**

သိပ္ပံ ပုံနှိပ်လုပ်ငန်း၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၊ အုပ်ရေ - ၃၀၀၀။

# ထွက်ခဲ့သမျှ ဓမ္မပူဇာ ဓမ္မရတနာ

၁။ စားတတ်လျှင် မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ်) တဏှာ (တတိယအကြိမ်)။

၂။ သာမညတောင်ဆရာတော်ဘုရားကြီး ၏ ညွှန်ကြားချက်အရ ပြုစုသော "သက်လွတ်မေတ္တာ အဆိုအမိန့်များ" (တတိယအကြိမ်)။

၃။ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ ၏ "ဥပုသ်သီလ တရားတော်များ"။ (ဒုတိယအကြိမ်)။

၄။ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒ စုဆောင်း ရှာဖွေတင်ပြသော "စတုရာရက္ခ ရှုဖွယ်ကျမ်း"။

၅။ မဟာ ပရိတ္တာရုံ စလေကျောင်းတိုက်၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကောသလ္လ မဟာထေရ်၏ ထေရုပ္ပတ္တိ ဩဝါဒကထာနှင့် သာသနာပြု သမိုင်းမှတ်တမ်း ။

၆။ "အမြင်မှန် သစ္စာဉာဏ် အမြန်ရောက်ဖို့၊ အခုလက်တွေ့စကြစို့" (ပဉ္စမအကြိမ်)

၇။ ဂဠုန်တောင် ကုံလုံကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာ နှင့် သာသနာပြု သမိုင်း မှတ်တမ်း (ပထမအကြိမ်)။

၈။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီဘိဝံသ မဟာထေရ်၏ ထေရုပ္ပတ္တိ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်း မှတ်တမ်း (ပထမအကြိမ်) ။

၉။ "ကံ့လုံဆရာတော်ဘုရားကြီး၏ ရာပြည့်အကြို တစ်ဘဝသာသနာ" (ပထမအကြိမ်) ။

၁၀။ သက်တော်ရှည် ကံ့လုံဆရာတော် ။

၁၁။ ကမ်းနီ ဘေးမဲ့သားလွတ် သက်ကင်းသာသနာ့နယ်မြေ ပြန်လည် ဖော်ထုတ် အောင်မြင်ခြင်း မှတ်တမ်း။

၁၂။ ရန်ကုန်တိုင်း ၊ အနောက်ပိုင်းခရိုင် ၊ လှိုင်သာယာမြို့နယ် ၊ ကစင်ကျေးရွာ၊ ကစင်ကျောင်းတိုက် ဦးစီးပဓာန နာယက တတိယကစင်ဆရာတော်ကြီး ဘဒ္ဒန္တ သုမနမဟာထေရ်၏ ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း။

၁၃။ ပဲခူးတိုင်း ၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ သဖန်းပင် ကျေးရွာအုပ်စု ၊ ဆီးဖြူပင် ကျေးရွာ၊ ဆီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပထမဆီးဖြူပင်ဆရာတော်ကြီး ဘဒ္ဒန္တ သုရိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြု သမိုင်း မှတ်တမ်း။

၁၄။ မဟာမုနိ ဣန္ဒာသယ ဆုတောင်းပြည့် ပန်းပေါင်းဘုရား။

၁၅။ ဣန္ဒိတံ မဟာလာဘံမုနိ ရုပ်ရှင်တော်မြတ်။

၁၆။ တုနိုင်းမဲ့ ဗုဒ္ဓခြေတော်ရာ။

၁၇။ စဉ်လာဆင်နွဲ ကဆုန်ညောင်ရေသွန်းပွဲ။

၁၈။ မန္တလေးတိုင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၊ ကျွန်းလုံးဦးသျှောင် ရပ်ကွက်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၏ မဟာနာယက၊ နယားကျောင်း တိုက် ဦးစီးပဓာန နာယက ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ၊ နိုင်ငံတော်ဩဝါဒါစရိယ နယားဆရာတော်ဘုရားကြီး ဘဒ္ဒန္တ မေဓိယာဘိဝံသ မဟာထေရ်မြတ်၏ တစ်ဘဝသာသနာ မြတ်ကျမ်းစာ။

၁၉။ အံ့ဖွယ် ကိုးဂုဏ် ထေရ်ကံ့လုံ (ပထမတွဲ)။

၂၀။ အံ့ဖွယ် ကိုးဂုဏ် ထေရ်ကံ့လုံ (ဒုတိယတွဲ)။

၂၁။ မေတ္တာနှောင်ကြိုးသွယ်
(ရေးသူ - မြတ်သက်ထား (ခ) ကြီးကြီးသက်၊ မန္တလေးမြို့)။

❁ ဦးအောင်မြင့်ထွန်း ( B.Ag ) တာဝန်ခံစီစဉ်ပူဇော်သည်။

# ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၂၂။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ၊ မဟာသိရီမင်္ဂလာ အုတ်ဖိုကျောင်းတိုက် ဦးစီးပဓာနနာယက အထုပ်တစ်ရာ ဆရာတော်ကြီး ထေရုပ္ပတ္တိ ၊ ဩဝါဒကထာနှင့် သာသနာပြုသမိုင်းမှတ်တမ်း။

မှတ်ချက် ။ ။ ဆရာမကြီး ဒေါ်ငွေးငွေး (ခ) ဒေါ်တင်မြငွေး (တွဲဖက် ပါမောက္ခ၊ ဝါဏိဇ္ဇဗေဒဌာန၊ အခန်းအမှတ် ၂၀၅၊ စီးပွားရေးတက္ကသိုလ် ၊ ရွာသာကြီး ၊ သရဖီဆောင် , အဆောင်မှူး ၊ ရန်ကုန်မြို့)က စုစည်းတင်ပြ ထုတ်ဝေ လှူဒါန်း၏။

❁ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ) က စုဆောင်း စီစဉ်ပူဇော်သည်။

၂၃။ ကျော်ကြားထင်ရှား နိုးဘုရားများနှင့် ဧရာဝတီတိုင်းအတွင်း ဖော်ထုတ်ခဲ့ သော သာသနာ့ နယ်မြေများ။

❁ ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)က တာဝန်ခံ စုစည်းတင်ပြ ရေးသား စီစဉ်ပူဇော်သည်။

# ထုတ်ဝေပြီး ဓမ္မတေးသီချင်း ကက်ဆက်ခွေနှင့် ဗီဒီယိုတိတ်ခွေ

၁။ "စားတတ်လျှင်မေတ္တာ၊ မစားတတ်လျှင် ဝေဒနာ (သို့မဟုတ် )တဏှာ"

ပူဇော်သူ - ဦးအောင်မြင့်ထွန်း ( B.Ag ) နှင့် ဦးမြင့်အောင် (B.E Mech)

| | | |
|---|---|---|
| လက်တန်းသီကုံးပူဇော်သူ | - | ဒေါ်ဇာနည်အောင် |
| ဓမ္မတေးပန်းချီ ခြယ်မှုန်းပူဇော်သူ | - | ဂီတစာဆို မောင်ကြေးမုံ |
| ဒါရိုက်တာ | - | တက္ကသိုလ် ဟန်မြတ်မော် |

၂။ "လောကချမ်းသာ အဘယလာဘမုနိ ဓမ္မပူဇာ တေးစီးရီး"

ကက်ဆက်ခွေ၊ စီဒီ၊ သီချင်းစာအုပ် ထုတ်ဝေပြီး ဖြစ်ပါသည်။

စီစဉ်ပူဇော်သူ - ဦးမြင့်အောင် (B.E Mech;2nd Engr.RCL MOT 2nd Class Part A)

| | | |
|---|---|---|
| လက်တန်းသီကုံးပူဇော်သူ | - | ဒေါ်ဇာနည်အောင် |
| ဓမ္မပူဇာတေး ဂီတမှူး | - | ရွှေတံဆိပ်ငါးဆုရှင် မိုးဇော်ဗိုလ်အဖွဲ့နှင့် မြန်မာပြည် ကျောက်စိမ်းအဖွဲ့ |
| အသံဖမ်း | - | Moss ကိုရဲ |



## စီစဉ်ပူဇော်သူ၏

## အတ္ထုပ္ပတ္တိအကျဉ်း

ရန်ကုန်မြို့၌ အဖ ဦးထွန်းအောင် (ပျက်ခမ်းစပ်ရောဂါကုလက်ထောက်) + အမိ ဒေါ်တင်တင်အေး(ခ) ဒေါ်စန်းစန်းမြင့်ဌေး (ငြိမ်း၊ ရန်ကုန် တက္ကသိုလ် စာကြည့် တိုက်) တို့မှ ၁၉၆၄ ခုနှစ်၊ မေလ (၅)ရက် ၊ တနင်္ဂနွေနေ့ တွင် မွေးဖွားသည်။

မွေးချင်း ငါးဦးအနက် ဒုတိယမြောက် သားရတနာ တစ်ဦးဖြစ်သည်။ ညီအစ်ကို မောင်နှမများမှာ - အစ်ကို ဦးအောင်ကြီး (B.Ag)၊ ညီ - ဦးမြင့်အောင် (B.E, Mech M.O.T 1st Class Part (A) 2nd Engineer, R.C.L Singapore) (လှိုင်သာယာ မြို့နယ် - ကစင်သာသနာ၊ ပုသိမ်မြို့နယ် - ကမ်းနီသာသနာ ၊ ညောင်တုန်းမြို့နယ် - ဥတ္တိုသာသနာ၊ ငပုတောမြို့နယ် - မြတ်မော်တင်စွန်း ဆံတော်ရှင်သာသနာ၊ ပဲခူးတိုင်း ဘုရားကြီး ကျေးရွာအနီး - ဘောနတ်ကြီးသာသနာ၊ ပဲခူးတိုင်း . ပြည်ခရိုင် - ကြယ်ခတောင် သာသနာ စသည့် သာသနာ့နယ်မြေများ အကျိုးဆောင်ဖော်ထုတ် ခဲ့သူ ) ၊ ညီမများ ဖြစ်ကြသော - ဦးဝင်းမြင့်နိုင် (B.A (Hons,), M.A (Thesis) English (U.S A) + ဒေါ်အောင်မြင့်နွယ် (B.Sc, Chem) နှင့် ဒေါ်တင်စန်းအောင် (B.Sc, Bot) တို့ အသီးသီးဖြစ်ကြသည်။

ငယ်စဉ်က မန္တလေးမြို့ အမှတ် (၁၆) အစိုးရအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး၊ ၁၉၈၁ ခုနှစ်တွင် အခြေခံပညာ အဆင့်မြင့်တန်းကို လည်း ကောင်း၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တွင် မန္တလေး တက္ကသိုလ် (ရတနာဘုမ္မိ နယ်မြေ) ၌ သိပ္ပံဇီဝ ဘာသာတွဲဖြင့် ဒေသကော လိပ်ကို လည်းကောင်း အောင်မြင်ခဲ့ ပါ သည်။ ၁၉၈၄ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၌ ဆက်လက် ပညာ သင်ကြားခဲ့ရာ ၁၉၈၇ ခုနှစ်တွင် သင်ယူရသည့် ဘာသာ ကိုးဘာသာ ရှိသည့်အနက် ရှစ်ဘာသာ ဂုဏ်ထူးဖြင့် ပထမအဆင့် ထူးချွန်စွာ အထူးအောင်မြင်ရရှိခဲ့ပေသည်။

ဘွဲ့ရပြီး၊ ရန်ကုန်မြို့ မြန်မာ - ဂျာမန် သီးနှံ ပိုးမွှားရောဂါ ကာကွယ်ရေး စီမံကိန်း တမာသုတေသန ဌာန၌ သုတေသနလက်ထောက်အဖြစ် ၁၉၈၈ ခု၊ နှစ်ကုန်ပိုင်းထိလည်းကောင်း၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း၊ ကန်တော်ကလေး ပန်းဥယျာဉ်၏ ဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများတွင် စခန်းတာဝန်ခံအဖြစ် ၁၉၉၁ ခုနှစ်ထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ပြည်ပနိုင်ငံများသို့ သွားရောက်၍ သာသနာ့အကျိုးဆောင်ရွက်ရင်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။ မြန်မာပြည်သို့ပြန်ရောက်သော် Green Group Co-op Ltd တွင် အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် ယနေ့အထိ တာဝန်ယူထားဆဲ ဖြစ်ပါသည်။ အမည်ရင်းမှာ ဦးအောင်မြင့်ထွန်းပင် ဖြစ်သည်။ မိဘနှစ်ပါးမှာ အမြဲတမ်း သားသတ်လွတ် ဘေးမဲ့စားသူဖြစ်၍ ပဋိသန္ဓေ ဘဝကတည်းကပင် သားသတ်လွတ် သန္ဓေဖြစ်နေပေသည်၊ မည်သို့ပင်ဖြစ်စေကာမူ မွေးစကပင် ယခုထိ သားသတ်လွတ် စာဖြင့်သာ တင်းတိမ်ရောင့်ရဲသူ ဖြစ်သည်။

ဤစာအုပ်သည် စာရေးသူ၏ စစ်မှန်သော စေတနာ၊ မေတ္တာ၊ သဒ္ဓါတို့ဖြင့် ပြုစုရေးသားထားခြင်း ဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓ သာသနာ့ အကျိုးပြု စာပေများကိုသာ ပြုစုရေးသားလေ့ ရှိသည်။ ယခုအမှတ် (၁၀၀)၊ အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ စာပို့သင်္ကေတ (၁၁၂၀၁) ၀၉ - ၈၅၅ -၀၈၁၉ တွင် နေထိုင်လျက်ရှိပါသည်။

## စိစဉ်ပူဇော်သူ၏ အဓိဋ္ဌာန်သစ္စာ

ကျွန်ုပ်တို့ မိသားစုသည် ကုန်းနေ သတ္တဝါတို့၏ အသား၊ ရေနေ သတ္တဝါတို့၏ အသား၊ ကောင်းကင် နေ သတ္တဝါတို့၏ အသား၊တွင်းအောင်းနေ သတ္တဝါတို့၏ အသားများကို မစားသုံးပါ။ ဤသစ္စာစကား မှန်ကန်ပါက ဖြစ်လေရာဘဝ တိုင်း၌ မြေကြီးအထုနှင့် တူသော၊ သမုဒ္ဒရာ ရေလှိုင်းနှင့် တူသော၊အဆုံးမရှိ ကောင်းကင်ပြင်ကြီးနှင့် တူသော များပြားလှသည့် ဘုန်းသမ္ဘာ . ကံ . ဉာဏ်ပညာ . ဝီရိယ တို့နှင့် ပြည့်စုံ၍ မဂ်ဉာဏ် . ဖိုလ်ဉာဏ် . နိဗ္ဗာန်ကို လျင်မြန်စွာ ရရပါလို၏။



မြင်းကျော်တောင်
ရှေးဟောင်း
ခဏ္ဍာသိမ်တော်



သာသနာ့
ဝိပုလကာရီ
ဗဒ္ဓသိမ်တော်



ပြင်သာစေတီတော် နှင့် ခဏ္ဍာသိမ်တော်



အောင်သိဒ္ဓိမင်္ဂလာ သုဝဏ္ဏသိမ ခဏ္ဍာသိမ်တော် နှင့်
ကျောက်စာတိုက်



မဟာပုညသိရီမင်္ဂလာ
သိမ်တော်



ဘဒ္ဒတောင်(အောက်)၊ ခဏ္ဍာသိမ်တော်



# ကုံရှုံ့ဆရာတော်ကြီး ၏ သာသနာပြုမှတ်တမ်း



ရွှေကုန်းသာယာရှိ သာသနာ့ရံသီ သိမ်တော် နှင့်
ကျောက်စာတိုက်



▲ ၉ - ၁၀ - ၂၀၀၃ (ကြာသပတေးနေ့) မှတ်တမ်းတင်သည်။
ဆယ်သိန်းဖက်မှလက်မှ မှ လှူဒါန်းသော ဓာတ်တော်ကျောင်းဆောင် နှင့်
နန်းတော်ရှေ့ ဘဒ္ဒ ပဝရ(ရာပြည့်အကြိုတစ်ဘဝသာသနာ တည်မြဲတ်သူ)



ဇေယျသိဒ္ဓိ မေဒိနီသိမ်တော်
ရွှေဘော်နှင်း ဘုရားတိုက်



ကုံလုံဆရာတော်ကြီး
တရားအားထုတ်
ဓမ္မရတနာ အောင်ဂူ နှင့်

တောထွက်၍
တော်မူခဲ့ရာ
စေတီတော်



းကျွန်းစကြာ
ဘုနာရွှေဖောင်တော်စုံ
တ်အောင်မြင် စေတီတော်



သ်တော်ငြိမ်းချမ်းအေးသိမ်

ာတ်ပုံများ



ကုံလုံသာသနာ့ ဗိမာန်တော်ကြီး



# အံ့ဖွယ်ကိုးဂုဏ်ထေရ်ကုံလုံ

(ဒုတိယတွဲ)



ဓမ္မဒါန

ကောဇာ – ၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၉–ရက်၊ (ခရစ် ၃၀–၁–၂၀၀၄) ၊ သောကြာနေ့၊ နံနက် ၀၀း၁၅ နာရီအချိန် ၊ သက်တော် (၉၆) နှစ်၊ သိက္ခာတော် (၇၆) ပါ အရတွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့တော်မူသည်။